# အင်မော်တယ်ဖေဖေ

# စာစဉ်(၈)

## အပိုင်း(၉၉)

အခြားတစ်ဖက်တွင် မုန့်မုန့်သည် သူမလေး၏လက်ကလေးကိုမြှောက်ကာ ပြောလိုက်သည်။ "မုန့်မုန့်လည်း ဟော့ပေါ့ကြိုက်တယ်။ ခေါက်ဆွဲစားရတာလည်း ကြိုက်တယ်"

"မုန့်မုန့်ကလည်း ခေါက်ဆွဲကြိုက်တာလား?" ကျန်းဟန်၏တုံ့ပြန်မှုမှာ စောစောကထက် ပို၍ အားသန်လာသည်။ သူသည် မုန့်မုန့်အားကြည့်ကာ မဆိုင်းမတွပင် ပြောလိုက်သည်။ "ကောင်းပြီ ဒါဆို ငါတို့ နေ့လည်စာကို ခေါက်ဆွဲစားကြမယ်"

ထိုစကားများက ဇီယန်ကို အနည်းငယ် မနာလိုဖြစ်သွားစေခဲ့သည်ကို သူ နည်းနည်းလေးမှ မသိခဲ့ချေ။

ဘာလို့ သူအဲ့လိုနေနိုင်ရတာလဲ? ဘာလို့ ငါ့ကိုကျလုံးဝမမေးတာလဲ? အိမ်ရှင်မကို လစ်လျူရှုတာလား?

ဇီယန်၏စိတ်အခြေအနေမှာ ချက်ချင်းပင် အောက်ခြေထိ ကျဆင်းသွားသည်။ မနာလိုဖြစ်နေရသလို သူမ အနည်းငယ် မပျော်မရွှင်လည်းဖြစ်နေသည်။

ဒီအကောင်ကတော့ ငါ့ကို အဲ့လိုလေး မေးဖို့တောင် သတိမရဘူးလား? ဝတ္တရားအရ တုံ့ပြန်မှုလေးတောင် မလုပ်ဘူးလား?

ဟွန့် နောင်ကျရင် သူ့ကို လစ်လျူရှုထားမယ်! သူက ငါ့ကို ဒီလိုမျိုး လာစမ်းချင်တယ်ပေါ့။ စောင့်ကြည့်စမ်းပါ။ ခေါင်းမာတဲ့အကောင်!

ဇီယန်သည် ကျန်းဟန်အား လူသတ်ချင်စိတ်များဖြင့် ကြည့်နေသော်လည်း ကျန်းဟန်သည်တော့ ဘာတွေဖြစ်နေသလဲမသိချေ။ ထိုအစား မုန့်မုန့်ကို ကြည့်ကာ သူ့ကိုယ်သူပင် ရေရွတ်လိုက်သည်။

"ဒါဆို မုန့်မုန့်က ဘာခေါက်ဆွဲစားချင်လဲ? ပေါင်းထားတဲ့ခေါက်ဆွဲလား? လက်လုပ်ခေါက်ဆွဲလား? ဝမ်တန်လား? ဒါမှမဟုတ် တခြား တစ်ခုခုလား?"

ခေါက်ဆွဲအမျိုးအစားများစွာရှိပေသည်။ ကျန်းဟန် ဘာလုပ်ရမှန်းမသိတော့ချေ။ ထို့ပြင် အဓိကပြဿနာမှာ ပါဝင်ပစ္စည်းအများအပြားမရှိ၍ ကန့်သတ်ချက်အလွန်များပေသည်။

ဥပမာအားဖြင့် ပေါက်စီ၊ ဖက်ထုပ်၊ အမဲသားပေါက်စီ၊ ဝက်သားပေါက်စီနှင့် အခြား အသားပေါက်စီများပင်။ ၎င်းတို့အတွက် ကြက်ဥနှင့်သခွားအစာသွပ်၊ ကြက်ဥနှင့်ကြက်သွန်မြိတ်အစာသွပ် အစရှိသဖြင့် ရှိသည်။

"သမီး ဟိုဟာစားချင်တယ်၊ ဟိုခေါက်ဆွဲလေ၊ အမ်...ပါးပါးလေးနဲ့လေ....မေမေ...အဲဒါက ဘာလဲ?" မုန့်မုန့်သည် ခဏလောက်ကြာအောင် ရှင်းပြနေသော်လည်း သူမလေးသည် ယခင်ကစားခဲ့ဖူးသော ခေါက်ဆွဲအမျိုးအစားကို မသိချေ။

"အဲဒါက ခေါက်ဆွဲခြောက်ပါ" ဇီယန်သည် သူမ၏လှပါးသောမျက်လုံးလေးများက ကျန်းဟန်အား မျက်စောင်းထိုးရင်း ပြောလိုက်သည်။

ဇီယန်သည် ဟင်းမချက်တက်ပေ။ သူမ ကလေးနှင့်အတူနေသည့်အချိန်တွင် အများအားဖြင့် ကလေးထိန်းက ချက်ပြုတ်သည်။ မဟုတ်ပါက စားသောက်ဆိုင်သို့ ထွက်စားလေ့ရှိသည်။ တစ်ခါတစ်ရံ အနောက်တိုင်းအစားအစာများကို စားတတ်သလို တစ်ခါတစ်ရံ ခေါက်ဆွဲပြုတ်များလည်း စားပေသည်။ သို့သော်

တကယ်တမ်းပြောရလျှင် အချိန်အများစုတွင် သူမ ဟော့ပေါ့စားလေ့ရှိသည်။

ဇီယန်သည် ခေါက်ဆွဲကြိုက်ပေသည်။ မုန့်မုန့်သည်လည်း ငယ်ငယ်ကတည်းက ခေါက်ဆွဲကြိုက်သည်။ ထိုခေါက်ဆွဲခြောက်သည် ဇီယန် လုပ်တတ်သည့် တစ်ခုတည်းသော ချက်ပြုတ်နည်းဖြစ်သည်။ သူမ ယခင်က မုန့်မုန့်အား အကြိမ်အနည်းငယ် ချက်ပြုတ်ကျွေးခဲ့သည်။ ကလေးရော လူကြီးပါ ၎င်းကို အလွန်ကြိုက်ကြသည်။

“ဟုတ်တယ် ဟုတ်တယ် ခေါက်ဆွဲခြောက်ပဲ” မုန့်မုန့်သည် ရယ်မောလိုက်သည်။

“ဒါဆို ဖေဖေတို့ နေ့လည်စာကို မုန့်မုန့်အတွက် ခေါက်ဆွဲပါးပါးလေးတွေလုပ်ကြမယ်” ကျန်းဟန် မုန့်မုန့်၏ခေါင်းလေးကို ပွတ်ကာ ရယ်လိုက်သည်။

“ဟွန့် ကျွန်မ အပေါ်သွားတော့မယ်” ဇီယန် ကျန်းဟန်အား နောက်တစ်ကြိမ် မျက်စောင်းထိုးလိုက်သည်။

၎င်းက ကျန်းဟန်ကို အလွန်စိတ်ရှုပ်သွားစေသည်။ အဘယ်ကြောင့် အမြဲတမ်း ဤမိန်းကလေး သူ့အား အလွန်စိမ်းကားနေရသနည်း။

အမှန်တော့ ထိုကဲ့သို့ "စိမ်းကားသည့်" စိတ်ထားများရှိခြင်းက ကောင်းသည့်အရာတစ်ခုဖြစ်ကောင်း ကျန်းဟန်သိပေသည်။ ၎င်းက သူ၏ကောင်မလေးတွင် ဒေါသကြီးသည့်စိတ်ရှိသည်ဟု ပြောနေသလိုပင်။ တစ်ခါတစ်ရံ သူမ၏ကောင်လေးက ပြဿနာလုပ်မိ၍ သူ့ကိုယ်သူ နောင်တရနေသော်လည်း သူ၏ကောင်မလေးက ထိုသို့ လုပ်ချင်နေခဲ့မည်ကိုတော့ သူ မသိခဲ့ချေ။

သို့သော် သူသည် အမှန်တကယ်တခြားသူများနှင့် စိတ်တို စိတ်ကောက်နေပါက သူသည် လမ်းခွဲခြင်းနှင့် ဝေးကွာနေမည်မဟုတ်ချေ။

ကျန်းဟန်လည်း ဤကိစ္စကို သိပေသည်။ တစ်ခါတစ်ရံတွင် ဧယန်သည် သူ့အား အခြားသူများနှင့်

ခြားနားစွာ ဆက်ဆံပေသည်။ ၎င်းမှာ အမှန်တကယ်ကောင်းမွန်သည့် အစပျိုးမှုဖြစ်သည်။ ကျန်းဟန်ဒါကိုပင် မသိပါက သူ၏ အီးကျူမှာ အလွန်နိမ့်လွန်းသွားပေမည်မဟုတ်ပါလား?

ဇီယန်သည် မုန့်မုန့်ကို တစ်ခါတည်း ပွေ့ချီသွားသည်။ မုန့်မုန့်၏အလေးချိန်ကို သူမ ခံစားလိုက်ရသည့်အခါ သူမ ရယ်မောကာ မုန့်မုန့်၏တင်ပါးလေးကို အကြိမ်အနည်းငယ် ရိုက်လိုက်သည်။

"မုန့်မုန့် က ခါတိုင်းထက်ပိုပြီးလေးနေသလိုပဲ။ ကြည့်ရတာ နည်းနည်းလောက်ကြာရင် မေမေတော့ သမီးကို ပွေ့ချီနိုင်မှာမဟုတ်တော့ဘူး"

"ဟမ့် ဟမ့် အဲ့ဒါမဟုတ်ဘူး။ မေမေက မုန့်မုန့်ကို ချီနိုင်တယ်"

မင်းသမီးလေးသည် မေမေ၏လက်မောင်းထက်တွင် လှုပ်ရှနေသည်။

ကျိုးဖေးသည် ခဏလောက်စဉ်းစားလိုက်ပြီး နောက်မှလိုက်သွားသည်။ ကျန်းလီနှင့် ကျောက်ဖုန်းသည် ပထမထပ်တွင်သာ နေခဲ့သည်။

"အစ်ကို နင် ယောင်းမနဲ့ ဘယ်တုန်းက ပြတ်သွားတာလဲ? ဘယ်လိုလုပ် နင်နဲ့ သူမနဲ့ဆက်ဆံရေးကို ငါ ဘယ်တုန်းကမှမကြားဖူးရတာလဲ" ကျန်းလီ ထိုကိစ္စကို အလွန်သိချင်နေသည်။

ကျန်းလီ မုန့်မုန့်ကို သိခဲ့သည့်အချိန်ကတည်းက ဇီယန်သည် သူမ၏မိသားစုနှင့်ကွဲသွားသည့်အခါတွင် ကိုယ်ဝန်ရှိနေပြီမှန်း သူမ ခန့်မှန်းနိုင်သည်။ ထိုအချိန်က ကျန်းဟန်သည် ကောင်းကင်က နေမင်းကြီးကဲ့သို့ပင် သူသည် အမြဲတမ်း လူလည်ကျတတ်သည့်ပုံစံရှိနေသည်။ အကယ်၍ ထိုအချိန်က ဇီယန်နှင့် အတူရှိနေခဲ့ပါက သူ၏အကျင့်အရ ဘေကျင်းတစ်ခွင်တွင် ဇီယန်နှင့် သေချာပေါက် လျှောက်လည်မည်မှာ သေချာသည်။

"အာ!"

ကျန်းလီ ရုတ်တရက် တိုးတိုးလေး အော်လိုက်သည်။ ထိုအချိန်က ကျန်းဟန်သည် ချောင်လောလောနှင့် တွဲနေသေးသည့်အချိန်ဖြစ်နိုင်ကြောင်း သတိရလိုက်သည်။ ထို့ကြောင့် ကျန်းလီသည် အထိတ်တလန့်ဖြင့် "အစ်ကို နင် အဲဒါအချိန်တုန်းက ချောင်လောလောနဲ့ တွဲနေတာလေ။ ဇီယန်နဲ့နင်က တိတ်တိတ်လေးတွဲနေခဲ့တာလား...? နင် လှေနံ့နှစ်ဖက်နင်းတာလား?"

သူမ ထိုစကားများပြောလိုက်သည့်အချိန်တွင် ကျောက်ဖုန်း အံ့အားသင့်သွားပြီး သူ၏ရှေ့မှမြင်ကွင်းကိုကြည့်ကာ ဂရုတစိုက်ဖြင့် နားစွင့်ထားလိုက်သည်။ နည်းနည်းလေးတော့ အတင်းအဖျင်းပြောသလိုဖြစ်နေသော်လည်း ကျန်းဟန်၏အခြေအနေကို သူအလွန်စပ်စုချင်နေခဲ့သည်။

"မဟုတ်ဘူး"

ကျန်းဟန် ရယ်ရခက် ငိုရခက်ဖြင့် ပြောလိုက်သည်။ "အဲဒါက မတော်တဆတစ်ခုပဲ"

"ဟွန့် အစ်ကို နင် ငါ့ကို လာလိမ်မနေနဲ့။ ဘယ်လိုမတော်တဆမှုက အိပ်ယာပေါ်မှာဖြစ်မှာလဲ? ဘယ်မတော်တဆမှုက ကလေးတစ်ယောက်မွေးလာမှာလဲ?" ကျန်းလီ ပေါ့ပေါ့ပါးပါးနှာခေါင်းရှုံ့ကာပြောသည်။

ကျန်းဟန်ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"ငါ ကျန့်ချမ်းရဲ့ အရိုက်ခံရတဲ့အချိန်နဲ့ တစ်ချိန်တည်းပဲ"

"ဟမ်?" ကျန်းလီ စူးစိုက်ကြည့်လိုက်ပြီး "ယောင်းမကြောင့် နင် သူ့ကိုရိုက်ခဲ့တာလား?"

"ဟုတ်တယ်။ အဲဒီတုန်းက ငါ သောက်တာများသွားတယ်..." ကျန်းဟန် ရိုးရိုးရှင်းရှင်းပင် ရှင်းပြလိုက်သည်။

တစ်ချိန်တုန်းမှာပင် သူ၏အတွေးများက ထိုအချိန်သို့ ပြန်လည်ရောက်ရှိသွားသည်။

ဇီယန်သည် ထိုအချိန်က အလွန်နာမည်ကြီးသည့်အချိန်ဖြစ်ပြီး နောက်နှစ်တွင် ရုပ်ရှင်ဘုရင်မအဖြင် ဆုရရှိရန် အခွင့်အရေး ရှိခဲ့သည်။ ဇီယန်သည် ဘေကျင်းသို့ ရောက်သည့်အချိန်တွင် သူမအား SARFT ၏ အဆင့်မြင့်အရာရှိတစ်ဦး၏မိတ်ဆက်ပေးမှုဖြင့် ကျန့်ချမ်း၏ဘုတ်အဖွဲ့နှင့် ပူးပေါင်းခဲ့သည်။

ကျန့်ချမ်းသည် ကွမ်းမင်အုပ်စု၏ ဥက္ကဋ္ဌဖြစ်သည်။ သူသည် အသက် ၃၀ သာရှိသေးပြီး ဘေကျင်း၏ ကျန့်မိသားစုမှ တိုက်ရိုက်ဆင်းသက်လာသည့် သူဖြစ်သည်။ သူသည် ရာထူးမြင့်မားပြီး ထိုစဉ်က ကျန်းဟန်ထက် အနည်းငယ် ပို၍ မြင့်မားသည့် အနေအထားရှိသည်။

သို့သော် ကျန့်ချမ်းသည် ပြတ်သားသည့်သူတစ်ယောက်ဖြစ်သည်။ သူသည် ဇီယန်ကို

တစ်နှစ်ကျော်ခန့်ကြံ့စည်ခဲ့ပြီး နောက်ဆုံးတွင် သူတို့ကော်ပိုရေးရှင်း၏ပူးပေါင်းမှုဖြင့် ဇီယန်၏ဝိုင်းခွက်ထဲသို့ ဆေးခတ်ရန် အခွင့်အရေးရခဲ့ပြီး ဇီယန်မှာ ဆေးရှိန်ကြောင့် စိတ်များ ရှုပ်ထွေးဝေဝါးနေခဲ့သည်။

ချောင်လောလောနှင့်လမ်းခွဲခဲ့သည့်ကျန်းဟန်သည် စိတ်ထဲတွင် အလွန်ခံပြင်းဒေါသထွက်နေခဲ့သည်။ ထိုနည်းဖြင့် လမ်းခွဲခြင်းသည် ကျန်းဟန်အတွက် ကြီးမားသော ထိုးနှက်ချက်အဖြစ် ယူဆနိုင်သည်။

ထိုအချိန်တွင် ဘေကျင်း ကြည်လင်ကောင်းကင် ဖျော်ဖြေရေးကလပ်၏ အမြင့်ဆုံးနေရာတွင် ကျန်းဟန်သည် အရက်အလွန်အကျွံသောက်ပြီး မှုန်ဝါးဝါးဖြင့် အခန်းမှားကာ ဝင်သွားခဲ့သည်။ ရုန်းကန်လှုပ်ရှားနေသော ဇီယန်နှင့် ကျန့်ချမ်း၏ယုတ်မာရက်စက်သည့်မျက်နှာကို သူတွေ့လိုက်ရသည်။

ဒေါသထွက်နေသော ကျန်းဟန်သည် ၎င်းကိုမြင်သည့်အခါ ဝိုင်ပုလင်းကိုကောက်ကိုင်ကာ ကျန့်ချမ်း၏ခေါင်းကို ပြင်းပြင်းထန်ထန်ရိုက်ချလိုက်ရာ ချက်ချင်း သတိမေ့သွားခဲ့သည်။ ဇီယန်ကို ဆွဲခေါ်ကာ အနီးအနားရှိ ဟိုတယ်တစ်ခုတွင် ဗွီအိုင်ပီခန်းတစ်ခုကို ဘွတ်ကင်လုပ်လိုက်သည်။

ထိုအချိန်အတွင်း၌ ဇီယန်သည် သတိကင်းမဲ့နေကာ အဝတ်အစားများပင် ချွတ်ချင်နေခဲ့သည်။ ကျန်းဟန်သည် မိန်းမလှလေးများကို နှစ်သက်သူဖြစ်သော်လည်း သူ့တွင် အရက်တရားရှိပြီး လမ်းတစ်လျှောက်တွင် ဇီယန်၏လက်ကို ချုပ်ကိုင်ထားခဲ့သည်။

ဟော်တယ်ရှိ သူ၏အခန်းတွင် ကျန်းဟန်သည် အရက်အများအပြားသောက်ထားခြင်းကြောင့် စိတ်များရှုပ်ထွေးသွားလာသလို ဇီယန်သည်သည်း သူ့ထက်ပင် ပို၍ ရှုပ်ထွေးနေခဲ့သည်။

ကျန်းဟန် ချက်ချင်း ထွက်သွားချင်ခဲ့သော်လည်း ဇီယန်၏နူးညံ့ချောမွေ့သည့် လက်ဖဝါးလေးက ကျန်းဟန်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ကျန်းဟန်အား ကုတင်ပေါ် ပြန်ဆွဲတင်လိုက်သည်။

ထိုသို့ဖြင့် ပန်းအိုးကွဲသည့် ညတစ်ည ကုန်လွန်သွားခဲ့သည်။

ကျန်းဟန်သည် အစပိုင်းတွင် မူးနေသော်လည်း ထိုညက စွဲမက်ဖွယ်ကောင်းသည့်မြင်ကွင်းကို မှတ်မိနေသေးသည်။ ဇီယန်၏ ချောမောလှပသည့် အသွင်အပြင်လေးကို သူ စွဲလန်းနေခဲ့သေးသည်။

နောက်တစ်နေ့ မနက်ခင်း မြင်ကွင်းများကို ပြန်တွေးမိသည့်အခါ ကျန်းဟန် မနေနိုင်ဘဲ ရယ်မောလိုက်မိသည်။

သို့သော် ထိုစကားလုံးများသည် သူ၏စိတ်ထဲတွင် တွေးနေရုံသာရှိပြီး ကျန်းဟန်သည် ကျန်းလီအား ရှင်းမပြခဲ့ချေ။

ဓါးယန်ကို ကျန့်ချမ်း၏လက်ထဲမှာ ကယ်တင်ပေးခဲ့သည်ဟုသာ ပြောခဲ့သည်။

"ဒါဆို အဲဒီတုန်းက သူဌေးက မိန်းမလှလေးကို ကယ်တင်ပေးခဲ့တဲ့ သူရဲကောင်းပဲ" ကျောက်ဖုန်းသည် ပေါ့ပါးစွာပြုံးကာ ပြောသည်။

ထိုကဲ့သို့ မိန်းမလှလေးကိုကယ်တင်ပေးသည့် သူရဲကောင်းဇာတ်လမ်းမှာ အလွန်ချိုမြိန်သည့် ဇာတ်လမ်းလေးပင်ဖြစ်သည်။

"မိန်းမလှလေးကို ကယ်တင်တဲ့ သူရဲကောင်းဆိုတာက ဂုဏ်ယူဖို့ ထိုက်တန်တဲ့ကိစ္စတစ်ခုပါ။ ငါ့အစ်ကိုလိုချောမောတဲ့သူက ကောရီသခင်မအတွက်မဟုတ်ခဲ့ရင် သူတို့ ဘယ်လိုအတူတူနေနိုင်မှာလဲ?" ကျန်းလီသည် နှုတ်ခမ်းကို တွန့်ကွေးလိုက်သည်။

သူမ၏အမြင်တွင် သူ့ရဲကောင်းတစ်ဦးသည် မိန်းမလှလေးကိုကယ်တင်ရန် အခြေအနေပေးခဲ့ပြီး ထိုအခြေအနေတွင် သူ့ရဲကောင်းယောက်ျားမှာလည်း အတန်သင့်ချောမောသင့်ပေသည်။

"ဟုတ်တာပေါ့။ သူဌေးက တကယ်ကိုချောတယ်" ကျောက်ဖုန်း ပြန်ပြောသည်။

စကားပြောနေစဉ်တွင် လျန်မုန့်ချီနှင့်အခြားနှစ်ယောက်သည် သုတ်သုတ်သုတ်သုတ်ဖြင့် ဝင်လာကြသည်။ ကျောက်ဖုန်းသည် ထမင်းစားစားပွဲတွင် ထိုင်ပြီး ကျွန်းဟန်တို့နှင့်စကားပြောနေသည်ကိုတွေ့လိုက်ရာ လျန်မုန့်ချီပြုံး၍ ပြောလိုက်သည်။

"အာ…ကျောက်ဖုန်း ရှင် အစောကြီးကို လာတာပဲ"

"ကျွန်တော် မနက်ကတည်းက မပြန်တာ" ကျောက်ဖုန်း ပြန်ပြောသည်။

"အွန်း" လျှန်မုန့်ချီ ခေါင်းညိတ်သည်။

ကျောက်ဒါဟူနှင့် ယူချင်းချင်းတို့သည် ကျန်းဟန်ကို နှုတ်ဆက်လိုက်ပြီး ထုံးစံအတိုင်းပင် သူတို့၏စားပွဲတွင် ထိုင်ကြသည်။

"ချက်ပြုတ်ချိန်ရောက်ပြီ"

ကျန်းဟန်သည် နာရီကိုကြည့်လိုက်သည်။ ၁၀ နာရီ မိနစ် ၄၀ ရှိပေပြီ။ ထို့နောက် သူမတ်တပ်ထရပ်ပြီး နေ့လည်စာပြင်ရန် မီးဖိုချောင်ဘက်သို့လျှောက်သွားသည်။

ကျန်းဟန်သည် ထမင်းကို ပထမဆုံးချက်ပြီး ခါတိုင်းကဲ့သို့ပင် လခြမ်းတောင်၏စိတ်ဝိညာဉ်ရေကို သုံးသည်။ ထိုရေမှာ အကောင်းဆုံးအရည်အသွေးရှိသည်ဆိုသည့် ရေများကိုပင် အလွယ်တကူ အနိုင်ယူနိုင်ပြီး ထမင်းချက်ရန်အတွက်မူ ပြောနေစရာပင်မလိုတော့ချေ။

အမှန်ပင် လခြမ်းတောင်၏ ဂျုံနှင့်ဆန်မှာလည်း တူညီသည့်အနေအထားတွင်ရှိသည်။ ၎င်းတို့သည် လခြမ်းတောင်တွင်ပင် တူညီသည့်ပတ်ဝန်းကျင်အနေအထား၌ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး သာမန်မဟုတ်ချေ။

ထမင်းချက်နေရင်း တစ်ချိန်တည်းတွင် ကျန်းဟန်သည် ကြက်ဥကို ခေါက်လိုက်သည်။ ကြက်ဥထမင်းကြော် တစ်နပ်စာချက်လျှင် ကြက်ဥ အလုံး ၃၀ ခန့် လိုအပ်သည့်အတွက် ရလဒ်အနေဖြင့် ကြက်ဥလက်ကျန်မှာ တဖြည်းဖြည်း လျော့နည်းလာသည်။

မူလက ကျန်းဟန်သည် ကြက်ဥများကို ကုန်ခါနီးသည့်အချိန်တွင် လျော့ရောင်းရန် စီစဉ်ထားသော်လည်း လခြမ်းတောင်၏လက်ရှိအခြေအနေဖြင့်ဆိုလျှင် စိုးရိမ်နေရန် မလိုတော့ပေ။

သန့်စင်သောယန်ရေမှာ အရန်သင့်ရှိနေဆဲဖြစ်ပြီး လီတာ ၂၀ ခန့်ပင် ကျန်သေးသည်။ ၎င်းမှာ အချို့ အရွယ်ရောက်ပြီး ကြက်မများ၊ နွား၊ ဝက်များ၊ သိုးများ စသဖြင့် ကျွေးမွေးရန်အတွက် လုံလောက်ပေသည်။

ကြက်ဥခေါက်ပြီးသွားသည့်နောက် ကျန်းဟန်သည် အာလူးကြီးကြီးအနည်းငယ်ကို စတင်ရွေးထုတ်လိုက်သည်။

အာလူးများသည် ဝိုင်းဝိုင်းဖောင်းဖောင်းလေးများဖြစ်သည်။ သာမန်အခြေအနေတွင် အချို့ အပြင်တွင် ရောင်းနေကြသည့် အာလူးများမှာ အလုံးလှခြင်းမရှိပဲ ပိန်ပိန်ရှုံ့ရှုံ့နှင့်ဖြစ်ပြီး လခြမ်းတောင်၏အာလူးများမှာတော့ အလုံးလှလှနှင့် လုံးလုံးဝိုင်းဝိုင်းလေးများဖြစ်သည်။

ကျန်းဟန်သည် ဓားကိုလျင်မြန်စွာထုတ်လိုက်ပြီး ဝှေ့ယမ်းလိုက်၏။

ရှမ်း ရှမ်း ရှမ်း...

အာလူးအခွံသည် အလုံးမှ လျင်မြန်စွာဖြင့်ပင် ကွာကျသွားသည်။

စားသောက်ဆိုင်ထဲတွင် အစားသောက်များမှာ အလွန်အရသာရှိရုံသာမက ကျန်းဟန်၏ချက်ပြုတ်ခြင်း လုပ်ငန်းစဉ်သည်လည်း အလွန်လှပပေသည်။ ဟင်းပွဲပြင်ဆင်မှုကို ကြည့်ရှုနိုင်မှာ လည်းအလွန်မြင့်မားပေသည်။ ဒက်ဒီကျန်းဟန်သာ ယူကျူ့ဘာ လုပ်ပါက ခဏလေးဖြင့် ဆေးဗားဘော်တွန်ရပေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့ မီယမ်မာပြည်တွင် လာလုပ်ပါက ဒက်ဒီကျန်း၏စကေးကြောင့်တော့ ကြည့်ရှုနိုင်မှုမြင့်မည်မဟုတ်ဘဲ သူ၏ချောမောမှုကြောင့်သာ မြင့်မားပေလိမ့်မည်။ ဟင်းချက်နေစဉ် မာမီ ဇီယန်ကိုသာ ဘေးတွင်ခေါ်ထားပါက တစ်ရက်တည်းနှင့်ပင် ဂိုးဘော့တွန်ရပေမည်။

အာလူးကို ပြင်ဆင်ပြီးနောက်တွင် ကြက်သွန်နီနှင့်အခြားပါဝင်ပစ္စည်းများကို စတင်ပြင်ဆင်သည်။

ကြိုတင်ပြင်ဆင်မှုများ ပြီးသည့်အခါ မွန်းတည့်ချိန်ကျော်နေပြီဖြစ်သည်။ စားသုံးသူများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာပြီး ပြတင်းပေါက်အနီးစားပွဲတွင် လူခြောက်ယောက်ပြည့်သွားသည်။

သို့သော် ယခုတစ်ကြိမ်တွင်တော့ ထိုခြောက်ဦးမှာ ဘေးချင်းကပ် စီချွမ်စားသောက်ဆိုင်မှ ဝန်ထမ်းများဖြစ်ကြသည်။ ဟင်းလျာများကို မြည်းစမ်းပြီးသည့်အခါတွင် သူတို့ကိုယ်သူတို့ ယခင်ကမလာခဲ့မိသည့်အတွက် အားမလိုအားမရဖြစ်ကာ နေ့လည်စာစားရန် အမြဲတမ်းလာကြသည်။

"သူဌေး ဒီနေ့ ကျွန်မတို့ တခြားတစ်ခုခု စားရမှာလား?" ကျန်းဟန် အာလူးနှင့်သခွားသီးများ

ပြင်ဆင်ထားသည်ကိုတွေ့သည့်အခါ လျန်မုန့်ချီ၏မျက်လုံးများ တောက်ပလာသည်။

“အင်း” ကျန်းဟန် ခေါင်းသာ ညိတ်ပြလိုက်သည်။

“အဲ့ဒါ ဘာတွေလဲ?” လျန်မုန့်ချီ လျှင်မြန်စွာမေးလိုက်သည်။

“တို့ဟူးနဲ့ သခွားသီး” ကျန်းဟန် ပြန်ပြော၏။

-C 99 End

wunzinnosp

## အပိုင်း(၁၀၀)

"အဆာပြေ အစားအသောက်လား? အရမ်းကောင်းတယ်" လျှန်မုန့်ချီ ဝမ်းသာအားရပြောလိုက်သည်။ သူမ ထိုအစားသောက်များကို အလွန်ကြိုက်ပေသည်။

ကျန်းဟန်သည် ထိုဟင်းပွဲနှစ်မျိုးကို အထူးပြင်ဆင်ထားသည်။ အဘယ့်ကြောင့်ဆိုသော် နေ့လည်စာကို သူတို့ ခေါက်ဆွဲစားချင်ကြသောကြောင့်ဖြစ်သည်။ အအေးဟင်းပွဲဖြင့် ဆိုလျှင် လုံးဝ ပြည့်စုံသည့် အစပ်အဟပ်ပင်ဖြစ်သည်။

အာလူးချောင်းသည် ကျဲကျန်းပြည်နယ်တွင် ရှိ နာမည်ကြီး အစားအသောက်တစ်မျိုးဖြစ်သည်။

လုပ်ပုံလုပ်နည်းမှာ ရိုးရှင်းပေသည်။ အာလူးများကို အမျှင်အချောင်းလေးများ ဖြတ်လိုက်ပြီး သံချေးရောင်မဲသွားခြင်းမှ ကာကွယ်ရန် ရေသန့်သန့်ထဲတွင် ထည့်ထားလိုက်သည်။ အာလူးကို ရေသန့်သန့်ဖြင့် ပြုတ်ပြီး ငရုတ်သီးစိမ်းနှင့် အမှည့်အနည်းငယ်ကို ပါးပါးလှီးကာ

အာလူးချောင်းများကို အပိုင်းခွဲလိုက်သည်။ ရေအေးဖြင့် အအေးခံပြီး ငရုတ်သီးစိမ်းနှင့် အမှည့်တို့ကို ထည့်လိုက်သည်။ ငရုတ်ကောင်း၊ ငရုတ်ဆီ တစ်ဇွန်း၊ ဆားအနည်းငယ်၊ ဟင်းချိုမှုန့်အနည်းငယ်၊ နှမ်းဆီအနည်းငယ်၊ ရှာလကာရည်အနည်းငယ်တို့ထည့်ကာ စိတ်တိုင်းကျ မွှေလိုက်သည်။

လုပ်ပုံလုပ်နည်းမှာ သာမန်သာဖြစ်သော်လည်း ဤဆိုင်ထဲဝွင် ဟင်းခတ်အမွှေးအကြိုင်တို့၏ဘုရင် ကောင်းကင်သစ်မွှေးရှိပေသည်။ ဘယ်လိုဟင်းပဲဖြစ်ပါစေ ပြဿနာမရှိ ကောင်းကင်သစ်မွှေးလေးဖြူလိုက်ပါက မွှေးရနံ့နှင့်တင် ဆွဲမျိုးမေ့သွားစေမည်။

အခြားတစ်မျိုးမှာ သခွားသီးပင်ဖြစ်သည်။ ၎င်းမှာ အလွန်ပုံမှန်ကျသည့် အိမ်တွင်းဟင်းလျာသာဖြစ်ပြီး ချက်နည်းမှာ ပို၍ ရိုးရှင်းသည်။

အဓိက ပါဝင်ပစ္စည်းမှာ သခွားသီးဖြစ်ပြီး အမွှေးအကြိုင်အမျိုးမျိုးဖြင့် ပြုလုပ်နိုင်သည်။

အေးမြလန်းဆန်းပြီး နွေရာသီအတွက်အလွန်သင့်တော်သည်။ သခွားသီးသည် အအေးစာဖြစ်ပြီး နွေရာသီတွင်စားသုံးပါက ခန္ဓာကိုယ်ကို အပူခတ်ကင်းစေပြီး အဆိပ်အတောက်များ ဖယ်ရှားပေးနိုင်သည်။ ၎င်းမှာ အလှအပအတွက်သည်း သက်ရောက်မှုရှိသည်။ ထို့ပြင် နွေရာသီတွင် သခွားသီးကို အရသာခံစားသုံးပေးပါက အစာချေလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေသည်။

သခွားသီးသည် အစာအိမ်ကို ပွင့်လန်းစေသည့် အာနိသင်ရှိသည်။ ကယ်လိုရီပါဝင်မှုနည်းပြီး ရေဓာတ်၊ အစိုဓာတ်ကောင်းမွန်ပြီး အပူနှင့်အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ ၎င်း၏အမျှင်ဓာတ်သည် အဆိပ်အတောက်ဖြစ်စေသော အရာများကို စွန့်ထုတ်ရန်နှင့်

ကိုလက်စထရောကို လျှော့ချပေးနိုင်သည့် အာနိသင်လည်းရှိသည်။ လတ်ဆတ်သည့် သခွားသီးတွင်ပါဝင်သော သကြားဓာတ်၊ အဆီဓာတ်များကို ဟန့်တားပေးသည့် ပရိုပိန်းဒိုင်းဝစ်အက်ဆစ်ခေါ် မယ်လိုနစ်အက်ဆစ်သည် ကိုယ်အလေးချိန်လျော့ကျစေသည့် လုပ်ဆောင်ချက်ရှိသည်။

မှန်ပေသည်။ ဈေးကွက်အပေါ်သက်ရောက်မှုကို ဖော်ပြရမည်ဆိုလျှင် အကျိုးသက်ယောက်မှုများကို ဖော်ပြနေမည်မဟုတ်ချေ။

သဘာဝအော်ဂဲနစ်စစ်စစ်ကိုသာ စားသုံးလျှင် ကောင်းပေမည်။ ထို့ပြင် အော်ဂဲနစ်အစားသောက်များသည် အာဟာရဓာတ်ကြွယ်ဝရုံသာမက ၎င်းတို့၏ အကျိုးအာနိသင်မှာလည်း အလွန်ကောင်းမွန်သည်။

လခြမ်းတောင်တွင် စိုက်ပျိုးထားသည့် သီးနှံများသည်တော့ ထိုအာဟာရဓာတ်မှာ

နှစ်ဆတိုးလာပေသည်။

လခြမ်းတောင်၏အစားအသောက်များကို ဆယ့်နှစ်ရာသီစားသုံးဖြင်းသည် ကိုယ်ခန္ဓာကျန်းမာရေးကို များစွာ ကောင်းမွန်စေသည်။

လက်ရှိခေတ်ကာလတွင် မြို့ကြီးပြကြီးများတွင် နေထိုင်သောလူများအားလုံးသည် ညစ်ညမ်းသောလေထုများ၊ ဓာတုပစ္စည်းများသုံးထားသည့်အစားသောက်များ ကြောင့် ၎င်းတို့၏ ခန္ဓာကိုယ်သည် အနည်းနှင့်အများ ထိခိုက်ကြပေသည်။ ဆေးရုံဆေးခန်းများမှာ ပို၍ များပြား နာမည်ကြီးလာကြသည်။ သို့သော်လည်း ဘဝဆိုသည်မှာ ထိုကဲ့သို့ပင်။ ခေတ်ကာလ တိုးတတ်လာသည်နှင့်အမျှ မည်သူမှ ထိုအရာများကို မပြောင်းလဲနိုင်ကြချေ။ ထို့ကြောင့် သဘာဝအော်ဂဲနစ်အစားအသောက်များကို စားသုံးခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ကောင်းမွန်သည့် ရွေးချယ်မှုပင်ဖြစ်သည်။

အဓိက အကြောင်းအရာသို့ ပြန်သွားရသော်.....

နေ့လည်မွန်းတည့်ချိန်တွင် စားသောက်ဆိုင်၏အပြင်ဘက်တွင် တန်းစီနေသည့်သူများ ပို၍များပြားလာသည်။

ရက်အတန်အသင့် စားသောက်ပြီးနောက်တွင် မုန့်မုန့်၏အပန်းဖြေရာ စားသောက်ဆိုင်သည် ဤလမ်းတွင် နာမည်ကြီးနေပြီဟု ဆိုနိုင်သည်။ မကန်းသေးသရွေ့တော့ အနီးအနားရှိလူများ ၎င်းကို မြင်နိုင်ကြသည်။

"ဟမ်?"

ရုတ်တရက် လမ်းပေါ်တွင် အေးအေးဆေးဆေးလမ်းလျှောက်နေသည့် ဆံပင်ရွှေရောင်နှင့် နိုင်ငံခြားသားမိတ်ဆွေတစ်ယောက်သည် အံ့သြတကြီးဖြင့် ရေရွတ်လိုက်ရင်း စားသောက်ဆိုင်သို့ လျှောက်သွားလိုက်သည်။

စားသောက်ဆိုင်၏အပြင်ဘက်ကို ပထမဆုံး ကြည့်ရှုလိုက်သည်။ သန့်ရှင်းတောက်ပြောင်နေသော ကြမ်းပြင်၊ မှန်ပြတင်းပေါက်များဖြင့် အတွင်းခန်းကို သပ်သပ်ရပ်ရပ် ပြင်ဆင်ထားသည်ကို သူတွေ့နိုင်ပေသည်။

“တော်တော် ကောင်းတယ်။ နေ့လည်စာ မြည်းစမ်းကြည့်ရမယ်”

ရွှေရောင်ဆံပင် အမျိုးသားသည် အင်္ဂလိပ်လို တိုးတိုးလေးရေရွတ်ကာ စားသုံးသူများ တန်းစီနေသည့်နေရာကို လျှောက်သွားသည်။ သူ၏ဘေးနားရှိလူများကို ကြည့်ကာ ပြုံးလိုက်သည်။ သူသည် ခပ်ပြုံးပြုံးပင် တရုတ်လိုမေးလိုက်သည်။

“နိဟောင် မင်္ဂလာပါ ဒီစားသောက်ဆိုင်က အရမ်းကောင်းတာလား?”

“ကောင်းတယ်ဆိုတာထက်ကို ပိုကောင်းတယ်။ ကျုပ်ပြောပြမယ် ဒီဆိုင်က ကျုပ်ကလေးဘဝကတည်းကနေ

ဒီအရွယ်ထိ စားဖူးသမျှ အကောင်းဆုံးစားသောက်ဆိုင်ပဲ။ တခြားဆိုင်တွေထက် သာတယ်” သူ၏ဘေးနားမှလူက လေးနက်စွာ ပြန်ပြောသည်။

“ဒီလောက်ထိကို ကောင်းတာလား?” ရွှေရောင်ဆံပင် နိုင်ငံခြားသား၏မျက်လုံးများ တောက်ပသွားသည်။

“ဒါပေါ့” မိန်းမငယ်လေးတစ်ယောက်သည် ထိုနိုင်ငံခြားသားအစ်ကိုကြီးမှာ အလွန်ချောမောသည်ကို တွေ့လိုက်သည့်အခါ ပြုံး၍ ပြောလိုက်သည်။ “သူ ချဲ့ကားပြောနေတာမဟုတ်လူး။ ငယ်ငယ်ကတည်းက ခုထိ စားဖူးမျှမှာ အကောင်းဆုံးပဲ။ အရမ်းအရသာရှိတယ်။ မင်းမစားလိုက်ဘူးဆိုရင်တော့ ငါတကယ်စိတ်မကောင်းဖြစ်မိမှာ”

ရွှေရောင်ဆံပင်အမျိုးသားသည် ပြုံး၍ မေးလိုက်သည်။ “ဒါဆို ဒီမှာ ဘယ်လို အထူးအစားအသောက်တွေရလဲ”

“ကြက်ဥထမင်းကြော်”

"တခြားရော"

"ကြက်ဥထမင်းကြော်ပဲ"

"တခြားဘာမှ ထပ်မရှိတော့ဘူးလား?"

"ဟုတ်တယ်"

"အိုး ကောင်းပါတယ်။ အကောင်းဆုံးအရသာကရော ဘာလဲ"

"ကြက်ဥထမင်းကြော်"

"...."

"ဒီမှာ နိုင်ငံခြားသားညီအစ်ကို" နောက်ဆုံးတွင် ရွှေရောင်ဆံပင်၏အနားမှ လူငယ်တစ်ယောက်သည် သူ၏လက်မောင်းကို ပုတ်လိုက်ပြီး "ဒီမှာ အရသာရှိတဲ့အစားအသောက်တွေအများကြီးရှိတယ်။ ဒါပေမဲ့ မင်းစားလို့မရနိုင်ဘူး။ ကြက်ဥထမင်းကြော်လောက်ပဲ စားကြည့်လို့ရမယ်" ဟု ပြောလိုက်သည်။

"ဘာလို့လဲ?" ရွှေရောင်ဆံပင်သည် စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

"မင်း တရုတ်စာလုံးတွေ ဖတ်တတ်လား?"

"ဖတ်တတ်ပါတယ်" ရွှေရောင်ဆံပင် ခေါင်းညိတ်သည်။

"ဒါဆို ဟိုမှာတွေ့လား။ အဲ့ဒီ ကြော်ငြာဘုတ်ကို တစ်ချက်သွားကြည့်လိုက်။ ဘာဖြစ်လို့လဲဆိုတာ မင်းတဖြည်းဖြည်းသိလာလိမ့်မယ်"

"ကောင်းပါပြီ ရှဲရှဲ" ရွှေရောင်ဆံပင်သည် ခေါင်းညိတ်ကာ တံခါးနားတို့ လျှောက်သွားသည်။ သူသည် ကြော်ငြာဘုတ်ကို ကြည့်ရင်း လေးလေးနက်နက်ဖြင့် ရေရွတ်လိုက်သည်။

"အလုပ်ချိန်က ၃ နာရီပဲရှိတာလား? ကြက်ဥထမင်းကြော်တစ်ပွဲ ယွမ် ၃၀၀ နဲ့ နို့တစ်ခွက် ယွမ် ၁၀၀။

တခြားဟင်းလျာတွေကို အဖွဲ့ဝင်တွေပဲ စားလို့ရမှာလား။ ဘုရားသခင်!”

အောက်ဖက်ရှိ အချက်အလက်များကိုမြင်လိုက်သည့်အခါ ရုတ်တရက် အလွန်အမင်း ထိတ်လန့်သွားကာ သူ၏မျက်လုံးများမှာ မယုံကြည်နိုင်အောင်ဖြစ်နေသည်။

အဖွဲ့ဝင်ကတ် တစ်ကတ် ယွမ် ၁ သန်းလား? ပြီးတော့ အဲ့ဒါက ပထမဆုံး ၁၀ ခုအတွက်ပဲ။ နောက်ကဟာတွေက တစ်ကတ် ၁၀ သန်းပါလား? ဘုရားသခင်။ အဖွဲ့ဝင်ကတ်တစ်ကတ် ၁၀ သန်းက ဘယ်လိုဖြစ်နိုင်မှာလဲ?

ထိုအခိုက်အတန့်တွင် သူ လုံး၀ အံ့ဩသွားပြီး ဘာတွေဖြစ်နေမှန်းမသိတော့ချေ။

အူကြောင်ကြောင်ဖြင့် သူ၏ထိုင်ခုံဆီသို့ ပြန်သွားသည်။ သူ၏အမူအရာကိုမြင်သည့်အခါ လူအုပ်သည် မနေနိုင်ဘဲ ကျေနပ်စွာပြုံးလိုက်မိကြသည်။

ၛင်းမှာ ကျိုးကြောင်းသင့်ပေသည်။ ထိုအချက်အလက်များကို သူတို့ ပထမဆုံးမြင်တွေ့စဉ်က သူတို့၏ အံ့၏ကြောင်အနေသည့်အမူအရာများမှာလည်း သူ့အောက် မလျော့ပေ။

ခဏအကြာတွင် ရွှေရောင်ဆံပင်သည် သတိပြန်ဝင်လာသည်။ စိတ်ရှုပ်ထွေးနေသည့်မျက်နှာဖြင့် အိတ်ကပ်ထဲမှ ဖုန်းကို ထုတ်လိုက်ပြီး စားသောက်ဆိုင်၏ဆိုင်းဘုတ်ကို ကြည့်လိုက်သည်။ ထို့နောက် သူ၏မှတ်စုကို ဖွင့်ကာ ရေးလိုက်သည်။

မုန့်မုန့်၏ပေါ့ပေါ့ပါးပါး စားသောက်ဆိုင်၊ xxxxx လမ်း၊ xx ခုနှစ်၊ xx လ၊ xx ရက်၊ နေ့လည် ၊ မှတ်တမ်း -

အလွန်ထူးခြားသည့် စားသောက်ဆိုင်တစ်ခုဖြစ်သည်။ ဆိုင်တံခါးအနီးတွင် လူဆယ်ချီ၍ တန်းစီနေကြသည်။ စားသောက်ဆိုင်တွင် အဖွဲ့ဝင်စနစ်ရှိပြီး၊ ၁ မှ ၁၀ အထိ တစ်ကတ်လျှင် ယွမ် ၁ သန်း၊ ၁၁ မှ ၂၀ အထိ ယွမ်

၁၀ သန်းရှိသည်။ မထင်ထားစွာပင် အဖွဲ့ဝင်မဟုတ်သည့်သူများအတွက် ကြက်ဥထမင်းကြော်နှင့် နို့ရနိုင်သည်။ ကြက်ဥထမင်းကြော် တစ်ပွဲလျှင် ယွမ် ၃၀၀ ၊ နို့တစ်ခွက်လျှင် ယွမ် ၁၀၀ ဖြစ်သည်။ စျေးနှုန်းမှာ အနည်းငယ် မြင့်မားပေသည်။

ထိုအရာများအားလုံးကို မှတ်တမ်းတင်ပြီးနောက် ရွှေရောင်ဆံပင်သည် သူ၏ဖုန်းကို ပြန်သိမ်းလိုက်ပြီး လူအုပ်ရှိရာသို့ သွားတန်းစီကာ တိတ်တဆိတ် စောင့်နေလိုက်သည်။

စားသောက်ဆိုင်ထဲတွင် အစားသောက်များကို ချက်ပြုတ်ခါနီးတွင် ကျန်းဟန်သည် လခြမ်းတောင်မှ စိတ်ဝိညာဉ်ရေများဖြင့်ပြည့်နေသည့် အိုးကြီးကို မီးဖိုပေါ်တင်ကာ ပွက်ပွက်ဆူအောင်ကြိုလိုက်သည်။

၎င်းကို မြင်သည့်အခါ လျန်မုန့်ချီ၏မျက်လုံးများ တောက်ပသွားပြီး မေးလိုက်သည်။ “သူဌေး ကျွန်မတို့ အရသာအသစ် မြည်းစမ်းရတော့မှာလား?”

“အင်း”

“အဲ့ဒါ ဘာလဲ”

“ခေါက်ဆွဲပြုတ်”

“ခေါက်ဆွဲပြုတ်လား။ အဲ့ဒါလည်း ကောင်းပါတယ်။ ကျွန်မ နောက်မှ စမ်းကြည့်မယ်” လျန်မုန့်ချီ အနည်းငယ် စိတ်ပျက်သည့်လေသံဖြင့် ပြောသည်။

သူမသည် ခေါက်ဆွဲပြုတ်ကို အကြိမ်အနည်းငယ် စားဖူးပြီး နောက်ဆုံးတွင် ၎င်းမှာ ရေနှင့်ပြုတ်သည့် ခေါက်ဆွဲသာဖြစ်ပြီး အသင့်စားခေါက်ဆွဲပြုတ်လောက်ပင် အရသာမတွေ့ခဲ့ပေ။ ထို့နောက်ပိုင်းတွင် လျန်မုန့်ချီ ခေါက်ဆွဲပြုတ်ကို ထပ်မစားတော့ချေ။

သို့သော်လည်း ကျန်းဟန်ချက်ပြုတ်ထားသည့်ဟာကိုတော့ သူမ မျှော်လင့်နေမိသေးသည်။ နောက်ဆုံးတွင် သူဌေး၏အစားသောက်များမှာ အရသာဆိုးသည့်အရာတစ်ကြိမ်မှ မရှိခဲ့ဖူးပေ။

အခြားတစ်ဖက်တွင် သူမရှေ့တွင်ရှိနေသည့် ယူချင်းချင်းနှင့် ကျောက်ဒါပဟူတို့၏ မျက်လုံးများ တောက်ပသွားသည်။

ဘေးနားတွင်ရှိနေသည့် ကျောက်ဖုန်းသည် ခေါင်းကို အသာအယာယမ်းလိုက်သည်။ အစားကောင်းကောင်းစားချင်ပါက သူဌေးနှင့် ဆက်ဆံရေးကောင်းမွန်ရမည်ကို သူသိသည်။

မနက်ခင်းတုန်းက သူတို့မနေ့ညက ကြက်သားဟင်းစားခဲ့ကြကြောင်း ကျန်းလီထံမှ သူကြားခဲ့ရသည်။ သူမတို့ပြောပြသော အနံ့နှင့်ပင်

ကျောက်ဖုန်းအား သရေယိုစေခဲ့သည်။ ယခု ကျောက်ဖူးသည် ယူချင်းချင်းနှင့် အခြားသူများကို ထိုအကြောင်းအား သူထုတ်ပြောလိုက်ပါက သူတို့၏အစာစားချင်စိတ်ကို ပျက်စီးသွားစေလိမ့်မည်။

ခေါက်ဆွဲပြုတ်သည် ကျန်းဟန်သေချာစဉ်းစားပြီးမှ ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သော အစားအသောက်ဖြစ်သည်။ ရိုးရှင်းပြီး အရသာရှိသော်လည်း အစေကအချက်မှာ လခြမ်းတောင်မှ ခေါက်ဆွဲမှာ အရည်အသွေးအလွန်ကောင်းမွန်ပြီး ခေါက်ဆွဲပြုတ်ဆိုတာ ဘာလဲ ရှင်းရှင်းလင်းလင်းသိသွားစေနိုင်သည်။

ခေါက်ဆွဲပြုတ်သည် တရုတ်အဆာပြေ အစားသောက်ဖြစ်သည်။ နာမည် အမျိုးမျိုးရှိသလို အခြေခံအားဖြင့် အနံ့အရသာများမှ မတူညီကြပေ။ အထူးသဖြင့် အရောင်များကွဲပြားကြသည်။ ဥပမာ ကြာညို့၊

ဟင်းချက်ဝိုင်၊ အသားဟင်းရည်၊ အနီရောင်ဟင်းဆီ စသဖြင့် ထည့်သည့်အရာအပေါ်တွင်မူတည်၍ ကွဲပြားသွားကြသည်။

ခေါက်ဆွဲပြုတ်လုပ်ရန် နည်းလမ်းအချို့ရှိသည်။ သာမန်ခေါက်ဆွဲပြုတ်၊ လှီးဖြတ်ထားသည့် ခေါက်ဆွဲပြုတ်နည်း၊ ရှုပ်ထွေးသည့်ခေါက်ဆွဲပြုတ်နည်း စသဖြင့် ရှိသည်။ အတွေ့အကြုံရှိသည့်သူများနှင့် အတွေ့အကြုံမရှိသည့်သူများရော တူညီသည့် ခေါက်ဆွဲပြုတ်လုပ်နည်းကိုသာ သုံးကြသည်။

တစ်ခါတစ်ရံတွင် ခေါက်ဆွဲ၏ ခိုင်မာတောင့်တင်းမှုကို သေချာစေ သိပ္ပံနည်းကျကျပင် ဆားရေကို အချိုးကျထည့်သည်။ ဆားရေနှင့် ခေါက်ဆွဲများသည် ဂျုံလုံးမုန့်စိမ်း၏ခိုင်မာမှုကို တိုးစေပြီး ခေါက်ဆွဲ ဆွဲရလွယ်ကူစေကာ မုန့်စိမ်းလုံးကို ပြတ်တောက်သွားစေခြင်း၊ စေးကပ်လွန်းခြင်း ၊ မာတောင့်လွန်းခြင်း မရှိစေပေ။

သို့သော် ကျန်းဟန်သည် ထိုအရာများကို မလိုအပ်ပေ။ လခြမ်းတောင်၏စိတ်ဝိဉာဉ်ရေရှိနေပါလျက်နှင့် အဘယ့်ကြောင့် ဆားရေလိုအပ်ပါမည်နည်း။

ကျန်းဟန်သည် မုန့်စိမ်းလုံးကို ပြင်ဆင်သည်။

မုန့်စိမ်းနယ်ခြင်းတွင် အသိပညာဗဟုသုတများစွာရှိသော်လည်း ရေပန်ကန်လုံးထဲတွင် တစ်ခါတည်းတန်းထည့်ရန် မဖြစ်နိုင်ပေ။ ဂျုံမှုန့်ကို အလယ်တွင် ချိုင့်ကွက်လေးလုပ်ပြီး ရေကို ဖြည်းဖြည်းချင်း လောင်းထည့်ကာ ဖြည်းဖြည်းချင်း မွှေပေးရမည်။

ဂျုံမှုန့်ဖန့်သွားသည့်အခါ ဂျုံမှုန့်ကို လက်ဖြင့် အကြိမ်ကြိမ် နယ်ပေးခြင်းဖြင့် ဂျုံစိမ်းလုံးဖြစ်လာစေသည်။

ဤနည်းဖြင့် ဂျုံမှုန့်သည် နေရာတိုင်းကို ပြန့်ကျဲသွားကာ အချိန်ကုန်နေမည်မဟုတ်တော့ချေ။ မဟုတ်ပါက ဂျုံနှင့်ရေမှာ နှံ့စပ်မှုမရှိတော့ပဲ အတုံးတုံးများဖြစ်သွားပေမည်။

ကျန်းဟန်သည် မုန့်စိမ်းလုံးကို ဆုပ်နယ်နေချိန်တွင် သူ၏ကိုယ်ထဲမှာ စိတ်ဝိဉာဉ်စွမ်းအင်များမှာ သူ၏လက်ဆီသို့ စီးဆင်းသွားကာ မုန့်လုပ်သည့် လုပ်ငန်းကို ပို၍ ထိရောက်စေသည်။ အခြားသူသာဆိုပါက ခေါက်ဆွဲလုပ်ရန် ၁၀ မိနစ်အခန့် အချိန်ယူရမည်ဖြစ်သော်လည်း ကျန်းဟန်သည်တော့ ၂ မိနစ်ခန့်သာ ကြာသည်။

ယခု ခေါက်ဆွဲမှာ အဆင်သင့်ဖြစ် သွားကာ ရေနွေးမှာလည်း ပွက်ပွက်ဆူနေပြီ ဖြစ်သည်။ ထိုအချိန်တွင် ဒုတိယအဆင့် ခေါက်ဆွဲဖြတ်ရန်ဖြစ်သည်။

ကျန်းဟန် ဓားကိုကောက်ကိုင်လိုက်ပြီး ခဏလောက်စဉ်းစားကာ လက်ကို ပြန်ရုတ်လိုက်သည်။

"သူဌေး ရှင် မုန့်လုပ်နည်းက အရမ်းမိုက်တာပဲ"

ထိုအချိန်တွင် လျှန်မုန့်ချီ ရောက်လာသည်။ သူမသည် ယခင်က ၎င်းကို မခံစားမိသော်လည်း ယခုတော့ ချက်ပြုတ်တတ်သည့် ယောက်ျားက

အမှန်တကယ်ချောမောသည်ဟု ခံစားလာရသည်။ မဟုတ်သေး။ သူ့ဒွေးက အမှန်တကယ်ချောမောတာ ဖြစ်သင့်သည်။

နောက်ဆုံးတွင်တော့ သူ့ဒွေးမှလွဲ၍ မည်သူကမျှ ဤကဲ့သို့ အရသာရှိသော ဟင်းလျာများကို မချက်ပြုတ်နိုင်ချေ။

"သူ့ဒွေးရဲ့ လက်လု်ခေါက်ဆွဲက သေချာပေါက် ကောင်းမှာပဲ" လျန်မုန့်ချီသည် ကောင်တာပေါ် လက်ထောက်လိုက်ပြီး ကျန်းဟန်၏လှုပ်ရှားမှုများကို ကြည့်ရင်း တက်ကြွမှုအပြည့်ဖြင့် သူမ၏မျက်လုံးများ တောက်ပနေသည်။

-C 100 End

wunzinnosp

## အပိုင်း(၁၀၁)

"လက်လုပ်ခေါက်ဆွဲမဟုတ်ပါဘူး"

ကျန်းဟန်ခေါင်းယမ်းကာ ပြောသည်။

"လက်ဆွဲခေါက်ဆွဲကောင်းကောင်းလေး လုပ်မလို့ပါ"

"ဟုတ်တယ် မုန့်မုန့်က လက်ဆွဲခေါက်ဆွဲကောင်းကောင်းလေး စားချင်တယ်ဆိုလို့ သူဌေးက အဲ့ဒါကို အထူးစပါယ်ရှည်လုပ်ပေးတာ" ဘေးတစ်ဖက်ရှိ ကျောက်ဖုန်း ရယ်မောကာ ပြောသည်။

"အမ် ကျွန်မသိပြီ။ ဘာလို့များ ခေါက်ဆွဲလုပ်နေပါလိမ့်လို့ သိချင်နေတာ။ လက်စသတ်တော့ မုန့်မုန့်က ဒါကို စားချင်လို့ပဲ" လျန်မုန့်ချီ ပြောလိုက်သည်။ သူဌေးသည် မုန့်မုန့်၏တောင်းဆိုမှုမှန်သမျှကို အခြေခံ၍ လုပ်သည်။

သို့သော် သူသည် သူမတို့အား ဂရုစိုက်ခြင်းမရှိချေ။ သူမတို့ အစားအသောက်များ စိတ်ကြိုက်မှာ၍မရသေးကြောင်း လျှန်မုန့်ချီသိပေသည်။

"အင်း"

ကျန်းဟန် ခေါင်းညိတ်ပြီး သူ၏လက်များကို စတင်လှုပ်ရှားလိုက်သည်။

သူသည် မုန့်စိမ်းကို လက်ဖြင့် ဆွဲလိုက်ကာ လက်ဖဝါးမှတစ်ဆက် အော်ရာများ အဆက်မပြတ် မုန့်စိမ်းပေါ်သို့ စုစည်းလာသည်။ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး မုန့်စိမ်းကို လက်မောင်းလုံးခန့်အထူရှိသည့် ဆလင်ဒါပုံစံ ဆွဲဆန့်လိုက်သည်။

ကျန်းဟန် စတင်သည်နှင့် အခန်းထဲရှိ မျက်လုံးများသည် တဖြည်းဖြည်း စုစည်းသွားကြသည်။

ကျန်းဟန် ချက်ပြုတ်နေသည့်အချိန်တိုင်း သူတို့အမြဲတမ်း တစ်ခဏတာ စောင့်ကြည့်ကြသည်။ အကြောင်းမှာ ကျန်းဟန်၏လှုပ်ရှားမှုများသည် သူတို့အတွက် ရိုးရှင်းစွာဖြင့် အနုပညာဆန်နေသောကြောင့်ပင်။

လူများ၏မျက်လုံးထဲတွင် ကျန်းဟန်၏လက်များက မတူကွဲပြားသည့် ကြိမ်နှုန်းများဖြင့် လှုပ်ရှားနေသည်။

လက်ဝါးပေါ်ရှိ မုန့်စိမ်းသည် စတင်လည်လာပြီး ပင်လယ်ထဲတွင် တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာသည့် ရေဝဲတစ်ခုကဲ့သို့ လှည့်ပတ်မှုနှုန်းက ပိုပိုမြန်လာပြီး မုန့်စိမ်းသည် တဖြည်းဖြည်း ပို၍ ပို၍ ကောင်းမွန်လာသည်။

ထိုအချိန်တွင် ကျန်းဟန်၏ အော်ရာသည် ညာလက်လက်ပေါ်တွင် စူးစိုက်နေပြီး လက်ချောင်းငါးချောင်းလုံးက လက်သီးဆုပ်ထားသည်။ စိတ်ဝိဉာဉ်အာရုံ၏လမ်းညွှန်မှုဖြင့် လက်ချောင်းကဲ့သို့သော

ခေါက်ဆွဲမြင်တစ်ခုက လက်ချောင်းများကြားမှ ထွက်လာကာ ပွက်ပွက်ဆူနေသော အိုးဆီသို့ ပျံသန်းသွားသည်။

ခေါက်ဆွဲသည် လက်ချောင်းလုံးခန့် ထူသလော? ထိုသို့သော ခေါက်ဆွဲမရှိပါချေ။

ကျန်းဟန် ပြုလုပ်လုပ်ချင်သည်ကာ ခေါက်ဆွဲကောင်းကောင်းပင်။

ခေါက်ဆွဲဘယ်လောက်ထိကောင်းမလဲ? အမှန်တကယ် ကောင်းနိုင်သမျှ အကောင်းဆုံးဖြစ်အောင်ပင်။

ကျန်းဟန်သည် သူ၏ညာလက်ကို လျှန်မြန်၍စည်းချက်ကျကျဖြင့် စက်ဝိုင်းပုံစံ လှုပ်ရှားလိုက်သည်။ လက်ချောင်းပုံစံ ခေါက်ဆွဲသည် ရှေ့သို့ အဆက်မပြတ် လည်သွားသည်။ သူ၏လက်ထဲတွင် ဖဲကြိုးတစ်ချောင်းကိုင်ထားပြီး ခရုပတ်သဏ္ဍာန်ဖြစ်အောင် အဆက်မပြတ် ဝှေ့ယမ်းသကဲ့သို့ပင်။

ထိုအချိန်၌ လက်ချောင်းလုံးခန့်အထူရှိသည့် ခေါက်ဆွဲလုံးသည် ပုံမှန်ခေါက်ဆွဲမျှင်နှင့် တူလာပြီး လည်ပတ်နှုန်းမှာ တိုးလာကာ ခေါက်ဆွဲမှာ ပို၍ကောင်းမွန်လာသည်။

ခေါက်ဆွဲသည် အိုးထဲသို့ ကျသည့်အချိန်တွင် ၂၀ စင်တီမီတာစီ ကွဲသွားသည်။ ၎င်းမှာ စိတ်ဝိညာဉ်စွမ်းအင်၏ထိန်းချုပ်မှုအောက်တွင် ပြီးမြောက်သွားနိုင်ခဲ့သည့် စွမ်းဆောင်မှုတစ်ခုဖြစ်သည်။

ထိုနည်းဖြင့် ခေါက်ဆွဲများသည် အဆက်မပြတ် ပျံသန်းနေကာ မုန့်စိမ်းလုံးကို ပိုးချည်မျှင်များကဲ့သို့ ပြောင်းလဲနေသည့်လုပ်ငန်းစဉ်မှာ လူတိုင်းအား တုန်လှုပ်သွားစေသည်။

သူဌေးချက်ပြုတ်သည့်အခါ လှည့်ကွက်အချို့ရှိကြောင်း ကောင်းကောင်းသိထားသော်လည်း

ယခုလောက်အထိညှို့ယူဖမ်းစားနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။ လူတိုင်း မအံ့သြဘဲမနေနိုင်ချေ။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?"

"ဘုးရားရေ ကြောက်ဖို့ကောင်းလိုက်တာ။ ခေါက်ဆွဲကို ဘယ်လိုတောင် ဆွဲတာလဲဟ"

"လက်လုပ်ခေါက်ဆွဲကို ဒီလိုမျိုးလုပ်တာကို ငါ့အတွက် ပထမဆုံးတွေ့ဖူးတာပဲ။ ယီးပဲ....ခေါက်ဆွဲကိုကြည့်စမ်းပါဦးဟ။ ခေါက်ဆွဲရဲ့ ကောင်းချက်က ပိုးသားလေးကျနေတာပဲ"

"အရမ်းအံ့သြဖို့ကောင်းတယ်။ တကယ်ကို အံ့သြစရာပါပဲ။ သူဌေးက သာမန်လူတစ်ယောက် မစွမ်းဆောင်နိုင်တဲ့ လက်ရာမျိုး ရှိတာပဲ"

"ပြည်မကြီးက လက်လုပ်ခေါက်ဆွဲဘုရင်တောင် သူဌေးရဲ့ ဆယ်ပုံတစ်ပုံလောက် မကောင်းမှာကို ငါ့ကြောက်မိသေးတယ်"

"…"

ရှန်ဘဲ့မြောက်ပိုင်းတွင် အလွန်အစွမ်းထက်သော ခေါက်ဆွဲမာစတာတစ်ယောက်ရှိခဲ့သည်။ သူပြုလုပ်ထားသော ခေါက်ဆွဲသည် ဆံချည်မျှင်ကဲ့သို့အထိ ကောင်းမွန်သည်ဟု ဆိုကြသော်လည်း အမှန်တကယ်တွင် ၎င်းမှာ ချဲ့ကားပြောကြခြင်းဖြစ်သည်။ တကယ်တမ်းတွင် သူ၏ခေါက်ဆွဲသည် ဆံချည်မျှင်အဆင့်ထိ ကောင်းမွန်ခြင်းမရှိပေ။

ယခုတွင်တော့ လူတိုင်းသည် ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းသော ခေါက်ဆွဲကို ကြည့်ကာ အလွန်ထိတ်လန့်တုန်လှုပ်နေကြသည်။

အမှန်တကယ်ကို ဆံချည်မျှင်ကဲ့သို့ ကောင်းမွန်ပေသည်။ ဤကျွမ်းကျင်မှုက မည်သို့ဖြစ်လာသလဲဆိုသည်အား သူတို့ နားမလည်နိုင်ကြချေ။

သူတို့သိသည်မှာ ခေါက်ဆွဲများသည် ရေဝဲကဲ့သို့ လည်ကာ ပျံတက်နေသည်ကိုသာ သိကြသည်။ ဘယ်လောက်ကြောက်ဖို့ကောင်းပြီး ထိတ်လန့်ဖို့ကောင်းလိုက်သလဲ!

ထိုအချိန်တွင် အတုန်လှုပ်ဆုံးသူမှာ ကျောက်ဖုန်းပင်ဖြစ်သည်။ ကျန်းဟန်၏လက်ဖဝါးများ လှုပ်ရှားသွားသည့်အချိန်တွင် သူ၏မျက်လုံးများမှာ ပို၍ပို၍ ပြူးကျယ်လာပြီး နောက်ဆုံးတွင် စကောလောက်ပင် ပြူးကျယ်လာသည်။

ခေါက်ဆွဲများ ဖြစ်ပေါ်လာသည်နှင့် မျက်လုံးအတွင်းရှိ သူငယ်အိမ်မှာ ကျဉ်းမြောင်းလာပြီး အလွန်ကြောက်မက်ဖွယ်ကောင်းသည့် အရာတစ်ခုကို တွေ့လိုက်ရသကဲ့သို့ အမူအရာဖြစ်လာသည်။

“ဒါက...”

ကျောက်ဖုန်း ခဏလောက် ကြောင်အနေပြီး ရုတ်တရက် ခေါင်းဆောင်ပြောခဲ့ဖူးသည့် ဒဏ္ဍာရီကို သတိရသွားကာ တုန်လှုပ်သွားသည်။

"ဘာ!"

"တကယ်ကြီးပေါ့!"

"သူ့ငွေးက…"

ကျောက်ဖုန်း အလွန်ထိတ်လန့်သွားပြီး ကျန်းဟန်အား မယုံကြည်နိုင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

အထူးတပ်ဖွဲ့တွင် ရှိစဉ်အခါက သူ၏ခေါင်းဆောင်နှင့် နာရီဝက်ကြာအောင် သီးသန့်လက်ရည်စမ်းတိုက်ခိုက်ခဲ့သည်ကို သတိရမိသည်။ နောက်ဆုံးတွင် ခေါင်းဆောင်သည် သူ့အား အလွယ်တကူ အနိုင်ယူခဲ့သည်။ ကျောက်ဖုန်း၏ရှုံးနိမ့်မှုသည်

အလွန်သေချာနေခဲ့သော်လည်း သူသည် ယုံကြည်မှုရှိခဲ့သည်။ သို့သော် ခေါင်းဆောင်သည်

"ဒီကမ္ဘာမှာ ငါတောင် မထိတွေ့နိုင်တဲ့ အသိုင်းအဝိုင်းက အလွန်ကြောက်စရာကောင်းတဲ့ပညာရှင်တွေ မရေမတွက်နိုင်အောင်ရှိတဲ့ မမြင်နိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုရှိတယ်"

ကျောက်ဖုန်းသည် မမြင်နိုင်သည့်လူ့အဖွဲ့အစည်း ဆိုတာ ဘာလဲ မေးခဲ့သော်လည်း ခေါင်းဆောင်သည် မည်သို့မျှ ပြန်မပြောဘဲ ရယ်မောခဲ့သည်။ သူသည် ထွက်သွားသည့်အချိန်တွင် စကားတစ်ခွန်းချန်ခဲ့သည်။ "မင်းနဲ့ငါက အစွမ်းထက်တယ်ဆိုပေမဲ့ ငါတို့က ရေတွင်းထဲက ဖားသူငယ်တွေ ဖြစ်နေတုန်းပဲ။ အဲ့ဒီလူတွေက သိုင်းလောကလိုမျိုး စိတ်ကူးမယဉ်နိုင်လောက်တဲ့ တည်ရှိမှုပဲ"

သိုင်းလောက? ဝူရှသိုင်းဇာတ်လမ်းတွဲတွေထဲကလိုမျိုး အတွင်းအားရှိတဲ့လူတွေလိုမျိုးလား?

ကျောက်ဖုန်း မယုံကြည်နိုင်စွာဖြင့် ခန့်မှန်းခဲ့သည်။ ယခုအချိန်မတိုင်ခင်အထိ သူသည် ထိုအရာကို မေ့လုနီးပါးဖြစ်နေခဲ့သော်လည်း ကျန်းဟန်၏အရည်အချင်းနှင့် သူ၏ရှေ့ရှိ မြင်ကွင်းကို တွေ့မြင်ပြီးနောက် ကျောက်ဖုန်းသည် တုန်လှုပ်ခြောက်ခြားမှုကို မခံစားဘဲ မနေနိုင်ချေ။

သူဌေးက အဲဒီ မမြင်နိုင်တဲ့ ပုန်းကွယ်နေတဲ့ လူ့အဖွဲ့အစည်း၏ မာစတာတတစ်ယောက်ဖြစ်သည်ကို သူ ရုတ်တရက် သိလိုက်သည်။ သူဌေးက အတွင်းအား ရှိတဲ့ သိုင်းပညာရှင်ဖြစ်ရန် အလွန်ဖြစ်နိုင်ချေများသည်။

မဟုတ်ပါက သူဌေးသည် ဤအဆင့်သို့ မည်သို့ရောက်နိုင်မည်နည်း။ သာမန်စွမ်းအားဖြင့် ဤသို့လုပ်နိုင်မည်မဟုတ်ချေ။

သို့သော် ကျောက်ဖုန်းမသိခဲ့သည်မှာ သူ၏ခန့်မှန်းချက်မှာ အမှန်တရားနှင့် နီးစပ်လုနီးနီးဖြစ်ခဲ့သည်ကိုပင်။

နှိုင်းယှဉ်၍ ပြောရလျှင် ချီသန့်စင်ခြင်းအဆင့်တွင်ရှိသော ကျန်းဟန်သည် အမှန်တကယ် အတွင်းအားရှိသော သိုင်းပညာရှင်နှင့် ညီမျှသည်။ သို့သော် အနှစ်သာရအားဖြင့် ကျန်းဟန် လျှောက်လမ်းနေသော လမ်းစဉ်သည် အင်မော်တယ်လမ်းစဉ်ဖြစ်ပြီး ေရှးအကျဆုံးလမ်းစဉ်ဖြစ်သည်။ အခြားအရာများနှင့် ယှဉ်လျှင် အခက်ခဲဆုံးဖြစ်ပြီး အထူးသဖြင့် ဤကမ္ဘာမြေကြီးတွင် စိတ်ဝိညဉ်ချီကုန်ဆုံးသွားခြင်းပင်။

အမှန်ပင် ယနေ့ခေတ်တွင် ကမ္ဘာမြေကြီးသည် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး ဖုန်းရွှေရတနာအနည်းငယ်တွင်သာ စိတ်ဝိညဉ်စွမ်းအင်ရှိနိုင်တော့သည်။ ကျန်းဟန် ၎င်းကို သေချာပေါက်သိပေသည်။ အခြားဥပမာဖြင့် နှိုင်းယှဉ်ပြရသော် စိတ်ဝိညဉ်စွမ်းအင်မရှိဘဲ သူ၏ခန္ဓာကိုယ်အတွင်းသို့ စိတ်ဝိညဉ်စွမ်းအင် ဖြည့်တင်းနိုင်မည်မဟုတ်ပေ။ သူ၏ကျင့်ကြံမှုနည်းစနစ်အပေါ်တွင်သာ အားကိုး၍

တဖြည်းဖြည်းချင်း ကျင့်ကြံရသည်။ ဤနည်းလမ်းမှာ အလွန်ခက်ခဲပြီး ပြန်လည်နလန်ထူရန် နှေးကွေးသည်။ ၎င်းမှာ အလွန်အကူအညီမဲ့စေသည်။

သူ၏အကြည့်သည် ကျန်းဟန်ဆီသို့ ပြန်လည်ရောက်ရှိသွားသည်။

ခေါက်ဆွဲသည် ရေဝဲကဲ့သို့ လည်ပတ်ကာဖြင့် ပွက်ပွက်ဆူနေသော အိုးထဲသို့ တဖြည်းဖြည်းကျဆင်းသွားသည်။ တခဏအတွင်းသာ ကြာလိုက်ပေသည်။ လုပ်ငန်းစဉ်တစ်ခုလုံးသည် တစ်မိနစ်သာအချိန်ကြာလိုက်သည်။

မုန့်စိမ်းတစ်အိုးသည် တစ်မိနစ်အတွင်း၌ ဆံချည်မျှင်ကဲ့သို့သော သေးသွယ်သည့် ခေါက်ဆွဲမျှင်များ ဖြစ်လာသည်။ ထိုစကားများသာ အပြင်သို့ပြန့်သွားပါက မည်သူမျှ ယုံကြည်နိုင်မည်မဟုတ်ပေ။

စားသောက်ဆိုင်အတွင်းရှိ လူများပင် သူတို့၏မျက်လုံးများကို မယုံနိုင်ကြပေ။ ဤမြင်ကွင်းမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလွန်းသည်။

ပွက်ပွက်ဆူနေသော အိုးထဲသို့ ခေါက်ဆွဲများ ကျသွားသောအခါ ကျန်းဟန် ဖြည်းညှင်းစွာ အသက်ရှူထုတ်လိုက်သည်။

ထိုခေါက်ဆွဲလုပ်ပြီးသွားသည့်အခါ ကျန်းဟန်၏စိတ်ဝိညာဉ်စွမ်းအင် ထက်ဝက်ခန့် ကုန်ဆုံးသွားရသည်။

ထိုစွမ်းအင်ထက်ဝက်မှာ ရတနာရှာဖွေခြင်းနည်းစနစ်ကိုလေ့ကျင့်သည်ပင်လျှင် ကျန်းဟန်အတွက် ပြန်လည်ဖြည့်တင်းရန် နေ့တစ်ဝက်ခန့် အချိန်ယူရပေမည်။

ခေါက်ဆွဲပြုတ်နေသည့်အချိန်တွင် ကျန်းဟန်သည် နေ့လည်စာအတွက် ကြက်ဥထမင်းကြော် ကြော်လိုက်သည်။

သူ၏ခန္ဓာကိုယ် လှုပ်ရှားသည့်အချိန်တွင် လူများ သတိပြန်ဝင်လာကြသည်။

“ဘုရားရေ!”

လျန်မုန့်ချီသည် ကောင်တာဘေးတွင် ရပ်နေရင်း မျက်လုံးပြူးကာအော်လိုက်သည်။

“အရမ်းချောတာပဲ။ သူ့ငွေးကအရမ်းချောလွန်းတယ်။ ငါဘာလုပ်ရမလဲ? ငါမင်းကို အရမ်းသဘောကျနေပြီ”

“အမှန်ပဲ။ ငါသာ မိန်းကလေးဆိုရင် သူ့ငွေးကို သေချာပေါက် လိုက်မှာ” ကျောက်ဒါဟူ၏လေသံသည် ထိတ်လန့်တုန်လှုပ်နေသောကြောင့် တိုးညှင်းနေသည်။

ထိုအချိန်တွင် ယူချင်းချင်းသည် ကျောက်ဒါဟူ၏သဘောထားကို ဂရုမစိုက်နိုင်ဘဲ ကျန်းဟန်၏မျက်လုံးများကိုသာ စိုက်ကြည့်နေသည်။ သူမ၏အကြည့်ထဲတွင် လေးစားချစ်ခင်မှုများ က ပြောမပြတတ်လောက်အောင်ပင်။

ချီးမွမ်းခန်းဖွင့်နေကြသော်လည်း ကျန်းဟန်သည် မည်သည့်အမူအရာမျှမရှိ ပုံမှန်အတိုင်းပင် သူ၏ထမင်းကြော်ကို ကြော်နေဆဲပင်ဖြစ်သည်။

သူ၏စိတ်ထဲတွင်တော့ ငါ့ရဲ့ လှုပ်ရှားမှုစွမ်းရည်တွေက အရမ်းကြီး ချဲ့ကားလွန်းနေသလား ဟုသာ တွေးနေသည်။

ဤတစ်ကြိမ်ခေါက်ဆွဲလုပ်ရာတွင် သူ၏စိတ်ဝိညာဉ်စွမ်းအင် တစ်ဝက်ခန့် ဖြုန်းတီးလိုက်ရသည်။ သူ၏အရှိန်ကို မြှင့်တင်ရန်ဆိုသော်လည်း ထိုလူများ၏ တုံ့ပြန်မှု လွန်ကဲနေပုံမှာ သူလမ်းမှားလိုက်မိသွားပုံရသည်။

ကောင်းပြီ နောက်တစ်ခါဆိုရင် သာမန်ပုံစံနဲ့ပဲ လုပ်တော့မယ်

ကျန်းဟန် ခေါင်းကို ညင်သာစွာယမ်းလိုက်သည်။

ကြက်ဥထမင်းကြော်နေစဉ် ကျန်းဟန်သည် ခေါက်ဆဲပြုတ်ထဲသို့ ဆားနှင့် ကောင်းကင်သစ်မွှေးမှုန့်ကို ထည့်လိုက်သည်။

ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်မှာ မကြာခင်ပင် ပြီးဆုံးသွားသည်။ ကျန်းဟန်သည် အာလူးကြော်နှင့် သခွားသီးကိုလည်း တစ်ခုပြီးတစ်ခု လုပ်လိုက်သည်။ လူများသည်လည်း ပုံမှန်တိုင်းပင် သူတို့၏အစားသောက်ကို စားသောက်ကြသည်။

"ဝိုး ကောင်းလိုက်တဲ့ခေါက်ဆွဲ! အရောင်လေးက ကြည်ပြီး အနုပညာဆန်ဆန်နဲ့ လုလိုက်တာ"

လျန်မုန့်ချီသည် ခေါက်ဆွဲပြုတ်ပန်းကန်ကို ကိုင်ထားရင်း အော်လိုက်ပြီး သူမ၏ အထူးစားဖွယ်ကို စားသောက်ရန် ထိုင်ခုံသို့ ပြန်သွားသည်။

အမှန်တကယ်တွင် လျန်မုန့်ချီသည် ဂျုံအစားအစာကို အလွန်ကြိုက်နှစ်သက်သည်။ သူမ နောက်ဆုံးတစ်ကြိမ်

ဖက်ထုပ်စားစဉ်က ဖက်ထုပ်မှာ နူးညံ့ပြီး အရသာရှိသောကြောင့် သူမအား ခံတွင်းတွေ့စေခဲ့သည်။ ယခု သူမ ခေါက်ဆွဲပြုတ်ကို စားနေပြီဖြစ်သည်။ ခေါက်ဆွဲမှာ ပေါ့ပေါ့ပါးပါးစားစရာဖြစ်သော်လည်း ကြက်ဥထမင်းကြော်ကိုပင် ယာယီစွန့်လွှတ်ပြီး ခေါက်ဆွဲကို အရင်မြည်းစမ်းသည်။

ကျောက်ဒါဟူသည် အစပ်အလွန်ကြိုက်သူတစ်ယောက်ဖြစ်သည်။ နှစ်ကာလကြာလာသည်နှင့်အမျှ သူ၏အစာအိမ်မှာ ပြဿနာအသေးအမွှားလေးများ ရှိလာခဲ့သည်။ တစ်ခါတစ်ရံ အစပ်အပွများစားမိသည့်အခါ ဗိုက်နာတတ်သည်။ သို့သော် ဤစားသောက်ဆိုင်သို့ ရောက်လာသည့်အချိန်မှစ၍ တစ်ခါမှ ဗိုက်မနာခဲ့ဖူးပေ။ ယခုအချိန်တွင် သူသည် ခေါက်ဆွဲပြုတ်ထဲသို့ ငရုပ်ဆီအနည်းငယ် ထည့်ချင်သော်လည်း ဗနီကာနှင့် ပဲငံပြာရည်ပင်မရှိပဲ ဆော့ပြင်ဆင်ထားခြင်းမရှိသောကြောင့် သည်အတိုင်းစားရုံသာ ရှိသည်။

ခေါက်ဆွဲများသည် ယူချင်းချင်း အကြိုက်ဆုံးအစားအစာဖြစ်သည်။ အထူးသဖြင့် အန်ဟွေ့ခေါက်ဆွဲပင်။ သို့သော် ယခုခေါက်ဆွဲပြုတ်သည်လည်း မဆိုးဘူးဟု သူမထင်သည်။

ခေါက်ဆွဲကို ပထမဆုံး ယူလာသည့် သုံးယောက်သည် စတင်လှုပ်ရှားလိုက်ကြပြီး သူ၏တို့၏ နေ့လည်စာကို ခံစားကြသည်။

"အမ်...."

ဟင်းရည်တစ်စွန်းကို တစ်ပြိုင်တည်းခပ်ကာ မှုတ်၍သောက်လိုက်ကြသည်။

ဟင်းရည်သည် ဂျုံ၏အရသာကို ခပ်ပြင်းပြင်းပါရှိသည်။ ဟင်းရည်သောက်လိုက်သည့်အခါ ဖော်မပြနိုင်သော ချိုမြိန်သည့်အရသာမှာ သူတို့၏လည်ချောင်းအတွင်းသို့ စိမ့်ဝင်သွားသည်။ ထိုအခိုက်အတန့်တွင် ဟင်းရည်သည် လန်းဆန်းစေသည့်ရေအဖြစ်သို့ ပြောင်းလဲသွားပုံရပြီး

သူတို့၏ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ကိုပင် အာဟာရဖြစ်စေကာ သက်တောင့်သက်သာ ခံစားရစေသည်။

"အရသာရှိလိုက်တာ" လျှန်မုန့်ချီသည် လေးလေးနက်နက်ပြောလိုက်သည်။

"ခေါက်ဆွဲကို အရသာခံကြည့်" ယူချင်းချင်းသည် တူများကို ကောက်ကိုင်လိုက်ပြီး ခေါက်ဆွဲကို ညင်သာစွာ ဆွဲယူရန် ကြိုးစားလိုက်သည်။ ခေါက်ဆွဲသည် အလွန်ကောင်းမွန်နူးညံ့လွန်းသောကြောင့် အားဖြင့် ဖိလိုက်မိမည်ကို စိုးထိတ်နေသည်။

သို့သော် မမျှော်လင့်စွာပင် ခေါက်ဆွဲမှာ နူးညံ့ကောင်းမွန်သလောက် တောင့်တင်းခိုင်ခံ့ပေသည်။ သူမအားဖြင့်ညှပ်ယူလိုက်သည်ပင် ခေါက်ဆွဲမှာ မပျက်စီးသွားပေ။

"အမ်...."

ယူချင်းချင်း ပါးစပ်အပြည့် စားလိုက်သည့်အခါ ခေါက်ဆွဲ၏မွှေးရနံ့မှာ ခံတွင်းအတွင်း၌ ပြည့်သွားသည်။ အလွန်သာလွန်ကောင်းမွန်သော အရသာကို ခံစားလိုက်ရပြီး နတ်ပြည်မှ ခေါက်ဆွဲကို စားလိုက်ရသည့် အတွေ့အကြုံကို ရရှိလိုက်သလိုပင်။

"ခေါက်ဆွဲပြုတ်က ဒီလောက်ကောင်းတဲ့အရသာရှိတာကို ငါပထမဆုံးစားဖူးတာပဲ။ ဒါကမှ တကယ့်ခေါက်ဆွဲပြုတ် အစစ်ပဲ" ယူချင်းချင်းသည် မျက်လုံးများ မှေးစင်းသွားပြီး မှတ်ချက်ပေးလိုက်ကာ သူမ၏လှုပ်ရှားမှုများမှာ အရှိန်နှုန်းမြင့်လာသည်။

"အမ်...."

အဖွဲ့ဝင်စားပွဲမှလူများ၏ ခေါက်ဆွဲကို အားရပါးရစားနေသည့်အသံများက ကျယ်လောင်စွာထွက်ပေါ်လာပြီး ၎င်းတို့၏ အရှူးအမူးဖြစ်နေသည့်အမူအရာများက တစ်ဖက်မှ

ကြက်ဥထမင်းကြော်ကိုသာ စားနေရသည့်လူများကို စောင့်ကြည့်စေရန် ဦးတည်သွားသည်။

-C 101 End

wunzinnosp

## အပိုင်း(၁၀၂)

“မွှေးလိုက်တာ…” ယောကျ်ားတစ်ယောက်သည် မနေနိုင်ဘဲ တံတွေးမျိုချရင်း “ခေါက်ဆွဲက တော်တော် အရသာရှိတဲ့ပုံပဲ” ဟု တိုးတိုးလေး ရေရွတ်လိုက်သည်။

“ဟုတ်တယ်” ဘေးဆိုင်မှ မန်နေဂျာသည် ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းလိုက်ပြီး “သူတို့က ပုံမှန်ဆိုရင် အိန္ဒြေနဲ့စားလေ့ရှိတယ်။ ဒီလိုမျိုး အရူးအမူးစားနေပုံက ဘယ်လောက်အရသာရှိမလဲဆိုတာ

ရှင်းပြနေစရာမလိုလောက်အောင် လုံလောက်နေပြီ။ အာ....ကံမကောင်းတာက ငါက အဖွဲ့ဝင်တစ်ယောက်မဟုတ်တာပဲ”

“သူဖွေးလုပ်ထားတဲ့ ထမင်းကြော်က အရမ်းအရသာရှိတယ်။ ခေါက်ဆွဲကလည်း သေချာပေါက်ကို အရသာရှိမှာ။ သူတို့ရဲ့ခေါင်းတွေလည်းကြည့်ကြဦး ပန်းကန်ထဲတောင် မြုပ်တော့မယ်” မန်နေဂျာနှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေသည့် ရှောင်မေ့သည် ပြုံးပြုံးလေးပြောလိုက်သည်။

တစ်ခါတစ်ရံ ပတ်ဝန်းကျင်သည် အခြားသူများကို စိတ်ကိုသက်ရောက်စေနိုင်ပြီး အချို့လူများ ပျော်ပျော်ရွှင်ရွှင်စားသောက်နေသည်ကိုမြင်ပါက ထိုသူ၏အစာစားချင်စိတ်ကိုလည်း သက်ရောက်သွားစေသည်။ ဥပမာအားဖြင့် ပုံမှန်ဆိုလျှင် အစားနည်းနည်းသာ စားလေ့ရှိသူသည် အစားများများစားသူနှင့်အတူ

မြိန်ရေယှက်ရေစားနေရပါက ထိုသူသည် သူ၏ပုံမှန်စားလေ့ရှိသည့်ပမာဏထက် အနည်းငယ် ပို၍ စားနိုင်ပေလိမ့်မည်။

ယခုတွင်တော့ အဖွဲ့ဝင်များ၏စားပွဲတွင် ထိုင်နေကြသူအားလုံးသည် ခေါက်ဆွဲပြုတ်ကို အားရပါးရစားနေကြသည်။ အခြားသူများသည် သူတို့၏အားပါးတရစားနေသည့်အသံများ အမူအရာများကြောင့် ခေါက်ဆွဲပြုတ်ကို ချက်ချင်းပင် စားကြည့်ချင်ကြသည်။

သို့သော် သူတို့စားခွင့်မရှိချေ။ အဖွဲ့ဝင်မဟုတ်သည့်အတွက် သူတို့ မစားနိုင်ကြပေ။

လူစုသည် စိတ်ထဲ၌ ခါးသည်းစွာဖြင့်ပင် စိတ်ပြိုးလိုက်မိကြသည်။

မမျှော်လင့်စွာပင် ကျန်းဟန်သည် ခေါက်ဆွဲပြုတ်အမြောက်အများ လုပ်ထားခဲ့ပြီး

အဖွဲ့ဝင်မဟုတ်သူများပါ ခေါက်ဆွဲပြုတ် အနည်းငယ်စားခွင့်ပြုရန် ရည်ရွယ်ခဲ့သည်။ ချက်ပြုတ်ပြီးစီးသည့်အခါ ကျန်းဟန်သည် ကျန်းလီကိုခေါ်ပြီး စားသောက်ကြရန် အစားအစာများကို အပေါ်ထပ်သို့ တန်း၍ ယူသွားခဲ့သည်။

“အမ်…ကောင်းလိုက်တာ” လျှန်မုန့်ချီသည် ပန်းကန်လုံးထဲရှိ နောက်ဆုံးဟင်းရည်ကို သောက်လိုက်ပြီး “ငါ နောက်ထပ် တစ်ပန်းကန် စားနိုင်သေးတယ်”

“ငါက တစ်ပန်းကန်နဲ့ တစ်ဝက်လောက်စားနိုင်သေးတယ်” ယူချင်းချင်းသည် ဟင်းရည်အကုန်သောက်လိုက်သည်။ ထိုစကားကို ပြောပြီးနောက် သူမသည် ရုတ်တရက် တစ်စုံတစ်ရာကို သတိရသွားပြီး ထပ်ပေါင်းပြောလိုက်သည်။ “အိုး…မဟုတ်သေးပါဘူး။ အအေးဟင်းလျာတွေက ဘယ်မှာလဲ”

"အေး....ငါတို့ ယူဖို့မေ့လာတယ်။ အအေးဟင်းပွဲတွေက ပွက်နေတဲ့အိုးရဲ့ဘေးနားမှာပဲ ရှိတယ်"

လျန်မုန့်ချီသည် ကိုယ့်နဖူးကိုယ်ပြန်ရိုက်လိုက်သည်။ ခေါက်ဆွဲကို ယူလာပြီးနောက် ကြည်လင်နေသော ခေါက်ဆွဲအသားများက သူမ၏မျက်လုံးများကို ဆွဲဆောင်သွားခဲ့သည်။ ဘေးနားရှိ အအေးဟင်းပွဲများကိုပင် မေ့လျော့သွားခဲ့သည်။

ထို့ကြောင့် သူမတို့နှစ်ယောက် အမြန်ထကာ ခေါက်ဆွဲပြုတ် နောက်တစ်ပန်းကန်စီယူရန် လျှောက်သွားကြသည်။ အအေးဟင်းပွဲ နှစ်ပန်ကန်ကိုပါယူပြီးနောက် ပြန်လျှောက်လာကြသည်။

"အခွံခွာထားတဲ့ အာလူးတွေကို မြည်းကြည့်စမ်း အားပါးပါး.. ချဉ်ချဉ်စပ်စပ်လေးနဲ့ အရသာရှိလိုက်တာ" လျန်မုန့်ချီသည် အာလူးများကို ပါးစပ်ထဲထည့်ကာ ဝါးရင်း ပြောလိုက်သည်။

“မုန့်ချိ သခွားသီးကိုလည်း မြည်းကြည့်ဦး” ယူချင်းချင်းသည် သခွားသီးတစ်စိတ်စားကြည့်ပြီးနောက် သူမ၏မျက်လုံးများသည် တောက်ပနေခဲ့သည်။ သူမသည် ဤကဲ့သို့သော် သားသတ်လွတ်ဟင်းလျာမျိုးကို အကြိုက်ဆုံးဖြစ်သည်။ သူမသည် ကြွပ်ကြွပ်ရွရွနှင့် အရသာရှိလှသော သခွားသီးကို ကိုက်လိုက်ကာ ထိုအရသာထဲတွင် နစ်မြောရင်း သူမကိုယ်သူမ ရုန်းမထွက်နိုင်တော့ပေ။

ထိုအချိန်တွင် ပထမထပ်ရှိလူများသာ အံ့သြထိတ်လန့်နေကြသည်မဟုတ် ဒုတိယထပ်ရှိ ဇီယန်၊ ကျန်းလီ၊ မင်းသမီးလေးနှင့် ကျိုးဖေးတို့သည်လည်း အံ့သြနေကြသည်။

လက်ရှိတွင် ကျန်းဟန်၏ချက်ပြုတ်ခြင်းအနုပညာမှာ သူမတို့အားလုံးအား လုံး၀အနိုင်ယူသွားပြီဖြစ်သည်။ ပထမအကြိမ် အရသာရှိသည့်ဟင်းလျာမှာ

တိုက်ဆိုင်မှုဟုဆိုလျှင် ဒုတိယနှင့် တတိယအကြိမ်တို့မှာတော့ မြေကြီးလတ်ခတ်မလွဲ တိုက်ဆိုင်မှုတစ်ခုမဖြစ်နိုင်တော့ချေ။

နှလုံးသားကိုအနိုင်ယူနိုင်ဖို့ အစာအိမ်ကိုအရင်ဆုံးသိမ်းပိုက်ရမည် ဆိုသည့် စကားပင် ရှိသေးသည်။

ဤစကားမှာ အစားအသောက်သည် လူတို့၏အဓိကလိုအပ်ချက်ဖြစ်သည်ဟူသော သဘောတရားကို ထင်ဟပ်စေသည်။ ထိုအချိန်တွင် ကျန်းဟန်သည် ဇီယန်နှင့် အခြားစားသုံးသူများ၏အစာအိမ်ကို လုံးဝသိမ်းပိုက်နိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ရွှေရောင်ဆံပင်နှင့် နိုင်ငံခြားသားသည် တံခါးဝတွင် ခဏတာစောင့်ဆိုင်းပြီး ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

သူသည် တံခါးဝတွင် ရပ်ကာ စားပွဲထိုး၏ညွှန်ကြားချက်ကိုဆိုမှုကို စောင့်ဆိုင်းနေခဲ့သော်လည်း နှစ်မိနစ်ကြာသည်အထိ မည်သူကမျှ သူ့အား ဂရုမစိုက်ကြချေ။

“ဟဲလို?” ရွှေရောင်ဆံပင်သည် အခြေအနေစမ်းသည့်သဘောဖြင့် မေးလိုက်သည်။

“ဘာကိစ္စရှိလို့လဲ?” လျန်မုန့်ချီသည် ပန်းကန်လုံးထဲတွင် ကျန်နေသော ခေါက်ဆွဲ ၃ ပုံ ၁ ပုံကို စားနေသည်။ သူမ၏ဗိုက်မှာ တင်းနေပြီဖြစ်၍ ခေါက်ဆွဲစားသည့်အရှိန်မှာ လျော့ကျသွားသည်။ သူမသည် ခေါက်ဆွဲကို ဖြည်းဖြည်းချင်း အရသာခံစားရန် ကြံစည်ထားသည်။ ထိုအချိန်တွင် သူမနောက်မှ အသံကိုကြားလိုက်ရသဖြင့် ထိုလူကို လှည့်ကြည့်ကာ ပြောလိုက်သည်။

“စားသောက်ဆိုင်ရဲ့ ဝန်ထမ်းတွေက ဘယ်မှာလဲမသိဘူး?” ရွှေရောင်ဆံပင်သည် တွန့်ဆုတ်စွာမေးသည်။

သူ၏တရုတ်စကားမှာ အနည်းငယ်ဆိုးသော်လည်း အခြားသူများသည် သူ၏ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်းနားလည်အောင် ပြောနိုင်ပေသည်။ သူ၏စကားကိုကြားပြီးနောက် လျန်မုန့်ချီသည် ချောမွေ့သည့် အင်္ဂလိပ်စကားဖြင့် တိုက်ရိုက်ပြန်ပြောလိုက်သည်။

“ဒီမှာ စားသောက်ဆိုင်ဝန်ထမ်းမရှိဘူး။ ဟိုမှာ အဖြူရောင်ထမင်းစား စားပွဲမှာ နေရာလွတ်ရှိတယ်။ ကောင်တာမှာ သွားပြီး ကိုယ်စားချင်တာ ယူလိုက်လို့ရတယ်”

လျန်မုန့်ချီသည် အတိုချုံးကာ ပြောပြလိုက်သော်လည်း သူမ၏စကားများက ဆံပင်ရွှေရောင်နိုင်ငံခြားသား၏စိတ်ထဲတွင် လှိုင်းလုံးကြီးများ ရိုက်ခတ်သွားစေခဲ့သည်ကို သူမမသိပေ။

‘ဒါကို စားသောက်ဆိုင်လို့ ခေါ်သေးတာလား?’

‘ဝန်ဆောင်မှုနဲ့ သဘောထားက ဘယ်လိုကြီးလဲ?’

'ပိုင်ရှင်က ဒီစားသောက်ဆိုင်ကို ဘယ်လိုဖွင့်နေတာလဲ?'

ဆံပင်ရွှေရောင်သည် အနည်းငယ် မပျော်မရွှင်ဖြစ်နေပြီဖြစ်သည်။

ဝန်ဆောင်မှုသည် အမြင့်ဆုံးဖြစ်သည်။

ထိုအချက်မှာ အစားသောက်လုပ်ငန်းအတွက် အထူးမှန်ကန်သော်လည်း ဤစားသောက်ဆိုင်၏စည်းမျဉ်းများသည် ရွှေရောင်ဆံပင်၏စိတ်ထဲတွင် အနည်းငယ် မကျေမနပ်ဖြစ်စေခဲ့သည်။

ဆိုးလိုက်တဲ့ ဝန်ဆောင်မှု!

မည်သို့ပင်ဆိုစေကာမူ သူသည် တန်းစီကာ ဝင်လာနေပြီးပြီဖြစ်သည်။ သူသည် ဤဆိုင်၏အစားအသောက်များက

လူအများအပြားတန်းစီရလောက်အောင် ထိုက်တန်ရဲ့လားဆိုသည်ကို မြည်းစမ်းကြည့်ချင်သည်။

ရွှေရောင်ဆံပင်သည် ပထမဆုံး ကြက်ဥထမင်းကြော်တစ်လုတ်ကို စားလိုက်သည့်အချိန်တွင်တော့ ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

ထိုခဏတွင် ကျည်ဆန်ပေါင်း တစ်သောင်းခန့် သူ၏နှလုံးသို့ လာရောက်ထိမှန်သကဲ့သို့ မယုံကြည်နိုင်မှု၊ သံသယနှင့် အံ့ဩမှုများက သူ၏စိတ်ထဲတွင် ရောထွေးနေခဲ့သည်။ နောက်ဆုံးတွင် ကြည်နူးမှုနှင့် ပျော်ရွှင်မှု နှစ်မျိုးသာ ကျန်ရှိနေခဲ့တော့သည်။

ရွှေရောင်ဆံပင်သည် အလွန်ရှက်ကိုးရှက်ကန်းဖြစ်စွာစားနေပြီး သူ၏မျက်နှာပေါ်တွင် ထမင်းစေ့အချို့ပင် ကပ်နေခဲ့သည်။ အခြားသူများသည် ၎င်းကို မြင်သည့်အခါ ပြုံးကာ

ခေါင်းယမ်းလိုက်ကြသည်။ ထိုကဲ့သို့သော အပြုအမူမျိုးကို သူတို့ နားလည်ကြပေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့သည်လည်း ဤဆိုင်သို့ ပထမဆုံးအကြိမ်ရောက်စဉ်က ဤကဲ့သို့ပင် စားခဲ့ဖူးသောကြောင့်ဖြစ်သည်။

ကြက်ဥထမင်းကြော်တစ်ပန်းကန်မှာ လျင်မြန်စွာ ကုန်သွားသည်။ ရွှေရောင်ဆံပင်သည် ပန်းကန်အလွတ်ကို ကြည့်ကာ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

"ငါ့ ပန်းကန်ထဲက စားစရာက ကုန်သွားပြီလား?"

"ငါက စားနေခဲ့တာမဟုတ်ဘူးလား?"

"ငါ ထင်ယောင်ထင်မှားဖြစ်နေတာလား?"

နောက်ဆုံးတွင် သူ၏သံသယစိတ်များမှာ သက်ပြင်းတစ်ချက်အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲသွားသည်။

"ဟူး...ကြက်ဥထမင်းကြော်က ဘယ်လိုတောင် အရသာရှိလိုက်တာလဲ? မော်ဆန်လိုက်တဲ့တရုတ်ပြည်၊ မော်ဆန်လိုက်တဲ့ စားသောက်ဆိုင်"

ထိုစကားကိုပြောပြီးနောက် ကြက်ဥထမင်းကြော်ယူစဉ်က ဘေးတွင် ပွက်ပွက်ဆူနေသောအိုးထဲ၌ ခေါက်ဆွဲပြုတ်များကို မြင်ခဲ့သောကြောင့် မတ်တပ်ထရပ်ကာ ကောင်တာဆီသို့လျှောက်သွားသည်။ ကြက်ဥထမင်းကြော်ကို စားပြီးနောက် အခြားအစားအသောက်များကိုလည်း မြည်းစမ်းကြည့်ချင်သေသည်။

ဘေးနားတွင်ရှိနေသည့် လျှန်မုန့်ချီသည် ရွှေရောင်ဆံပင်၏ညည်းညူသံကိုကြားလိုက်ရပြီး ခေါင်းယမ်းလိုက်သည်။

သို့သော် ခေါက်ဆွဲစားရန် ပြင်နေသော ရွှေရောင်ဆံပင်ကိုတွေ့လိုက်သည့်အခါ

အလျှင်အမြန်တားလိုက်သည်။

"ဟေး ရှင်ဘာလုပ်နေတာလဲ?"

"ဘာဖြစ်လို့လဲ?" ရွှေရောင်ဆံပင်သည် ရပ်လိုက်ပြီး စိတ်ရှုပ်ထွေးစွာ ပြောသည်။

"ရှင့်မှာ အဖွဲ့ဝင်ကတ်ရှိလား?" လျန်မုန့်ချီသည် ခပ်တင်းတင်းမေးသည်။

"မရှိဘူး"

"အခုက အဖွဲ့ဝင်မဟုတ်တဲ့သူတွေအတွက် ကြက်ဥထမင်းကြော်နဲ့ နို့ပဲရှိတယ်။ တခြားဟာတွေက အဖွဲ့ဝင်တွေပဲ စားလို့ရတယ်။ ဒီစားသောက်ဆိုင်က အရမ်းစည်းကမ်းတင်းကြပ်တယ်။ ဒါကြောင့်...." လျန်မုန့်ချီသည် သူ့အား သတိပေးလိုက်သည်။

“ဒါပေမဲ့ ဒီမှာ ခေါက်ဆွဲပြုတ်တွေ အများကြီး ကျန်သေးတယ်လေ” ရွှေရောင်ဆံပင်ဧ၏နှုတ်ခမ်းမှာ အနည်းငယ် တွန့်သွားသည်။

တစ်ချိန်တည်းမှာပင် သူသည် တွေးနေလိုက်သည်။ ‘အင်း ဘယ်လောက်စည်းကမ်းတင်းကြပ်လိုက်တဲ့ စားသောက်ဆိုင်လဲ။ တကယ်လို့ သူဌေးက ငါဘယ်သူလဲဆိုတာသာ သိရင် သူ့ရဲ့အစားအသောက်တွေကို မြည်းစမ်းကြည့်ပေးဖို့ ငါ့ကို တောင်းဆိုလိမ့်မယ်’

“ဒါပေမဲ့ဆိုတာမရှိဘူး။ စည်းကမ်းက.....” လန်မုန့်ချီ ပြန်ပြောလိုက်ရုံရှိသေးသည်။

ရုတ်တရက် အပေါ်ထပ်မှ အသံတစ်ခု ထွက်ပေါ်လာသည်။ “ဘာဖြစ်နေတာလဲ?”

လှည့်ကြည့်လိုက်သည့်အခါ ကျန်းဟန်သည် ဖြည်းညှင်းစွာ ဆင်းလာသည်ကို သူမတွေ့လိုက်ရသည်။

"သူ့ငွေး" လျန်မုန့်ချီ၏အမူအရာမှာ ပြောင်းလဲသွားပြီး ကျန်းဟန်အား ပြုံးပြုံးလေးကြည့်ကာ ပြောလိုက်သည်။ "ဒီမိတ်ဆွေက ခေါက်ဆွဲပြုတ်စားချင်နေတာ။ ကျွန်မက စားသောက်ဆိုင်ရဲ့ စည်းကမ်းတွေကို ပြောပြနေတာ။ ကျွန်မ တော်တယ်မလား? ဆုလေးဘာလေး မပေးချင်ဘူးလား"

"ဆုလား?" ကျန်းဟန် ရယ်မောလိုက်ပြီး "ဘာဆုမှ မရှိဘူး။ ဒါပေမဲ့ ခေါက်ဆွဲပြုတ်က လူတိုင်းစားလို့ရတယ်"

"ဘာရယ်?" လျန်မုန့်ချီ၏အမူအရာမှာ တောင့်တင်းသွားသည်။

ဝှစ်!

ထိုခဏတွင် အဖွဲ့ဝင်မဟုတ်သူများသည် ဆာလောင်နေသည့် ဝံပုလွေများကဲ့သို့ သူတို့ဆီသို့ လှမ်းကြည့်လိုက်ကြသည်။

"လူတိုင်း စားလို့ရတာလား?" လျန်မုန့်ချီ ထပ်မေးလိုက်သည်။

"ဟုတ်တယ်" ကျန်းဟန်၏ အတည်ပြုချက်ကို ရရှိလိုက်သဖြင့် ထိုသူများသည် စားလက်စ ကြက်ဥထမင်းကြော်များကို ဂရုမစိုက်နိုင်တော့ဘဲ ကောင်တာဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားကြသည်။ ခေါက်ဆွဲတစ်ပန်းကန် အရင်ဆုံးစားရန် စိတ်ကူးထားကြပြီး အရင်ဆုံးမစားသေးလျှင်ပင် ဘေးနားတွင် ဖယ်ထားလိုက်ပါက စိတ်အေးလက်အေးဖြစ်သွားကြပေမည်။

ခေါက်ဆွဲစားနေကြသည့် ရှလူး ရှလဲအသံများ ကို အချိန်အတော်ကြာ ကြားနေခဲ့ရသဖြင့် မနာလိုအားကျဖြစ်နေခဲ့ရသည်မှာ ကြာပြီဖြစ်သည်။ ယခုတော့ ခေါက်ဆွဲပြုတ်မှာ လူတိုင်းစားနိုင်သည်ကို ကြားလိုက်ရသဖြင့် အံ့သြမှု စိတ်လှုပ်ရှားမှု ပျော်ရွှင်မှုများမှာ ထီပေါက်သကဲ့သို့ပင် လှိုက်လှဲစွာ ခံစားလိုက်ရသည်။

ထိုစကားကိုကြားပြီးနောက် ရွှေရောင်ဆံပင်အမျိုးသားသည် ခေါက်ဆွဲပြုတ်တစ်ပန်းကန်ယူလိုက်သည်။ ထိုအချိန်တွင် သူသည် ဆိုင်ရှင်သူဌေးအား စတင် အကဲခတ်နေလိုက်သည်။

သူ၏စိတ်ထဲတွင် သံသယစိတ်များ ရှိနေခဲ့သည်။ အရင်တုန်းက ဘယ်သူမှမစားနိုင်ဘဲနဲ့ ငါရောက်လာမှပဲ စည်းကမ်းတွေကို ပြောင်းလိုက်တယ်။ သူက ငါ့ရဲ့အထောက်အထားကို သိပြီး ငါ့ကို စိတ်ကျေနပ်စေချင်လို့များလား?

သို့သော် သူ၏သံသယများကို ထုတ်ဖော်မပြောချေ။ သူ၏အလုပ်သည် လျှို့ဝှက်ရန် ဖြစ်တည်လာခြင်းဖြစ်သည်။

အားလုံးသည် ခေါက်ဆွဲပြုတ်ကို ယူပြီး စားပွဲသို့ ပြန်လာကြသည်။ ခေါက်ဆွဲပြုတ်ကို ပထမတစ်လုတ်စားပြီးနောက် ဆက်မစားဘဲ မနေနိုင်တော့ချေ။ စားသောက်ဆိုင်ထဲတွင်

ခေါက်ဆွဲစားနေကြသည့် ရှလူး ရှလဲအသံများ ကြွက်ကြွက်ညံသွားသည်။

ရွှေရောင်ဆံပင်ယောက်ျားသည်ပင် ခေါက်ဆွဲပြုတ်၏အရသာအတွင်း၌ နစ်မြောနေခဲ့သည်။

"အရသာရှိတယ်။ အရမ်းအရသာ ရှိတယ်။ ဘယ်လိုတောင် အရသာရှိရတာလဲ....."

၎င်းမှာ လူတိုင်း၏စိတ်ထဲရှိ တူညီသော တစ်ခုတည်းသော အတွေးပင်ဖြစ်သည်။

ရွှေရောင်ဆံပင်သည် စားပြီးသွားသည့်နောက်တွင် အဆုံးမရှိသည့် အရသာကို ခံစားလိုက်ရသည်။ မီးဖိုချောင်ထဲရှိ ကျန်းဟန်ကို မြင်လိုက်ပြီးနောက် မီးဖိုချောင်ကောင်တာဆီသို့ လျှောက်သွားလိုက်သည်။

"မင်္ဂလာပါသူဌေး" ရွှေရောင်ဆံပင်သည် ပထမဆုံး နှုတ်ဆက်လိုက်သည်။

"အင်း" ကျန်းဟန်သည် လှည့်ပင်မကြည့်ဘဲ တုံ့ပြန်လိုက်သည်။

"ဒီက ဟင်းလျာတွေက အရမ်းအရသာရှိတယ်။ ကြက်ဥထမင်းကြော်နဲ့ ခေါက်ဆွဲပြုတ်က ဘာလို့ အရမ်းအရသာရှိနေတာလဲ? လျှို့ဝှက်ချက်တွေဘာတွေများ ရှိလို့လား" ရွှေရောင်ဆံပင်သည် သံသယစိတ်ဖြင့် မေးလိုက်သည်။

ဤအစားသောက်များသည် သူစားခဲ့ဖူးသမျှတွင် အရသာအရှိဆုံးဖြစ်သည်။ အရသာမှာ အလွန်အမင်းကောင်းမွန်လွန်းသည်။

"ဘာလို့လဲဆိုတော့ ဒီက ပါဝင်ပစ္စည်းတွေက အကောင်းဆုံးဖြစ်လို့ပဲ" ထိုအချိန်တွင် လျန်မုန့်ချီ ဝင်ဖြေလိုက်သည်။

"ပါဝင်ပစ္စည်းတွေလား?" ရွှေရောင်ဆံပင်၏ တင်းမာသွားသည်။ ရှင်းလင်းစွာပင် ထိုအကြောင်းပြချက်အား

သူမယုံကြည်ပေ။

"ခွင့်ပြုပါ။ ကျွန်တော် ခရီးထွက်တုန်းက မီရှယ်လင် စားသောက်ဆိုင်က ဟင်းလျာအချို့ကို စားဖူးတယ်။ သူတို့က အရည်အသွေးအကောင်းဆုံးဆန်လိုမျိုး ကမ္ဘာ့ထိပ်တန်းအရည်အသွေးရှိတဲ့ ပစ္စည်းတွေက သုံးတာ။ ဒါပေမဲ့ ဒီလိုအနံ့မျိုး မရှိဘူး"

"အိုး ငါတို့သူဌေးရဲ့ဆန်ကို တခြားဟာတွေနဲ့ မယှဉ်ပါနဲ့။ ငါတို့သူဌေးရဲ့ဆန်က ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ" ကျောက်ဒါပ်ဟူသည် ပြုံးတုံ့တုံ့ဖြင့် ရွှေရောင်ဆံပင်ကို စိုက်ကြည့်ကာ မထင်းသေးစွာဖြင့် ပြောလိုက်သည်။

"မဖြစ်နိုင်တာ! အဲဒီဟာတွေက တစ်ကမ္ဘာလုံးကလူတွေ အသိအမှတ်ပြုထားတာ" ရွှေရောင်ဆံပင်သည် ခွန်းတုံ့ပြန်လိုက်သည်။

“အသိအမှတ်ပြုတယ်ဆိုကက ဘာလဲ? ရှင် အရသာခံကြည့်ဖူးလို့လား?” လျန်မုန့်ချီ မျက်မှောင်ကြုတ်ကာ ပြောသည်။

ဒီလူက စားပြီးတာတောင်မှ မေးနေသေးတာလား? ပြဿနာရှာနေတာလား?

ထို့ပြင် သူမသည်လည်း မီရှယ်လင် ကြယ်သုံးပွင့်စားသောက်ဆိုင်များတွင် စားဖူးသည်။ သာမန်စားသောက်ဆိုင်များထက်စာလျှင် ပို၍ကောင်းပါသည်။ သို့သော် သူဌေး၏စားသောက်ဆိုင်မှ အစားအသောက်များနှင့် ယှဉ်လျှင်တော့ အလွန်ကွာခြားလှသည်။

လျန်မုန့်ချီ၏အမူအရာကို မြင်သည့်အခါ ရွှေရောင်ဆံပင်သည် မည်သို့မျှ ထပ်မပြောတော့ချေ။ သူသည် ကျန်းဟန်ကို ကြည့်လိုက်ပြီး “မင်္ဂလာပါ သူဌေး ကျွန်တော့်ကို တစ်ခုလောက်မေးခွင့်ပြုပါ။ ကျွန်တော် မီရှယ်လင်က တော်ဝင်ဂျုံမှုန့်ကိုလည်း စားဖူးပေမဲ့

ဒီကခေါက်ဆွဲပြုတ်ရဲ့ ဂုဏ်မှုန့်လောက် အရသာမရှိဘူး။ အဲ့ဒါက ပါဝင်ပစ္စည်းကြောင့်လား ဟင်းခတ်ကြောင့်လား လက်မှုပညာကြောင့်လားဆိုတာ ကျွန်တော်သိချင်ပါတယ်”

ထိုအချိန်တွင် ကျန်းဟန်သည် ခပ်ရေးရေးပြုံးလိုက်သည်။ သူသည် ရွှေရောင်ဆံပင်ကို လှည့်ကြည့်ကာ ပြောလိုက်သည်။ “ပါဝင်ပစ္စည်းကြောင့်ရော၊ ဟင်းခတ်ကြောင့်ရော၊ လက်မှုပညာကျွမ်းကျင်မှုကြောင့်ရော။ ဒီကဟာက အကောင်းဆုံးပဲ”

“အကောင်းဆုံးလား? ဒါပေမဲ့ မီရှယ်လင်စားသောက်ဆိုင်တော်တော်များများကို ကျွန်တော်စားဖူး.....”

“ရှင်ဘာလို့ မီရှယ်လင်ပဲ ထပ်ကာထပ်ကာပြောနေတာလဲ?” လျန်မုန့်ချီသည် အော်ဟစ်လိုက်ပြီး “ရှင့်ကို ကျွန်မပြောပြမယ်။ မီရှယ်လင်ဆိုတာက ဒီစားသောက်ဆိုင်ရဲ့အမြင်မှာတော့

ဟာသတစ်ခုပဲ။ သူတို့နှစ်ခုက နှိုင်းယှဉ်လို့ကို မရဘူး။ ဒါကြောင့် ရှင် အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောသင့်ဘူး!”

-C 102 End

wunzinnosp

## အပိုင်း(၁၀၃)

ရွှေရောင်ဆံပင်၏စကားများမှာ မလိုမုန်းထားမရှိသော်လည်းသူသည် မီရှယ်လင်ကို အလွန်ချီးကျူးနေသည်ဟု ခံစားရသည်။ သူ၏မေးခွန်းထုတ်နေသည့် လေသံတွင် ဤစားသောက်ဆိုင် အခြားဆိုင်များဖြင့် မယှဉ်နိုင်သလိုဖြစ်နေသည့်အတွက် လျှန်မုန့်ချီအား မပျော်မရွှင်ဖြစ်စေဖြင့် သူမသည် ကျွတ်ဆတ်တတ်ပြန်ပြောလိုက်သည်။

"အာ...ကောင်းပါပြီ"

ရွှေရောင်ဆံပင်သည် ပြုံးကာ နို့ခွက်ကို ယူလိုက်ပြီး သူ၏စားပွဲသို့ ပြန်လျှောက်သွားသည်။ စားပွဲထိုင်ပြန်ထိုင်သည့်အချိန်တွင် ဖုန်းကိုထုတ်ကာ မှတ်စုတွင် မှတ်တမ်းတင်လိုက်ပြန်သည်။

မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်

အစားသောက် - ၁၀၀

ထမင်းစားခန်းပတ်ဝန်းကျင် - ၆၀

ဝန်ဆောင်မှု - ၃၀

ဝိုင် - ၀

ဤသည်မှာ သည်စားသောက်ဆိုင်အပေါ် မှတ်ချက်ဖြစ်သည်။ အမှတ်ပြည့် ၁၀၀ ဖြစ်ပြီး ၆၀ သည် အောင်မှတ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည်

အစားအသောက်အကဲဖြတ်ဝေဖန်ရေးသမားဖြစ်ကြောင်း ၎င်းကို ကြည့်ကာ သိနိုင်သည်။

သူသည် မီရှယ်လင်၏အစားအသောက်ကိုယ်စားလှယ်ပင်ဖြစ်သည်။

မီရှယ်လင်စားသောက်ဆိုင်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ အနီရောင်မီရှယ်လင်စုစည်းမှု၏ စားသောက်ဆိုင်များဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အလွန်ဂုဏ်သိက္ခာကြီးမားသော စားသောက်ဆိုင်ဖြစ်ပြီး မရေမတွက်နိုင်သော စားသောက်ဆိုင်များသည် ထိုဂုဏ်ကျက်သရေကို ခံယူလိုကြသည်။

ကြယ်အဆင့်သတ်မှတ်ချက်ကြောင့် ကွယ်ဝမှုနှင့် ကျော်ကြားမှုကို ကိုယ်စားပြုသည်။

မီရှယ်လင်စားသောက်ဆိုင်ကို မီရှယ်လင်စားသောက်ဆိုင်၏ မီရှယ်လင် ဓားနှင့်ခက်ရင်း အမှတ်အသား အနည်းဆုံးတစ်စုံရရှိခြင်းဖြင့် အကဲဖြတ်သည်။

ဓားနှင့်ခက်ရင်း တစ်စုံမှ ငါးစုံအထိသည် မီရှယ်လင်စားသောက်ဆိုင်လမ်းညွှန်အတွက် စံသတ်မှတ်ချက်ဖြစ်သည်။ ၎င်းမှာ စားသောက်ဆိုင်၏ စိတ်ကျေနပ်မှုပေးစွမ်းနိုင်ခြင်း ဖော်ပြရန်ဖြစ်သည်။

ငါးစုံသည် ရိုးရာဇိမ်ခံပုံစံ၊ လေးစုံသည် နှစ်သက်မှုအမြင့်ဆုံး၊ အလွန်နှစ်သက်မှုအတွက် သုံးစုံ၊ သာမန်နှစ်သက်မှုအတွက် နှစ်စုံနှင့် အခြေခံနှစ်သက်မှုအတွက် တစ်စုံဟူ၍ အသီးသီးကိုယ်စားပြုသည်။

မီရှယ်လင် ကြယ်အဆင့်များကို အင်စပက်တာ ဟုခေါ်သော အစားအသောက်ကိုယ်စားလှယ်များ အုပ်စုက စစ်ဆေး အကဲဖြတ်သည်။

အင်စပက်တာသည် စားသောက်ဆိုင် သို့မဟုတ် ဟိုတယ်သို့ အကဲဖြတ်စစ်ဆေးသည့်အခါတိုင်း ထိုစားသောက်ဆိုင်သို့ လျှို့ဝှက်စွာ ဝင်ရောက်ပြီး အကဲဖြတ် မှတ်ချက်ပေးရန်အတွက် သူ၏အထောက်အထားကို

ဖုံးကွယ်ထားရန် လိုအပ်သည်။ စားသောက်ဆိုင်ရှိ အစားအသောက်(၆၀)၊ ထမင်းစားခန်းပတ်ဝန်းကျင်(၂၀)၊ ဝန်ဆောင်မှု(၁၀)နှင့် ဝိုင်(၁၀) တို့မှာ ၎င်းတို့ ရည်ရွှန်းအမှတ်ပေးရန်လိုအပ်သည့်အရာများဖြစ်သည်။

မူလက ရွှေရောင်ဆံပင်အမျိုးသားသည် အခြားစားသောက်ဆိုင်များသို့ သွားရန်ပြင်လာသော်လည်း ကျန်းဟန်၏စားသောက်ဆိုင်မှာ အလွန်ရေးပန်းစားနေသည်ကို တွေ့မြင်ပြီး သူသည် မနေနိုင်ဘဲ ဤဆိုင်သို့လျှောက်လာကာ ကြယ်ပွင့်အဆင့်ရှိသော စားသောက်ဆိုင်၏အရသာရှိမရှိ မြည်းစမ်းရန် ကြံစည်ခဲ့သည်။

မီရှယ်လင်ကြယ်ပွင့်စားသောက်ဆိုင်ကို အဆင့်သတ်မှတ်ရန် ခက်ခဲပေသည်။ ၎င်းကို အကဲဖြတ်ရန် တစ်နှစ်လျှင် အစားအသောက်ကိုယ်စားလှယ် ၁၂ ယောက် သွားရောက်ပြီး မီရှယ်လင်ရုံးချုပ်မှ အချက်အလက်များကို

ပြန်လည်သုံးသပ်သည်။ ရှုပ်ထွေးမှုနှင့် လေးနက်မှုတို့ကြောင့် ၎င်းမှာ တရားဝင်သတ်မှတ်ချက်ဖြစ်ခဲ့သည်။

စားသောက်ဆိုင် ကြယ်ပွင့်အဆင့်သတ်မှတ်ချက် စုစုပေါင်း ၃ ဆင့်ရှိပြီး ကြယ်တစ်ပွင့်သည် နေရာထိုင်ခင်းနှင့် အရသာ ကောင်းမွန်ထိုက်တန်သော စားသောက်ဆိုင်ကောင်းတစ်ခုကို ကိုယ်စားပြုသည်။

ကြယ်နှစ်ပွင့်သည် ကောင်းမွန်သည့်အစားအသောက်နှင့် ဝိုင်ကို ပေစွမ်းနိုင်သည့် ပထမတန်းစား ဟင်းချက်လက်ရာကို ကိုယ်စားပြုသည်။ ၎င်းမှာ ကောင်းမွန်၍ လာရကျိုးနပ်သော်လည်း ကုန်ကျစရိတ်မှတော့ နည်းပါးခြင်းမရှိချေ။

အမြင့်ဆုံး ကြယ်သုံးပွင့်သည် ပြီးပြည့်စုံသည့် ထိန်တန်းဟင်းချက်လက်ရာကို ကိုယ်စားပြုပြီး၊ ထူးခြားကောင်းမွန်သော ဟင်းလျာများ၊ ရွေးချယ်စရာများပြားသော ကောင်းမွန်သည့် ဝိုင်များ၊

အားနည်းချက်မရှိသည့် ဝန်ဆောင်မှုနှင့် သင့်တင့်လျောက်ပတ်သော ပတ်ဝန်းကျင်ကို့ကို ခံစားနိုင်ပြီး လာရောက်ရသည့်အတွက် နောင်တရစရာမရှိချေ။ သို့သော်လည်း ပိုက်ဆံအမြောက်အများကုန်ကျသည့်အတွက် လုံလောက်အောင် ကြွယ်ဝမှုရှိသင့်သည်။

သို့သော်လည်း တရုတ်နိုင်ငံတွင် မီရှယ်လင်စားသောက်ဆိုင်မှာ ဟောင်ကောင်နှင့် မကာအိုတွင်သာ ရှိပြီး ပြည်မကြီးတွင် မီရှယ်လင်ကြယ်ပွင့်စားသောက်ဆိုင်မရှိချေ။

အစားသောက်များမှာ များပြားရှုပ်ထွေးလွန်းသည့်အတွက် အစားအသောက်ကိုယ်စားလှယ်များ ဘယ်နေရာကနေစ၍ အကဲဖြတ်ရမှန်းမသိသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်။

အစားအသောက်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် ရွှေရောင်ဆံပင်အမျိုးသား၏အလုပ်မှာ ခရီးသွားခြင်းနှင့်

ပျော်ရွှင်ခံစားမှုမျိုးဖြစ်သည်။ မှတ်စုထဲတွင် မှတ်တမ်းတင်ပြီးနောက် သူသည် နို့တစ်ငုံသောက်လိုက်သည်။

ရှလွတ်.....

ပထမတစ်ကျိုက်သောက်လိုက်သည့်အချိန်တွင် ရွှေရောင်ဆံပင်သည် သူ့ကိုယ်သူ ရပ်တန့်ခြင်းငှာ မစွမ်းနိုင်တော့ချေ။ အကုန်လုံးသောက်လိုက်ပြီးနောက်တွင် သူသည် အနည်းငယ် အံ့ဩသွားသည်။

ထို့ကြောင့် ဖုန်းကို ပြန်ထုတ်ကာ အစောပိုင်းမှတ်ချက်သည် လက်တွေ့မဆန်သလို ခံစားရသဖြင့် ပြန်ရေးလိုက်သည်။

အစားအသောက် - ၁၀၀၀ ၊ မှတ်ချက် - အလွန်အရသာရှိခြင်း၊ စိတ်ကူးမယဉ်နိုင်လောက်သည့်အရသာ၊ လွန်ကဲစွာနှစ်သိမ့်ခံစားရသော အရသာခံဖူးလေးများ၊ ကြယ်သုံးပွင့်စားသောက်ဆိုင်အများစုထက် ပို၍အရသာရှိသည်။

ထမင်းစားခန်းပတ်ဝန်းကျင် - ၅၀ ၊ မှတ်ချက် - ရှေ့မျက်နှာစာ ကျဉ်းသည်။ ထမင်းစားခန်းတွင် လူများပြည့်နေကာ သူစိမ်းများနှင့် စားပွဲတစ်ခုတည်း အတူတူသုံးစွဲရပြီး ကျေနပ်နှစ်သိမ့်မှုအတွက် အရည်အသွေးမပြည့်ဝပါ။

ဝန်ဆောင်မှု - ၂၀ ၊ မှတ်ချက် - သူဌေး၏ဝန်ဆောင်မှုမှာ ညံ့ဖျင်းသည်။ စားသုံးသူများက မိမိတို့၏ အစားအသောက်ကို ကိုယ်တိုင် ဝန်ဆောင်မှုယူရသည်။ စားသောက်ဆိုင်သည် အဖွဲ့ဝင်စနစ်ကျင့်သုံးပြီး အဖွဲ့ဝင်မဟုတ်သူများအတွက် စားသုံးနိုင်သည့် မီနူးမှာ နည်းပါးသည်။ ထိပ်ဆုံးအဖွဲ့ဝင်ကတ် ၁၀ ခုသည် ယွမ် ၁ သန်းစီ ဖြစ်ပြီး နောက်ဆုံး ၁၀ ခုမှာ ယွမ် ၁၀ သန်းဖြစ်သည်။

ဝိုင် - ၀ ၊ မှတ်ချက် - သောက်စရာအဖျော်ယမကာ မရရှိနိုင်ပါ။

ဤအတွေ့အကြုံသည် ရွှေရောင်ဆံနွယ်ရှင်ယောကျ်ားအတွက် အလွန်ထူးခြားပြီး အစားသောက်များမှာ အလွန်အရသာရှိလှသည်။

အစားအသောက်များမှာ အရသာရှိလွန်း၍ ပုံမှန်ရမှတ်အပြည့်ထက် ၁၀ ဆ ပို၍မြင့်အောင်ပေးလိုက်လိုက်သည်။ သာမန်လူများ၏အမြင်တွင် ၎င်းမှာ မိသားစုဆန်ဆန် စားသောက်ဆိုင်အပြင်အဆင်တစ်ခုဖြစ်သော်လည်း သူ၏အမြင်တွင် ၎င်းမှာ အရည်အချင်းမပြည့်မီဘဲ အမှတ် ၅၀ သာ ရရှိခဲ့သည်။ ဝန်ဆောင်မှုအတွက် ၂၀ မှတ်သည် ခင်မင်မှုရှိနေသေးသည်။ အစားအသောက်သာ အမှန်တကယ်အရသာရှိသည်မဟုတ်ပါက သူသည် သုညပင် ပေးလိုက်ချင်သည်။

အစားသောက်မှာ အရသာရှိသလောက် ဝန်ဆောင်မှုမှာ ညံ့ဖျင်းလှသည့်အတွက် ရွှေရောင်ဆံပင်ကို အနည်းငယ်

စိတ်မသက်မသာဖြစ်စေသည်။ သူသည် ဤစားသောက်ဆိုင်ကို ချီးကျူးချင်သော်လည်း အလိမ်အညာမပြောနိုင်ပေ။ မဟုတ်ပါက အခြားကိုယ်စားလှယ်များ ဤဆိုင်သို့ ရောက်လာခဲ့လျှင် သူ့အား လှောင်ပြောင်ကြပေမည်မဟုတ်ပါလား။

အစားအသောက်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် သူသည် အလွန်ပရော်ဖက်ရှင်နယ်ဆန်သူဖြစ်ပြီး သူကိုယ်သူ မီရှယ်လင်အစားအသောက်ကိုယ်စားလှယ်ဖြစ်ကြောင်း စားသောက်ဆိုင်ဝန်ထမ်းများထံတွင် ဖော်ထုတ်မိရန်မှာ မဖြစ်နိုင်ပေ။

သို့သော် သူဌေးနှင့်စားသုံးသူများ၏သဘောထားကိုကြည့်ရသည်မှာ သူ မည်သူမည်ဝါဖြစ်သည်ကို ပြောပြလျှင်ပင် သူ့အား ဂရုစိုက်မည့်ပုံမရပေ။

ဘယ်တုန်းကတည်းက မီရှယ်လင်က လူကြိုက်နည်းသွားခဲ့တာလဲ

ရွှေရောင်ဆံပင်၏စိတ်ထဲတွင် သံသယအချို့ရှိနေခဲ့သည်။ သိထားရန်မှာ ၎င်းသည် ကမ္ဘာ့အဆင့်မီ စားသောက်ဆိုင်အဖြစ် တရားဝင်အသိအမှတ်ပြုခြင်းခံထားရသည်။ စားသောက်ဆိုင်တစ်ဆိုင်ကို အကဲဖြတ်ပေးလိုက်ပါက စားသောက်ဆိုင်၏လုပ်ငန်းလည်ပတ်မှုမှာ တိုးတက်လာမည်ဖြစ်ပြီး နာမည်ကျော်ကြားမှုနှင့် ငွေကြေးတို့ကို ရရှိနိုင်မည်ဖြစ်သည်။

သို့သော် ဤစားသောက်ဆိုင်၏သူဌေးသည် မည်သည့်အကြံဉာဏ်မျှ ရှိသည့်ပုံမရပေ။ သူ့မှာ ရည်မှန်းချက်ကြီးကြီးမရှိလို့များလား။ ငွေပေးချေမှုသည်ပင် စားသုံးသူများက ကောင်တာတွင် သူတို့၏ကျသင့်ငွေကို တင်ထားခဲ့ရုံသာဖြစ်ပြီး ကတ်သို့မဟုတ် ငွေသားဖြင့် ပေးချေ၍

ရနိုင်သလားပင် မေးမြန်းမနေကြချေ။ ဤဝန်ဆောင်မှုမှာ အလွန်ရိုးရှင်းကာ ညံ့ဖျင်းပေသည်။

အစားအသောက်မှာ အလွန်အမင်းအရသာရှိနေခဲ့သည်မဟုတ်ပါက ရွှေရောင်ဆံပင်သည် မထိမဲ့မြင်စကားအချို့ ပြောခဲ့မိမည်ဖြစ်သော်လည်း ယခုတော့ ထွက်ခွာသွားဖို့ပင် ဝန်လေးနေမိသည်။

“ဆိုင်ပတ်ဝန်းကျင်နဲ့ ဝန်ဆောင်မှုသာ ကြယ်သုံးပွင့်စားသောက်ဆိုင်လိုမျိုးဖြစ်ခဲ့မယ်ဆိုရင် ဒီစားသောက်ဆိုင်က ကမ္ဘာပေါ်မှာ အကောင်းဆုံးကြယ်ပွင့်စားသောက်ဆိုင်ဖြစ်လာမှာ သေချာတယ်”

ရွှေရောင်ဆံနွယ်သည် သက်ပြင်းချလိုက်ပြီး ခဏလောက်ထိုင်ကာ အနားယူချင်သည့်အချိန်တွင် ယခုလေးတင် ဝင်လာသည့် သူ၏ရှေ့မှ

စားသုံးသူတစ်ယောက်သည် ချောင်းဟမ့်လိုက်ပြီး တိုးတိုးလေးပြောလိုက်သည်။

“ညီအစ်ကို မင်းဒီမှာ ထိုင်နေတာကြာပြီ၊ မင်း မစားရသေးဘူးလား? အပြင်မှာ တန်းစီနေတဲ့သူတွေ အများကြီးရှိသေးတယ်။ ကျေးဇူးပြုပြီး တခြားသူတွေရဲ့ အချိန်ကို မဖြုန်းပါနဲ့။ မင်း ဒီစားသောက်ဆိုင်က စည်းကမ်းကို မသိဘူးလား? အဖွဲ့ဝင်မဟုတ်တဲ့သူတွေက ထမင်းစားပြီးရင် ငါးမိနစ်ထက်ပိုပြီး အနားမယူသင့်ဘူး။ လူတိုင်းရဲ့ ခံစားချက်ကို လေးစားပေးပါ။ ကျေးဇူးတင်ပါတယ်”

ရွှေရောင်ဆံပင်သည် အနည်းငယ် ဖျတ်ခနဲကြည့်လိုက်ပြီး သူ၏မျက်နှာမှာ နီရဲလာသည်။

ဘာတွေဖြစ်နေတာလဲ?

စားပြီးတာနဲ့ ငါ့ကိုဒီက နှင်ထုတ်နေတာလား

အချိန်ခဏလောက် သူ၏စိတ်ခံစားချက်များမှာ အလွန်အမင်းရှုပ်ထွေးသွားသည်။ တုန်လှုပ်ခြောက်ခြား၊ ဒေါသထွက်၊ စိတ်ဓာတ်ကျ ၊ စိတ်ရှုပ်ထွေး အားလုံးကို ခံစားလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူသည် အခြားသူများ၏အချိန်ကို အမှန်တကယ် နှောင့်နှေးစေသည့်အတွက် ရှက်ရွံ့မှုလည်းရှိနေခဲ့သည်။ သူ၏အမူအရာမှာ တောင့်တင်းနေပြီး နှုတ်ခမ်းများမှာ အကြိမ်အနည်းငယ် ရှုံ့မဲ့သွားသည်။ နောက်ဆုံးတွင် သူသည် မည်သို့မျှ ပြန်မပြောတော့။ သူသည် ရုတ်တရက်ထရပ်လိုက်ပြီး ကျန်းဟန်အား မေးရန် ကွန်ပြူတာ ကောင်တာဆီသို့ လျှောက်သွားသည်။

"ခေါက်ဆွဲပြုတ်က ဘယ်လောက်လဲ?"

သို့သော် သူ၏မြင်ကွင်းတွင် သူဌေးသည် လှေကားဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားကာ ဒုတိယထပ်သို့ တက်သွားသည်။

ဘာလဲ?

ငါ့ကို လျစ်လျူရှုသွားတာလား? ဘယ်လိုသဘောထားလဲ? မင်းဘာကို ဆိုလိုတာလဲ?

ရွှေရောင်ဆံပင်၏စိတ်ထဲတွင် ရုတ်တရက် မီးတောက်သွားသည်။ သူသည် မျက်လုံးများက စိုက်ကြည့်ကာ နေရာတင် တွေတွေကြီး ရပ်နေမိကာ ဆက်ပဲနေရမလား ထွက်ပဲသွားရမလား မသိတော့ပေ။ သူလုံးဝ စိတ်ရှုပ်ထွေးနေသည်။

ကျန်းဟန်သည် သူ့အား လျစ်လျူရှုထားသည်ကြောင့်မဟုတ်ပဲ သူသည် သူ့အား သတိမပြုမိသောကြောင့်ဖြစ်သည်။ စားသောက်ဆိုင်တွင် လူအများအပြားရှိသည်။ သူသည် ‘သူဌေး’ ဟု

အရင်ဆုံးမခေါ်သည့်အတွက် ကျန်းဟန်သည် သူ့အား မေးနေမှန်း မသိခဲ့ပေ။

"ခေါက်ဆွဲပြုတ်က ၃၀၀ ပဲ။ ရှင်စားထားတဲ့ဟာတွေကို ရှင့်ဘာသာပဲ တွက်ကြည့်ပြီး ပိုက်ဆံကို အဲဒီနေရာမှာပဲ ထားခဲ့လိုက်"

ကံကောင်းစွာဖြင့် လျှန်မုန့်ချီသည် စားသောက်ဆိုင်၏ ဈေးနှုန်းကို သိနေခဲ့သည်။ ခေါက်ဆွဲပြုတ်မှာ ရောင်း၍ကုန်သွားပြီဖြစ်သဖြင့် ကြက်ဥထမင်းကြော်နှင့် ဈေးနှုန်းအတူတူပင် ဖြစ်ရမည်။

ရွှေရောင်ဆံပင်အမျိုးသားသည် ထိုစကားကိုကြားသည့်အခါ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်ပြီး ခဏလောက်လာမှ ပြန်မပြောခဲ့ပေ။ ပိုက်ဆံအိတ်ကိုထုတ်ကာ ရေတွက်လိုက်ပြီး ကောင်တာပေါ် တစ်ခါတည်းတင်လိုက်သည်။ ထို့နောက် ရိုးရှင်းစွာပင် လှည့်ထွက်သွားသည်။

ဆိုးတယ် ဆိုးတယ်။ တော်တော်ဆိုးတယ်။ ဘယ်လို ဝန်ဆောင်မှုမျိုးလဲ?

စားသုံးသူက ဘုရားသခင်ပဲ။ ဒါပေမဲ့ ဘာလို့ သူ့စားသောက်ဆိုင်မှာကျ သူက ဘုရားသခင်နဲ့တူနေရတာလဲ

ကျိုးကြောင်းကို မသင့်ဘူး...

“နောက်တစ်ခါ မလာတော့ဘူး။ ဒီလိုသဘောထားနဲ့တော့ အရသာရှိတဲ့အစားအသောက်ဆိုရင်တောင် မလာဘူး”

စားသောက်ဆိုင်မှ ထွက်လာပြီးနောက် ရွှေရောင်ဆံပင် အမျိုးသားသည် ခဏလောက် ရေရွတ်ရင်း တည်းခိုခန်းသို့ပြန်လာခဲ့သည်။ သူသည် နေ့လည်ခင်းတွင် တစ်ရေးတစ်မော အိပ်လေ့ရှိသော်လည်း ယနေ့တော့ အိပ်ပျော်မည်မဟုတ်တော့။ မျက်လုံးမှိတ်လိုက်သည်နှင့် ထိုစားသောက်ဆိုင်မှ မြင်ကွင်းက သူ၏စိတ်ထဲတွင် ပေါ်လာသည်။

ပို၍စိတ်ဝင်စားစရာကောင်းသည်မှာ ညဘက်တွင် သူသည် သူ၏အလုပ်ကိုလုပ်ရန် နောက်တစ်ဆိုင်သို့ သွားလိုက်သည်။ သို့သော် သူထွက်လာသည်နှင့် တွန့်ဆုတ်စွာ ပြောလိုက်သည်။

"ဟင်? ကြက်ဥထမင်းကြော်နဲ့ခေါက်ဆွဲပြုတ်ရဲ့အရသာက ဘယ်လိုပါလိမ့်?"

"နေ့လည်က မြန်မြန်စားလိုက်မိတော့ အရသာကို မေ့သွားသလိုပဲ။ ငါဘာလုပ်ရမလဲ?"

"မဟုတ်သေးဘူး ငါနောက်တစ်ခေါက်သွားပြီး မြည်းစမ်းကြည့်ရမယ်"

"…"

ဤသို့ဖြင့် ညနေ ၆ နာရီတွင် စားသောက်ဆိုင်သို့ရောက်လာပြီး တန်းစီနေလိုက်သည်။

မလာဘူးဟု ပြောနေသော်လည်း သူ၏ခန္ဓာကိုယ်သည်တော့ အလွန်ရိုးသားသည်။

မှန်ပေသည်။ ၎င်းမှာ နောက်ပိုင်းတွင်မှ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

ရွှေရောင်ဆံပင်အမျိုးသား ထွက်သွားပြီးနောက် စားသောက်ဆိုင်တွင် စားသုံးသူအသစ်များရှိနေသေးသည်ကို နောက်မှလူများသိပေသည်။ ခေါက်ဆွဲပြုတ်မကြိုက်သည့်သူများပင် လူတိုင်း၏ ခေါက်ဆွဲပြုတ်ကို အားရပါးရစားနေသည့် အသံများကြောင့် မနေနိုင်ဘဲ စားကြည့်ကြသည်။ စားပြီးသည်နှင့် လူများသည် ပုံမှန်စားသောက်သည့်အပြုအမူကို ဘာကြောင့်ဂရုမစိုက်တော့ဘဲ အရူးအမူးစားနေရတာလဲ ဆိုသည်ကို သိလာရသည်။

အလွန်အရသာရှိရုံသာမက အလွန်အမင်းကောင်းမွန်ပေသည်။ ခေါက်ဆွဲ၏နူးညံ့မှု၊

စိတ်စွတ်မှု၊ အရသာ၊ အနံ့တို့သည် လူတိုင်း၏အရသာဖူးလေးများကို နှစ်ခြိုက်သွားစေသည်။

စားသောက်ဆိုင်၏ဒုတိယအထပ်တွင်။

"အိုး ငါဗိုက်တင်းသွားပြီ။ ဒါက ခေါက်ဆွဲလား? အရသာက မပြောပြတတ်လောက်အောင်ပဲ။ ခဲအို နင်ကို လေးစားမြတ်နိုးရတာ အဆုံးမရှိစီးဆင်းနေတဲ့ရေတွေနဲ့တူလိုက်တာ။ နင်က အရမ်းအံ့ဩဖို့ကောင်းတာပဲ" ကျိုးဖေးသည် အနည်ငယ်ပျင်းရိလေးကန်စွာပြောသည်။ စားသောက်ပြီးနောက်တွင် ဆိုဖာပေါ်တွင် ပျော့ခွေနေခဲ့သည်။ သူမသည် အလွန်အားနည်းသည်ဟု ခံစားရသော်လည်း ကျန်းဟန်အား အလွန်လေးစားချစ်ခင်စွာဖြင့် ကြည့်နေခဲ့သည်။

"ဟိုး...ငါ့ကိုယ်ငါ မထိန်းနိုင်တော့ဘူး။ ငါ အရမ်းဗိုက်တင်းသွားပြီ" ကျန်းလီသည်လည်း ပျော်ရွှင်စွာဖြင့် ကျိုးဖေး၏ဘေးတွင် ပစ်လဲလိုက်သည်။

“အရမ်းအရသာရှိတယ်။ ဒါက ကျွန်မ ငယ်ငယ်ကတည်းက ခုချိန်ထိ စားဖူးသမျှခေါက်ဆွဲမှာ အကောင်းဆုံးပဲ။ ဟမ့် ရှင်ကအကြံသမားပဲ။ အရသာရှိတဲ့အစားအသောက်တွေနဲ့ ကျွန်မကို အနိုင်ယူချင်နေတာ” ဇီယန်၏လှပသော မျက်လုံးလေးများက ကျန်းဟန်အား တောက်ပစွာဖြင့် ကြည့်နေခဲ့သည်။

သူမသည်လည်း ခေါက်ဆွဲပြုတ် နှစ်ပန်းကန်စားခဲ့သည်။ ပျော်ရွှင်စွာစားသောက်ပြီးနောက် သူမသည် ပို၍ ပေါ့ပါးလာသည်။ ဆိုဖာပေါ်တွင် နောက်ပြန်မှီကာ အနားယူလိုက်ပြီး မလှုပ်ချင်တော့ပေ။

“အာ....” မုန့်မုန့်၏သေးသွယ်သည့် ခြေထောက်လေးများက လျှောက်ကျလာပြီး သူမလေး၏ဗိုက်ကလေးကို ပွတ်ကာ ပြောလိုက်သည်။ “ကဲ ဖေဖေ။ ဖေဖေ့ကြောင့် မုန့်မုန့်ရဲ့ဗိုက်က ပိုပြီးပူလာပြီ။

ဘယ်လိုလုပ်ရမလဲ။ သမီးရုပ်ဆိုးသွားတော့မယ်။ ဟင်း…သမီးအဲ့ဒီလိုမျိုးကြီး မဖြစ်ချင်ဘူး”

မုန့်မုန့်သည် သူမလေး၏ဗိုက်ကို ပုတ်လိုက်သည်။ ဗိုက်မာ အနည်းငယ် ဖောင်းကားနေပြီး သူမလေးအား ထိတ်လန့်သွားစေသည်။

မင်းသမီးလေးသည် ကိုယ့်ကိုယ်ကိုယ် အလွန်ဂရုစိုက်သူဖြစ်သည်။

“အဲ့ဒါ အဆင်ပြေပါတယ်” ကျန်းဟန်သည် မုန့်မုန့်၏အမူအရာကိုတွေ့သည့်အခါ မနေနိုင်ဘဲ ပြုံးလိုက်ကာ “လခြမ်းတောင်က အစားသောက်တွေက အစာကြေပါတယ်။ ဒါကြောင့် မုန့်မုန့်က အဆီတွေဖြစ်လာမှာကို မကြောက်နဲ့။ ဝက်တစ်ကောင်လိုတော့ စားပြီးရင် အိပ်မနေနဲ့ပေါ့” ဟု ပြောလိုက်သည်။

-အပိုင်း(၁၀၃) ပြီး

wunzinnosp

## အပိုင်း(၁၀၄)

"မဟုတ်ဘူး မုန့်မုန့်က ဝက်မဟုတ်ဘူး။ ဖေဖေကမှ ဝက်။ ဟွန့် ဖေဖေ့ကို မချစ်တော့ဘူး" မုန့်မုန့်သည် စိတ်ထဲက မပါဘဲ ပြောလိုက်သည်။ မင်းသမီးလေးမှာ အလွန်အမင်းပင် ချစ်စရာကောင်းနေတော့သည်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ" ကျန်းဟန်သည် ရယ်မောကာ ခွင့်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ "ဖေဖေမှားသွားပါတယ်။ မုန့်မုန့်က ဝက်ကလေးမဟုတ်ဘူး။ ဖေဖေကမှ ဝက်"

"ဟေးဟေး ဖေဖေက ဝက်ကလေး ဝက်ကလေး..." မုန့်မုန့်သည် သူမ၏လက်ကလေးကို ပျော်ရွှင်စွာဝှေ့ယမ်းက

ကလေးဆန်သောအသံကလေးဖြင့် ပြောပြီးကာမှ တစ်ခုခုမှားနေသလိုခံစားလိုက်ရသည်။ နောက်အသက်ရှူကြိမ်တွင် သူမလေး၏နူးညံ့သည့်အသံလေးဖြင့် “ရုပ်ချောတဲ့ဖေဖေက ဝက်ကလေးမဟုတ်ဘူး” ဟု ပြောလိုက်သည်။

“သမီးရဲ့ဖေဖေက ဝက်ကလေးမဟုတ်ဘူးလား။ ဒါဆို ဘယ်သူက ဝက်ကလေးလဲ?” ကျိုးဖေးသည် မုန့်မုန့်နှင့်ကစားသည့်အနေဖြင့် တစ်ပြိုင်နက်မေးလိုက်သည်။

“အန်တီလေ။ အန်တီဖေးဖေးက ဝက်ကလေး။ အန်တီက အစာစားပြီးပြီးချင်း တစ်ခါတည်းတန်းပြီးတော့ လှဲချအိပ်နေတာ။ အန်တီ အရမ်းပျင်းတာပဲ” မုန့်မုန့်သည် လေးနက်စွာဖြန်ဖြင့် ပြန်ပြောသည်။

ကျိုးဖေး၏မျက်နှာမှာ ကျောက်တုန်းကဲ့သို့ မာကျောသွားပြီး နဖူးမှာ အနက်ရောင်မျဉ်းကြောင်းများပင် ပေါ်နေသည်။

“ဟားဟား....” ဇီယန်နှင့် ကျန်းလီမှာ သဘောကျစွာ ရယ်မောလိုက်ကြသည်။

“ကောင်းပြီ ဒါဆိုရင် အန်တီဖေးဖေးက မုန့်မုန့်ကို မချစ်တော့ဘူးနော်။ ဝက်ကလေးက ဘယ်သူလဲဆိုတာကိုပြောဖို့ သမီးကို နောက်ထပ်အခွင့်အရေးတစ်ခုပေးမယ်” ကျိုးဖေးသည် မုန့်မုန့်အား စိုက်ကြည့်ကာ ဟန်မူရာပိုကာဖြင့် ပြောလိုက်သည်။

“ဟွန့်!” ကျိုးဖေးကို ကြောက်ရွံ့ခြင်းမရှိဘဲ မုန့်မုန့်သည် ဇီယန်၏ရင်ခွင်ထဲသို့ တိုးဝင်ကာ “အဲ့ဒါ အန်တီဖေးဖေးပဲ။ အန်တီဖေးဖေးက ဝက်ကလေး” ဟု ပြောလိုက်သည်။

"ကောင်းပြီလေ ဒါဆိုရင် အန်တီဝက်ကလေးက မင်းကို ဘယ်လိုမျိုးအပြစ်ပေးမလဲကြည့်လိုက်တော့"

ကျိုးဖေး၏လက်များသည် မုန့်မုန့်၏ကိုယ်ပေါ်တွင် ပြေးလွှားကာ ကလိထိုးလိုက်ရာ အိမ်ထဲတွင် ရယ်မောသံများဖြင့် ပြည့်လျှမ်းသွားသည်။

ဤစားသောက်ဆိုင်၏ ဆိုင်ဖွင့်ချိန်မှာ တစ်နာရီသာ ရှိသော်လည်း တန်းစီစောင့်ဆိုင်းနေကြသည့် လူများ ပြန်သွားရန် နှစ်နာရီကျော်ကြာခဲ့သည်။

ထို့အပြင် ရက်အတော်ကြာ ပြင်ဆင်ပြီးနောက် ကျန်းဟန်၏စားသောက်ဆိုင်သို့ လာစားကြသောလူများမှာ သူတို့၏ကိုယ်ပိုင် အသိုင်းအဝိုင်းများနီးပါးရှိကြသည်။ တစ်ခါတစ်ရံတွင် သူတို့သည် အဖွဲ့လိုက်ပင်လာကြပြီး မုန့်မုန့်စားသောက်ဆိုင်ဆက်သွယ်ရေးအဖွဲ့ ဟုခေါ်သော ဆက်သွယ်ရေးအဖွဲ့အများအပြားပင် ရှိကြသည်။

အကြောင်းအရာအများစုမှာ အစားအသောက်အပေါ်တွင် အဓိကထားကြသည်။ ထို့ကြောင့် နေ့လည်ခင်းတွင် အသစ်ပေါ်လာသော ခေါက်ဆွဲပြုတ်ကို စားပြီးသွားသူများ၏ တစ်ဆင့်စကားဖြင့် ပျံ့နှံ့သွားကာ ပြင်းပြင်းထန်ထန်ပင် တုန့်ပြန်ကြသည်။

အဓိကအားဖြင့် နို့ပမာဏကြောင့် စားသောက်ဆိုင်တွင် တစ်ဦးချင်းစီ၏သုံးစွဲမှုမှာ ယွမ် ၁၀၀၀ ကျော်သည်။ လူတော်တော်များများသည် ခွက်များမှာသေးငယ်သောကြောင့် တစ်ခါတစ်ခါစားသည့်အကြိမ်တိုင်း အနည်းဆုံးသုံးခွက်လောက် သောက်ကြသည်။

တစ်ကျိုက်နှစ်ကျိုက်သောက်ပြီးသည်နှင့် ခွက်ထဲရှိ နို့မှာ ကုန်သွားပြီဖြစ်သည်။ တစ်ခွက်တည်းဖြင့် မလောက်သည်မှာ သေချာသလောက်ပင်။

စားသောက်ဆိုင်တွင် စားသောက်ပြီးနောက် တစ်နေ့လုံး အားမာန်တက်ကြွနေသလို ခံစားကြရသော်လည်း စားသုံးမှုနှုန်း

မြင့်မားလွန်းသဖြင့် လူအများစုသည် ဤဆိုင်သို့ အမြဲလာမစားနိုင်ကြပေ။

ဟာရီကိန်းမုန်တိုင်းကဲ့သို့ပင် ခေါက်ဆွဲပြုတ်သတင်းသည် ထိုသူများ၏ သူငယ်ချင်း မိတ်ဆွေ အသိုင်းအဝိုင်းများကြားတွင် ပျံ့နှံ့သွားပြီး စားသောက်ဆိုင်သို့ လာရောက် စားသောက်ကြရန် လူအများအပြားမှာ အသင့်ဖြစ်နေခဲ့ကြသည်။ အတူတူသွားမစားကြသည့် အတန်းဖော်၊ လုပ်ဖော်ကိုင်ဖက်နှင့် အခန်းဖော်များပင် အနည်းအကျဉ်းသာ ရှိသည်။

ရုတ်တရက်ဆိုသလိုပင် စားသောက်ဆိုင်မှာ သာမန်မဟုတ်သည့် ခပ်မိုက်မိုက်မြင်ကွင်းတစ်ခုကို ဖွင့်လှစ်ပေးလိုက်သလိုပင်။

နေ့လည်စာ စားပြီးနောက် ကျန်းလီနှင့် ကျိုးဖေးသည် အပေါ်ထပ်တွင် သန့်ရှင်းရေးလုပ်ရန် လုပ်အားပေးကြပြီး ကျောက်ဖုန်းနှင့် ကျောက်ဒါဟူတို့မှာ အောက်ထပ်တွင် သန့်ရှင်းရေးလုပ်ကြသည်။

“အိုး ဖေဖေ၊ မေမေ သမီးတို့ သမုဒ္ဒရာပန်းခြံမသွားကြဘူးလား?” မုန့်မုန့်သည် တစ်နေလုံး စောင့်မျှော်နေခဲ့သော် ခရီးစဉ်ကို ရုတ်တရက် သတိရသွားပြီး ချက်ချင်းထထိုင်ကာ သူမလေး၏ကြည်လင်တောက်ပသော မျက်လုံးများကို ကျယ်ကျယ်ဖွင့်ကာ မေးလိုက်သည်။

“ဟုတ်တယ်” ဇီယန်သည် အသာအယာ ခေါင်းညိတ်လိုက်ပြီး နာရီကိုကြည့်ကာ “ကျွန်မတို့ အနားယူပြီးသွားပြီ။ ဆိုတော့ အခု သွားကြတော့မလား?”

ဇီယန်သည် ကျန်းဟန်ဘက်သို့ ကြည့်လိုက်ပြီး အပြင်မထွက်မီတွင် ခင်ပွန်းဖြစ်သူ၏ အကြံဉာဏ်ကို တောင်းနေသည့် ဇနီးလိမ္မာလေးကဲ့သို့ မေးမြန်းသည့် လေသံဖြင့် မေးလိုက်သည်။

"ဒါဆို..." ကျန်းဟန်သည် မုန့်မုန့်ကို ပြုံး၍ကြည့်လိုက်ကာ ပြောလိုက်သည်။

"သွားတော့မလား?"

"သွားမယ် သွားမယ် သွားကြမယ်။ သမုဒ္ဒရာပန်းခြံကို သွားကြမယ်။ ရေး....." မုန့်မုန့်သည် အမုန်တကယ်ပျော်ရွှင်နေပြီး ဆိုဖာပေါ်တွင် ခုန်ပေါ်နေသည်။

သို့ဖြင့် မိသားစုသုံးယောက် အပြင်ထွက် ဆော့ကစားကြရန် ပြင်နေရင်းဖြင့် ပြဿနာက ပေါ်လာတော့သည်။

"ကျန်းဟန် ကျွန်မ ဘာဝတ်သင့်တယ်ထင်လဲ?" ဇီယန်သည် အိပ်ခန်းဆီသို့ လျှောက်သွားရင်း သူမ၏ နှုတ်မှ စကားများ သဘာဝအလျောက် ထွက်ပေါ်လာသည်။

"ဘာပဲဖြစ်ဖြစ်ပါ" ကျန်းဟန် ပြန်ပြောလိုက်၏။

"ဟမ့် ရှင်က ဝတ်ကျေတမ်းကျေနိုင်လိုက်တာ။ တကယ်လို့ ကျွန်မကို မှတ်မိသွားကြရင် ကျွန်မတို့ အဝိုင်းခံနေရမှာ။ အရင်ဆုံး ရုပ်ဖျက်ဖို့ အရင်လုပ်ရမှာပေါ့" ဇီယန် နှာခေါင်းရှုံ့ကာ ပြောလိုက်သည်။

"မိတ်ကပ်လား?"

ကျန်းဟန်သည် နာရီကိုကြည့်လိုက်ရာ နှစ်နာရီ ထိုးနေပြီဖြစ်သည်။ ဇီယန် မိတ်ကပ်လိမ်းရင် အချိန်ဖြုတ်းနေမည်ကို သူကြောက်ရွံ့မိသည်။

"ဘာပဲဖြစ်ဖြစ်...."

ကျန်းဟန်သည် စကား၏အစတွင်ပင် ရပ်တန့်လိုက်သည်။ လောလောဆယ်တွင် သူမကို ဘယ်သူကမှ မသိကြသေးဘူးဟု ပြောလိုက်ချင်သည်။

သို့သော် ကျန်းဟန် ထိုသို့ပြောလိုက်ပါက ဇီယန်၏ မကျေမနပ်မှုကို ခံရမည်ဟု တွေးလိုက်မိသည်။ ထို့ကြောင့် သူသည် စကားကို လှည့်ကာ ပြောလိုက်သည်။

"မင်းလုပ်ရမှာက ဦးထုပ်ဆောင်းထားဖို့ပဲ"

"အဲ့ဒါပဲ လုပ်ရမှာလား?" ဇီယန် တုံ့ဆိုင်းနေသည်။

သူမ၏စိတ်ထဲ၌ လက်ရှိ၌ သူမသည် လူသိများသည်မဟုတ်သော်လည်း လူများသည် သူမအား သိကြသည်။ သူမအား မှတ်မိသွားပါက ဒုက္ခများနေမည်။

"ကောင်းပြီ ငါမင်းကို ပြင်ပေးမယ်"

ကျန်းဟန်သည် အသုံးမဝင်သော ကြေးဒင်္ဂါးပြားလေးကို တွေးလိုက်မိသည်။ ကြေးနီဒင်္ဂါးလေးဖြင့် ဇီယန်၏အသွင်အပြင်ကို အခြားသူများ၏အမြင်၌ အနည်းငယ် ပြောင်းလဲသွားစေရန်မှာ လွယ်ကူသည်။

"ရှင်လား? ထားလိုက်ပါတော့။" ဇီယန် ခေါက်းယမ်းကာ သူ့အား အယုံအကြည်မရှိကြောင်း ပြသလိုက်သည်။

လာနောက်နေတာလား? သူ့လိုခေါင်းမာတဲ့ယောက်ျားက ဘယ်လို မိတ်ကပ်ပြင်တတ်မှာလဲ...

"မိတ်ကပ်လေးပဲကို" ကျန်းဟန်သည် ဇီယန်၏လက်ကို ဆွဲကာ အိပ်ခန်းထဲသို့ ခေါ်သွားသည်။

ဝှစ်!

ဇီယန်သည် ပထမတွင် အံ့သြသွားပြီး ခဏအတွင်း၌ မျက်နှာမှာ နီရဲသွားသည်။

သူဘယ်လိုတောင် ဆရာကြီးလုပ်တာလဲ။

ဇီယန်သည် သူမ၏လက်ကို ပြန်ဆွဲလိုက်ချင်သော်လည်း နောက်ဆုံးတွင် ဘာမှမလုပ်တော့ဘဲ ကျန်းဟန်အား သူမ၏လက်ကို အိပ်ခန်းထဲသို့ ဆွဲခေါ်ခွင့်ပြုလိုက်သည်။

"အိုး...အိုး...အိုး...ဘာတွေလုပ်နေကြတာလဲ။ နေ့ခင်းကြောင်တောင်ကြီးကို မဟုတ်တာလုပ်ဖို့ အိပ်ခန်းထဲသွားနေကြတာ။ အာ...ရှက်လိုက်တာ" ကျိုးဖေးသည် အပေါ်ထပ်သို့ တက်လာသည်နှင့် ထိုမြင်ကွင်းကိုမြင်လိုက်ပြီး အော်လိုက်သည်။

ကျိုးဖေးသည် ကျန်းဟန် သူမ၏အစာအိမ်ကို အနိုင်ယူသွားသည့်အတွက်ကြောင့်သာမကဘဲ မုန့်မုန့်အတွက်ပါ စဉ်းစားမိပြီး ကျန်းဟန်နှင့် ဇီယန်အား အတူတူတွဲနေနိုင်မည်ဟု သူမ၏စိတ်ရင်းမှန်ဖြင့် မျှော်လင့်ထားသည်။

ကျိုးဖေးသည် မုန့်မုန့်အား အလွန်ချစ်သည်။ တစ်ချိန်တည်းမှာပင် သူတို့နှစ်ယောက်မှာ ထိတွေ့ဆက်ဆံမှုများလေလေ စုံတွဲပုံစံပို၍ပေါက်လေလေဟု တွေးမိသည်။

"ဟိဟိ.." ကျန်းလီသည် လာမှမပြောလဲ ပါးစပ်ကိုအုပ်က ရယ်လိုက်သည်။

"သူတို့ မဟုတ်တာ မလုပ်ပါဘူး" ဆိုဖာပေါ်မှ ခုန်ချရင်းမုန့်မုန့်က ပြောလိုက်သည်။ "ဖေဖေက မေမေကို မိတ်ကပ်ပြင်ပေးတော့မှာ"

"အိုး!" ကျိုးဖေးသည် စနောက်သည့်လေသံဖြင့် "သူတို့က မိတ်ကပ်လိမ်းပေးတဲ့ အဆင့်ကို ရောက်နေပြီပေါ့။ ဘယ်လောက် မြန်လိုက်လဲ"

နောက်ဘက်မှ စကားသံများကိုကြားသည့်အခါ ဇီယန်သည် ရှက်ကိုးရှက်ကန်းဖြစ်ကာ မျက်နှာမှာ နီရဲနေပြီး ခေါင်းပင် မမော့တော့ပေ။ ဇီယန်၏ပုံစံမှာ အလွန်ချစ်စရာကောင်းသည့် ပန်းလေးတစ်ပွင့်ကဲ့သို့ လှပနေခဲ့သည်။

အိပ်ခန်းထဲသို့ဝင်ပြီးနောက် ဇီယန်သည် တံခါးကို ပိတ်လိုက်သည်။ သို့သော် သူမသည်

ထိုသို့လုပ်လိုက်ပြီးသည်နှင့် ချက်ချင်းနောင်တရသွားသည်။ ၎င်းက သူမနှင့်ကျန်းဟန်သည် အိပ်ခန်းထဲတွင် ရက်စရာကိစ္စကို လုပ်တော့မလို ဖြစ်သွားစေသည်။

ထိုအတွေးကြောင့် ဇီယန်သည် သူမ၏လက်ကို ပြန်ဆွဲယူလိုက်သည်။ သူမသည် ကျန်းဟန်အား လှပသည့်မျက်ဝန်းများဖြင့် စိုက်ကြည့်ကာ “အဲ့ဒါအကုန်လုံး ရှင့်အမှားပဲ။ ရှင်ကြောင့် သူတို့တွေအကုန်လုံး ကျွန်မကို ဟာသဟာလုပ်နေကြပြီ”

“အဲ့တော့ ဘာဖြစ်လို့လဲ?” ကျန်းဟန် ရယ်ရခက် ငိုရခက် ဖြစ်နေသည်။

သူသည် သူမအား တခြားဘာမှလုပ်ရန်စိတ်ကူးမရှိဘဲ ပေါ့ပေါ့ပါးပါးပင် အချိန်မကုန်စေရန် မိတ်ကပ်ပြင်ပေးချင်ရုံသာရှိသည်။

“ငါ့ကို မင်းရဲ့ အလှပြင်အိတ်ပေးပါ” ကျန်းဟန်သည် ဇီယန်၏ရက်ရှုံ့နေသည့်ပုံစံလေးကိုကြည့်ကာ ရယ်၍ပြောလိုက်သည်။

“ငါမင်းကို ရိုးရိုးရှင်းရှင်းနဲ့ တခြားသူတွေ မင်းကို မမှတ်မိတော့အောင် ပြင်ပေးမယ်။ မြန်မြန်လုပ်ရအောင်။ မဟုတ်ရင် မုန့်မုန့်အတွက် အချိန်ကောင်းလေးရှိတော့မှာမဟုတ်ဘူး”

“ရှင်ဘာလို့ မုန့်မုန့်ကိုဘဲ ဂရုစိုက်နေနိုင်ရတာလဲ” ဇီယန်သည် ကျန်းဟန် ဘာကြောင့် သူမအား ဤကဲ့သို့ ဆက်ဆံရသလဲ မေးရန် ရည်ရွယ်လိုက်သော်လည်း သူမသည် သမီးနှင့်ပြိုင်နေသည့်ပုံစံပေါက်သွားသလို ခံစားလိုက်ရသည်။ ထို့ကြောင့် စကားကိုအမြန်ရပ်လိုက်ပြီး ခေါင်းစဉ်ပြောင်းလိုက်သည်။

“ဟမ်..ရှင်တကယ် မိတ်ကပ်ပြင်တတ်တာလား?”

"ငါမင်းကို ဘာလို့လိမ်ရမှာလဲ?" ကျန်းဟန်သည် ခေါင်းယမ်းကာ ပြောလိုက်သည်။ "အလုပြင်အိတ်သွားယူလိုက်ပါ။ ပြီးမှ မိတ်ကပ်ပြင်တတ်လား မပြင်တတ်ဘူးလားဆိုတာ သိလိမ့်မယ်"

"ကောင်းပြီ" ဇီယန်သည် နှုတ်ခမ်းကို ကိုက်ကာ ပြန်ပြောလိုက်သည်။ အလှပြင်အိတ်ကို ထုတ်ရန် သူမ၏ခရီးဆောင်အိတ်ဘက်ကိုလှည့်လိုက်သည်။

"လာ ဒီမှာထိုင်" ကျန်းဟန်သည် ကုတင်ဝိုင်းကြီးအနားသို့လျှောက်သွားကာ ရှေ့မှာ မွေ့ယာကို ပုတ်ကာ ပြောလေလိုက်သည်။

ဇီယန်သည် စိတ်ထဲတွင် ကျန်းဟန်၏စကားကို စိုးရိမ်နေကာ သတိဖြင့် ထိုင်ချလိုက်သည်။

ကျန်းဟန်သည် လက်ထဲတွင် အလှပြင်အိတ်ကို ကိုင်လိုက်ပြီး မျက်ခုံးမွေးဆွဲတံတစ်ချောင်းကို ထုတ်လိုက်သည်။ ဇီယန်သည် သူ၏ ကိုယ်နေဟန်အရ

အမှန်တကယ် မိတ်ကပ်ပြင်တတ်နိုင်လောက်သည်ဟု ခံစားမိသည်။

သို့သော်ငြား။

ကျန်းဟန်၏မျက်လုံးများကို လှန်ကြည့်လိုက်ရာ သူ၏ကိုယ်မှာ သူမအနီးသို့ ပို၍ ပို၍ နီးကပ်လာသည်နှင့်အမျှ ဇီယန်သည် ရုတ်တရက် ရင်ဖိုလာကာ နှလုံးခုန်သံများကိုပင် ခံစားနေရသည်။

"ဒါဆို စပြီနော်။ မင်းရဲ့မျက်နှာက နည်းနည်းတော့ တက်လာလိမ့်မယ်" ကျန်းဟန်သည် မျက်ခုံးမွေးဆွဲတံကိုကိုင်ကာ သတိပေးလိုက်သည်။

ဇီယန်၏နှုတ်ခမ်းများမှာ အနည်းငယ်တွန့်သွားပြီး မသိစိတ်က သူမ၏ခေါင်းကို နီးကပ်လာစေသည်။ အကွာအဝေးမှာ ပို၍နီးကပ်လာပြီး ဇီယန်သည် ကျန်းဟန်၏ အသက်ရှူသံကိုပင် ခံစားနိုင်သည်။

ယောက်ျားတစ်ယောက်၏ပြင်းပြသည့် အသက်ရှူသံ ဝင်သက်ထွက်သက်ကို ခံစားလိုက်ရသဖြင့် မနေနိုင်ဘဲ သူမ၏မျက်လုံးများကို တင်းတင်းမှိတ်ထားလိုက်သည်။ သူမ၏ ရှည်လျားသော မျက်တောင်လေးများက အဆက်မပြတ် တုန်ခါနေပြီး ထိုအချိန်တွင် သူမ၏စိတ်ပင်ပန်းမှုကို မည်သူမဆိုမြင်နိုင်သည်။

"စိတ်မလှုပ်ရှားနဲ့ စိတ်ကိုလျှော့ထား။ ခဏနေရင် အဆင်ပြေသွားလိမ့်မည်"

ကျန်းဟန်သည် သူ၏ဘယ်လက်ဖြင့် ဇီယန်၏မေးစေ့ကို ညင်သာစွာ ကိုင်မကာ နူးညံ့စွာပြောလိုက်သည်။ တစ်ချိန်တည်းမှာပင် သူမ၏မျက်နှာကို အနည်းငယ် မြှင့်မ လိုက်သည်။

သူတို့၏မျက်နှာများမှာ မျက်နှာချင်းဆိုင်နေပြီး ဇီယန်၏နူးညံ့သိမ်မွေ့သောမျက်နှာလေးကို

သူကြည့်လိုက်သည့်အခါ ကျန်းဟန်မှာ အနည်းငယ် အေးခဲသွားသည်။

ဇီယန်၏နဖူး၊ မျက်လုံး၊ နှာခေါင်း၊ သူမ၏နူးညံ့သည့်နှုတ်ခမ်းလေးတို့ကိုကြည့်ကာ ကျန်းဟန်သည် ထိုညက အဖြစ်အပျက်ကို မတွေးမိဘဲ မနေနိုင်။ သူမ၏နှုတ်ခမ်းလေးကို နမ်းရန် စိတ်အားထက်သန်လာသည်။

ကျန်းဟန်သည် သူမကို အချိန်ခဏလောက် ကြည့်နေခဲ့သည်။ ဇီယန်သည် ပုံမှန်မဟုတ်သည်ကို ခံစားမိပြီး သူမ၏မျက်လုံးကြီးများမှာ တဖြည်းဖြည်းပွင့်လာသည်။

ကျန်းဟန်၏မျက်လုံးများက သူမ၏နှုတ်ခမ်းရဲရဲများကို စူးစိုက်နေသည်ကိုတွေ့လိုက်ရသည့်အခါ သူမ၏ရင်ခုန်သံများမှာ ပို၍ မြန်လာပြီး စိုးရိမ်စိတ်များ ပို၍ ပို၍တိုးလာခဲ့သည်။

“ရှင်...ရှင် စနေပြီလား....”

ဇီယန်သည် ခြင်တစ်ကောင်ပျံနေသကဲ့သို့ အသံလေးဖြင့် သတိပေးလိုက်ပြီး သူမ၏မျက်လုံးများကို မှိတ်လိုက်သည်။

"အင်း…ကောင်းပြီ ငါစပြီ"

ကျန်းဟန်သည် အသာအယာချောင်းဟမ့်လိုက်ပြီး စတင်ရန် ပြင်လိုက်သည်။

ဇီယန်၏မျက်လုံးများ မှိတ်ထားစဉ်တွင် သူမ၏နှာခေါင်းမှာ တိုးညှင်းသာယာသည့် အသံရှူသံလေး ထုတ်လွှတ်နေသည်။ စိတ်တင်းထားမှုကြောင့် သူမ၏အသားအရေမှာ ပို၍ နီမြန်းလာပြီး စွဲမက်ဖွယ်ကောင်းလာသည်။

သူ…သူ ငါ့ကို နမ်းချင်နေတယ်…

ထိုအခိုက်အတန့်တွင် ဇီယန်သည် ကျန်းဟန်၏မျက်လုံးများမှတဆင့် သူဘာတွေးနေသလဲဆိုသည်ကို တွေ့လိုက်သည်။ ၎င်းက သူမ ဘာကြောင့် စိုးရိမ်

စိတ်လှုပ်ရှားနေရသလဲဆိုသည့်အကြောင်းပင်။ အမှန်တကယ်တွင် သူမသည် ၎င်းကို ဘယ်လိုဖြေရှင်းရမှန်းမသိသည့် ပြဿနာတစ်ခုရှိသည်။ သူမသည် အနည်းငယ် မှုးနောက်နောက်ဖြစ်နေပြီး စိတ်ရှုပ်ထွေးနေသည်။

သူငါ့ကို နမ်းရင် ငါ ဘာလုပ်ရမလဲ...

မရဘူးလို့ပြောလိုက်ရမှာလား။ ငါ အဲ့ဒါကို လက်မခံနိုင်ဘူး...

ဒါပေမဲ့...ဒါပေမဲ့...

ရုတ်တရက် သူမ၏စိတ်ကူးအတွေးများမှာ အရှိန်းဆန်သွားသည့်အချိန်တွင် သူမ၏နှုတ်ခမ်းအား တစ်စုံတစ်ရာ လာထိသလို ခံစားလိုက်ရသည်။

ဇီယန်၏နူးညံ့သိမ်မွေ့သည် ကိုယ်ခန္ဓာလေးသည် တုန်ခါသွားပြီး သူမ၏နှလုံးသားထဲတွင်

မိုတ်တုတ်မိုတ်တုတ်ဖြစ်နေသလို ခံစားချက်များ ဖြစ်ပေါ်သွားသည်။

သူ... သူ...ငါ့ကိုနမ်းလိုက်တယ်...

ထို အတွေးများကပေါ်လာသည်နှင့် ရုတ်တရက် သူမ၏နှုတ်ခမ်းပေါ်တွင် တစ်စုံတစ်ရာမှာ လှုပ်ရှားသွားသည်။

အထိအတွေ့ ခံစားချက်များက တဖြည်းဖြည်း နက်ရှိုင်းလာသည်နှင့်အမျှ ဇီယန်သည် ၎င်းက ဘာလဲဆိုတာကို သိလိုက်သည်။

-အပိုင်း(၁၀၄) ပြီး

wunzinnosp

## အပိုင်း(၁၀၅)

သူမသည် ရုတ်တရက် မျက်လုံးဖွင့်လိုက်ပြီး သူမ၏စိတ်ထဲမှ စိုးရိမ်မှုများမှာ ပျောက်ကွယ်သွားပြီး မေးခွန်းများက အစားထိုးလိုက်သည်။

"ကျန်းဟန်!"

စူးရှသည့် အော်သံထွက်ပေါ်လာ၏။

"ဘာဖြစ်လို့လဲ? မလှုပ်နဲ့ ကောက်သွားလိမ့်မယ်" ကျန်းဟန်၏ဘယ်လက်သည် ဇီယန်၏မေးစေ့ကို တင်းတင်းကိုင်ထားသည်။

"ရှင်ကိုင်ထားတာ မျက်ခုံးမွေးဆွဲတံကြီး" ဇီယန်၏မျက်လုံးများသည် ကျန်းဟန်အား ဒေါသများဖြင့် စိုက်ကြည့်နေသည်။

ဒီအရူးကောင်ကတော့ သူငါ့ကို အစမ်းလေ့ကျင့်ဖို့ ခေါ်လာတာပဲ

"အဟမ်း... သိပြီ သိပြီ။ ခဏနေရင် ပြီးပါပြီ တစ်မိနစ်ပဲ" ကျန်းဟန် အနည်းငယ် ရှက်သွားသည်။

သူသည် အလှကုန်များအကြောင်း ဘာမှမသိပေ။ မျက်ခုံးမွေးဆွဲတံကို နှုတ်ခမ်းနီထင်၍ မှားသုံးနေမိသည်။

၎င်းမှာ မျက်ခုံးမွေးဆွဲတံဆိုသည်ကို သိလိုက်ပြီးနောက် ဇီယန်၏မျက်ခုံးမွေးကို ဆွဲရန် အသုံးပြုလိုက်သည်။

ထို့နောက် ဇီယန်သည် သူ့အား ကြမ်းတမ်းစွာ စိုက်ကြည့်ပြီး ဘာမှမပြောတော့ပေ။ မျက်လုံးများကို ပြန်မှိတ်လိုက်ပြီး စိတ်လျှော့လိုက်သည်။

သို့သော် ဤအပိုင်းကဏ္ဍတွင်တော့ ဇီယန်သည် စိတ်သက်သာရာ ရသွားခဲ့သည်။ သူမ အလွန်စိုးရိမ် စိတ်လှုပ်ရှားနေသဖြင့် အသက်ရှူပင်ကြပ်နေရသည်။

ဟူး...ဇီယန် ဇီယန် နင်အရမ်း ရှက်ဖို့တောင်းတာပဲ...

ဇီယန်သည် စိတ်ထဲမှ သူမကိုယ်သူမ တိတ်တဆိတ် ကျိန်ဆဲလိုက်သည်။

"ကောင်းပြီ ကြည့်လိုက်ရအောင်"

မကြာမီပင် တစ်မိနစ်ပြည့်သွားပြီး ကျန်းဟန် ပါးစပ်ဟလိုက်သည်။

ဇီယန်သည် မှန်ထဲမှတဆင့် သူမကိုယ်သူမ ပြန်ကြည့်လိုက်သောအခါ သူမ၏မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ် ဝိုင်းစက်လာသည်။

"ကျန်းဟန်!"

အလွန်စူးရှကာ လူသတ်ချင်စိတ်များပြည့်နှက်နေသည့်အသံသည် စားသောက်ဆိုင်တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

.......

သမုဒ္ဒရာပန်းခြံသို့ ကားမောင်းသွားနေသည့်အချိန်တွင် ကျန်းဟန်သည် အမှတ်တမဲ့ဖြင့် ပြုံးနေမိသည်။

ကြေးနီဒင်္ဂါးလေးကို သုံးရမည့်အစား မိတ်ကပ်ပြင်ရာတွင် သူ၏စွမ်းအားကို အသုံးပြုလိုက်သည်။ ပန်းချီဆွဲသကဲ့သို့ပင် မျဉ်းကြောင်းအနည်းငယ် ဆွဲလိုက်ပြီးနောက် အောင်မြင်သွားခဲ့သည်။

နောက်ခုံတွင် ထိုင်နေသော ဇီယန်သည် နှုတ်ခမ်းကို အနည်းငယ်စူက မကျေမနပ်ဖြစ်နေသည်။

အကြောင်းအရင်းကား...

အောက်ဖက်သို့ရှဲ့စောင်းနေသော သူမ၏မျက်ခုံးမွေးနှင့် ရုပ်ဆိုးဆိုးမျက်လုံးများကိုတွေ့လိုက်ပါက လူတိုင်း နားလည်သွားပေမည်။

ဇီယန်သည် အလှအပကို တန်ဖိုးထားသူဖြစ်သဖြင့် ကျန်းဟန်၏ညှို့ဖျင်းလှသည့် မိတ်ကပ်လက်ရာကို သူမ လုံးဝ လက်မခံနိုင်ပေ။

သို့သော် ကျန်းဟန်သည် သူမအား အပြင်ထွက်ခိုင်းပြီး မုန့်မုန့်အား တစ်ခါတည်းတန်း၍ခေါ်လိုက်သဖြင့် မိတ်ကပ်ပြန်ပြင်ရန် အချိန်မရှိတော့ချေ။

"အယုတ်တမာကောင်...ဟွန့် ငါ ဘယ်တော့မှ သူ့ကို ထပ်ပြီး မယုံတော့ဘူး"

ဇီယန်သည် ဒေါသထွက်လွန်းသဖြင့် စိတ်ထဲမှ အတွေးများကိုပင် ထုတ်ကာ ပြောလိုက်သည်။

"အမ်?" မုန့်မုန့်သည် အံ့ဩသွားပြီး သံသယဖြင့် မေးလိုက်သည်။

"မေမေ အယုတ်တမာကောင် ဆိုတာ ဘာကြီးလဲဟင်? အဲဒါက အရသာရှိတဲ့ဟာလား?"

သူမကိုယ်သူမပြန်တည်ငြိမ်ရန် အချိန်ခဏယူလိုက်ပြီး ဇီယန်သည် ကျန်းဟန်၏မျက်နှာထက်မှ အပြုံးကိုတွေ့လိုက်ရသည့်အခါတွင် စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး "အဲ့ဒါ သမီးရဲ့ဖေဖေလေ။ မုန့်မုန့် နောက်ကျရင် မေမေတို့ သမီးရဲ့ဖေဖေကို သိပ်ပြီး အာရုံမစိုက်သင့်တော့ဘူး။ သူက လူလိမ်အကြီးစားပဲ"

"မဟုတ်ဘူး။ ဖေဖေက လူလိမ်မဟုတ်ဘူး" မုန့်မုန့် ငြင်းလိုက်၏။

"သစ္စာဖောက်လေး" ဇီယန်သည် ပြောလိုက်ရင်း မုန့်မုန့်၏နူးညံ့သည့်နှာတံလေးကို ဖွဖွလေးညှစ်လိုက်သည်။

"အိုး ကောက်သွားတော့မယ်" မုန့်မုန့်သည် လက်ဖဝါးလေးဖြင့် နှာခေါင်းကို ပွတ်လိုက်ရင်း "မေမေ၊ ဖေဖေက လူလိမ်မဟုတ်ဘူး။ မေမေအဲ့လိုမပြောရဘူး။ ဖေဖေက အရမ်းကောင်းတယ်။ အရသာရှိတဲ့စားစရာတွေ လုပ်ပေးနေတာကို။ ဟွန့်"

မုန့်မုန့်၏ပုံစံကိုကြည့်ရသည်မှာ ဇီယန် အလျော့မပေးပါ ဤပြဿနာအား သူမလေး တစ်ချိန်လုံး အလေးအနက်ထားနေမည့်ပုံပေါ်သည်။

၎င်းကို စဉ်းစားရင်း ဇီယန် အကူအညီမဲ့စွာဖြင့် ခေါင်းယမ်းလိုက်သည်။ ထို့နောက် ပြုံး၍ ပြောလိုက်သည်။ "ဟုတ်ပြီ ဟုတ်ပြီ ညည်းရဲ့ဖေဖေက လူလိမ်မဟုတ်ဘူး။ သူက အကောင်းဆုံးပါ"

"အမ်...မေမေလည်း အရမ်းကောင်းတယ်" မုန့်မုန့်၏ခန္ဓာကိုယ်လေးမှာ ဇီယန်၏လက်မောင်းအတွင်းသို့ တိုးဝင်သွားပြီး အလိုလိုက်ခံရသည့်ကလေးတစ်ယောက်လို ပြုမူနေသည်။

ရယ်မောသံများဖြင့် သူတို့ သမုဒ္ဒရာပန်းခြံသို့ ရောက်ရှိလာကြသည်။

ကားပေါ်မှဆင်းပြီးနောက် ဇီယန်သည် ဦးထုပ်ကိုခပ်ငိုက်ငိုက် ဆောင်းထားလိုက်သည်။

ဤ၌တစ်ကြိမ်တွင်တော့ သူမအား မှတ်မိသွားမည်ကို ကြောက်ရွံ့၍ မဟုတ်ဘဲ သူမ၏မျက်နှာပေါ်မှ မိတ်ကပ်အစွမ်းကြောင့် အလွန်းရုပ်ဆိုးလှသည်ဟု ထင်မိ၍ဖြစ်သည်။

သမုဒ္ဒရာပန်းခြံထဲသို့ ဝင်လိုက်ကြသည်။

သူတို့သုံးယောက် နောက်တစ်ကြိမ် ချားရထားစီးကြပြန်သည်။ ဤ၌တစ်ကြိမ်တွင်တော့ မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲတွင် နေခဲ့ပြီး ဇီယန်နှင့်ကျန်းဟန်မှာ တစ်ယောက်ဘေးတွင်တစ်ယောက် ကပ်၍ ထိုင်ခဲ့ကြသည်။ ချားဘီးအမြင့်သို့ရောက်သည့်အခါ ဇီယနှင့်မုန့်မုန့်တို့ သားအမိသည်တော့ ကြောက်ရွံ့နေကြဆဲဖြစ်သည်။ ဇီယန်သည် ကျန်းဟန်၏လက်မောင်းကို အလိုလိုဆုပ်ကိုင်လိုက်မိပြီး သူမ၏ခန္ဓာကိုယ်မှာသည်း တဖြည်းဖြည်းနှင့် သူ့အပေါ်သို့ မှီလာသည်။

ကျန်းဟန်နှင့်အတူ ဤတစ်ကြိမ်တွင်တော့ ပြီးခဲ့သည့်တစ်ခေါက်ကထက် အများအပြားပို၍ ခံစားချက်ကောင်းမွန်နေခဲ့သည်။

မုန့်မုန့်သည် တစ်နေ့ခင်းလုံး ပျော်ရွှင်အံ့သြကြည်နူးဖွယ် အချိန်များကို ပိုင်ဆိုင်ခဲ့ရသည်။

စားသောက်ဆိုင်သို့ သူတို့ ပြန်ရောက်သည့်အချိန်တွင် ၅ နာရီခွဲ နီးပါး ရှိနေပြီဖြစ်ကာ လူအချို့ပင် ရောက်နေကြပြီဖြစ်သည်။

သို့သော် စောစောစီးစီးရောက်လာကြသည့်လူများမှာ တစ်ယောက်မှ အဖွဲ့ဝင်များမဟုတ်ကြပေ။ အဖွဲ့ဝင်များအတွက် တန်းစီရန် မလိုအပ်သဖြင့် ကြိုတင်လာရောက်စောင့်ဆိုင်းနေရင်လည်း မလိုအပ်ချေ။

ကျန်းဟန်သည် မုန့်မုန့်နှင့် ဇီယန်တို့ သားအမိကို အပေါ်ထပ်သို့ လွှတ်လိုက်ပြီးနောက် လခြမ်းတောင်သို့ ထွက်လာခဲ့သည်။

သူသည် အိမ်မွေးကြက်နှစ်ကောင်၊ ခရမ်းသီးနှင့် သခွားသီးအချို့ကို ယူလာခဲ့သည်။

သူသည် အညိုရောင်ဆော့ကြက်သားနှပ်၊ ကြက်သွန်ဖြူသခွားသီး နှင့် ပဲခရမ်းသီးနှပ်တို့ကို ချက်ပြုတ်ရန် စီစဉ်ထားသည်။

ကျန်းဟန် ဟင်းချက်စရာများဖြင့် စားသောက်ဆိုင်သို့ပြန်လာသည့်အခါ သူ အံ့သြသွားသည်။

စားသောက်ဆိုင်ရှေ့ရှိ ထိုင်ခုံလေး အလုံး ၃၀ တွင် လူပြည့်နေပြီး အနီးအနားတွင် လူ ၂၀ နီးပါး မတ်တပ်ရပ်နေကြသေးသည်။ အရေအတွက်မှာ ကြီးကြီးမားမားမဟုတ်သော်လည်း ဤနေရာလေးအတွက်တော့ အံ့မခန်းဖြစ်နေရသည်။

“ဘာလို့ လူတွေ ဒီလောက်များနေရတာလဲ?”

ကျန်းဟန် အနည်းငယ် အံ့သြသွားသော်လည်း ကားပေါ်မှဆင်းလာသည့်အခါတွင်တော့ သူတို့ပြောနေသည့်စကားသံများကို ကြားလိုက်ရသည်။

....

ကျန်းဟန်ကို မြင်သည်နှင့် ထိုလူများအားလုံးသည် သူ့အားကြည့်နေကြကာ နောက်ဆုံးအတန်းမှ လူများသည် စိုးရိမ်တကြီးဖြင့် "သူဌေး ငါတို့ကိုဒီမှာ စားခွင့်ပေးပါနော်။ ငါတို့ တောင်းဆိုပါတယ်။ ဒီမှာ လူအရမ်းများနေတော့ နည်းနည်းလောက် ပိုချက်ပေးလို့ရတယ်မလား?"

"ဟုတ်တယ် ဟုတ်တယ်။ ခေါက်ဆွဲပြုတ်အသစ်ရတယ်လို့လည်း ကြားတယ်။ ငါတို့ကို စားခွင့်ပေးပါ"

"သူဌေး ကျေးဇူးပြု၍ပါနော်။ ငါတို ဒီကိုရောက်ဖို့ တစ်နာရီလောက် အချိန်ယူရတယ်"

“....”

သူတို့၏စကားလုံးများမှာ အလျင်လိုမှုများဖြင့် ပြည့်နေသည်။ ရှေ့တန်းမှလူများပင်လျှင် သွားရန်မရွေးချယ်ကြဘဲ သူဌေးကို စောင့်နေကြသည်။

“ကျွန်တော် ပိုချက်ပေးမယ်”

ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ဖြေလိုက်ပြီး အထဲသို့ လျှောက်သွားသည်။

သူ၏စကားက ထိုသူများအား အလွန်စိတ်လှုပ်ရှားသွားစေသည်။

“ကျေးဇူးတင်ပါတယ် သူဌေး”

“သူဌေးက အရမ်းကောင်းတာပဲ”

“ရေး...”

လူအုပ်ကြီးမှာ စစ်ပွဲတွင် အနိုင်ရလိုက်သကဲ့သို့ ပျော်ရွှင်စွာ ကြွေးကြော်ကြသည်။

ရှေ့ဆုံးတန်းတွင်ထိုင်နေသည့် ရွှေရောင်ဆံပင်နှင့်အမျိုးသားသည် ထိုအရာများအားလုံးကို မြင်လိုက်ရသည်။ သူ့အတွက်တော့ လုံးဝ မယုံနိုင်စရာပင်။

စားသောက်ဆိုင်ပိုင်ရှင်သည် အစားသောက်အနည်းငယ် ပို၍ချက်ပြုတ်ပေးသည့်အတွက် စားသုံးသူများထံမှ ကျေးဇူးတင်မှုကို ဘယ်တုန်းကများ ရရှိခဲ့သနည်း။

ယေဘူယျအားဖြင့် သူတို့ဆန္ဒရှိရာကို မှာကြားနိုင်ကြသည်မဟုတ်ပါလား။

ဘုရားသခင်။

ဘယ်လောကအံ့သြဖို့ကောင်းလိုက်တဲ့ဆိုင်လဲ။

သို့သော် ထိုအတောအတွင်း ရွှေရောင်ဆံပင်အမျိုးသားသည် ၎င်းကို လက်ခံလိုက်ရသည်။

နောက်ဆုံးတွင်တော့ ဤဆိုင်မှ အစားအသောက်များမှာ အရသာရှိလွန်းပြီး အခြားသူများမပြောနှင့် အစားအသောက်ကိုယ်စားလှယ်ဖြစ်သည့် သူကိုယ်တိုင်ပင် အနိုင်ယူသိမ်းပိုက်ခံလိုက်ရပေသည်။

မည်သို့ပင်ဆိုစေကာမူ ကျန်းဟန်သည် စားသောက်ဆိုင်ထဲသို့ ဝင်သွားသည့်အချိန်တွင် ဘေးဆိုင်မှ မန်နေဂျာသည် ထမင်းစားရန်အတွက် အဖြူရောင်စားပွဲတွင် ထိုင်စောင့်နေပြီဖြစ်သည်။

“ဒီကြက်နှစ်ကောင်ကိုယူပြီး သန့်ရှင်းရေးလုပ်လိုက်ပါ” ကျန်းဟန်သည် လက်ထဲမှ ကြက်နှစ်ကောင်ပါဝင်သည့် အိတ်ကို ကမ်းပေးလိုက်သည်။

မန်နေဂျာသည် ပျော်ရွှင်ကျေနပ်စွာဖြင့် ကြည့်လိုက်သည်။ သူသည် အိတ်ကို တန်း၍ယူလိုက်ပြီး ပါးစပ်က ကြို၍ ပြောလိုက်သည်။

"သူဌေး ပိုက်ဆံမပေးပါနဲ့။ ပြီးခဲ့တဲ့ တစ်ခေါက်က ကိစ္စအတွက် တောင်းပန်ပါတယ်"

ထို့နောက်တွင်သူသည် ချက်ခြင်း လှည့်၍ ပြေးထွက်သွားသည်။

ဤ၊တစ်ကြိမ်တွင်တော့ သူ၏လူများကို ကြက်များအား သေချာသန့်ရှင်းရန် ကိုယ်တိုင် ကြီးကြပ်တော့မည်ဖြစ်သည်။

လျန်မုန့်ချီနှင့် အခြားသူများသည် ထိုမြင်ကွင်းကြောင့် အရောင်လက်သွားကြသည်။

"သူဌေး ကျွန်မတို့ အသားစားရမှာလား?" လျန်မုန့်ချီသည် အလောတကြီးမေးလိုက်သည်။

ယူချင်းချင်း၊ ကျောက်ဒါဟူ၊ စွန်းဒုန်ဟမ်တို့မိသားစုအပြင် ဝမ်ချမ်းနှင့် သူ၏ဇနီးတို့သည်လည်း လှမ်းကြည့်နေကြသည်။

အမှန်ပင် နေ့တိုင်း အသီးအရွက်များစားနေရသည်မှာ မကောင်းပေ။ အသားကို နှစ်နှစ်ခြိုက်ခြိုက်မစားသူများပင်

တစ်ခါတစ်ရံ အသားစားချင်ကြသည်။ ထို့ပြင် အသားကို မကြိုက်သည့်သူများလည်း များများစားသားမရှိပေ။

အချို့လူများသည် အဆီကို မကြိုက်ကြပေ။ အချို့သည်တော့ အသားသက်သက်ကိုင် မကြိုက်ကြ။ သူတို့သည် အိမ်မွေးကြက်ကဲ့သို့သော အရိုးပါသည့် အသားများကို နှစ်သက်ကြသည်။

အချို့လူများသည် ကြက်တောင်ပံနှင့် ကြက်ခြေထောက်များကို နှစ်သက်ကြပြီး အချို့မှာတော့ ၊ ကြက်နှလုံး၊ ဝက်အသည်း စသည့် ကလီစာများကို နှစ်သက်ကြသည်။

ထို့ပြင် အနောက်တိုင်းစားသောက်ဆိုင်များတွင် အမဲသားမှာ လူကြိုက်အများဆုံးဖြစ်သည်။

လူတစ်ဦးချင်းအလိုက် ကြိုက်နှစ်သက်သည့် အသားအမျိုးအစား အနည်းငယ်စီတော့ အမြဲရှိကြသည်။

ကျန်းဟန်သည် လူအုပ်ကြီးဂ၏အာရုံစိုက်မှုအောက်တွင် အနည်းငယ် ခေါင်းညိတ်ပြလိုက်သည်။

ကြက်နှစ်ကောင်ရှိသဖြင့် သူတို့အား အနည်းငယ် ပေးလိုက်ရသည်မှာ သိပ်ပြီး ကြီးကျယ်သည့်ကိစ္စမဟုတ်ပေ။ ဘာပဲဖြစ်ဖြစ် သူတို့သည် အခွင့်ထူးခံ ဦးစားပေးဖြစ်သင့်သော အဖွဲ့ဝင်များပင် ဖြစ်ပေသည်။

ကျန်းဟန်၏ အတည်ပြုချက်ကြောင့် သူတို့၏ မျက်လုံးများတွင် စိတ်အားထက်သန်မှုများ ပြည့်နှက်သွားသည်။

"အရမ်းကောင်းတယ်။ နောက်ဆုံးတော့ အသားစားရတော့မယ်။ ဟားဟားဟား" ယူချင်းချင်းသည် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

သူမသည် တကယ့်အသားစား သတ္တဝါဖြစ်သည်။

အခြားသူများမှာ ဘာမှမပြောကြသော်လည်း သူတို့အားလုံး၏မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများကို မြင်နိုင်သည်။ ဤစားသောက်ဆိုင်တွင် အသားစားရသည်မှာ ဤတစ်ကြိမ် ပထမဆုံးဖြစ်သည်။

ထမင်းအိုး ဆူလာပြီးနောက်တွင် ကျန်းဟန်သည် ညစာလာစားသူများအတွက် ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်တစ်အိုးကို တစ်ပြိုင်တည်း ချက်လိုက်သည်။ ထို့နောက်တွင် သူတို့စားမည့် ညစာကို ပြင်ဆင်သည်။

ပါဝင်ပစ္စည်းများ အားလုံးအသင့်ဖြစ်သည့်အချိန်တွင် ဘေးဆိုင်မှ မန်နေဂျာသည် ကြက်နှစ်ကောင်ကို ပြန်ယူလာခဲ့သည်။

ဓားကို ဆွဲထုတ်လိုက်ပြီးနောက် ကျန်းဟန်သည် ကြက်ကို အပိုင်းပိုင်းဖြတ်လိုက်သည်။

ဤတစ်ကြိမ်တွင်တော့ အာလူးကဲ့သို့သော အခြားအရောများ မထည့်တော့ဘဲ အညိုရောင်ဆော့ဖြင့်

ကြက်သားဟင်းပြုလုပ်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ၎င်းမှာ အသားသန့်သန့်ဟင်းဖြစ်သည်။

အညိုရောင်ဆော့ကြက်သားဟင်းသည် တရုတ်ရိုးရာ ဟင်းပွဲဖြစ်သည်။ ၎င်း၏ချက်ပြုတ်နည်းမှာ မခက်ခဲသော်လည်း ပါဝင်ပစ္စည်းများမှာ တင်းတင်းကြပ်ကြပ်သတ်မှတ်ထားသည်။ စားသောက်ဆိုင်များအတွက် မရှိမဖြစ် ဟင်းပွဲဖြစ်သည်။

အမှန်တကယ်တွင် သင့်အနေဖြင့် ယေဘူယျအားဖြင့် ပြောရလျှင် အသားဟင်းချက်ရန် အစားအသောက်ဆော့ဝဲမှပါသည့်အတိုင်း တသွေမတိမ်း လိုက်လုပ်လျှင်ပင် အရသာကောင်းမွန်ပေသည်။

သို့သော် အထက်တွင်ဖော်ပြထားသည့်အတိုင်း အရသာ ပို၍ကောင်းမွန်စေရန်အတွက် ဟင်းချက်နည်းလုပ်ငန်းစဉ်၊ ပါဝင်ပစ္စည်း၊ အပူထိန်းချုပ်နည်းကဲ့သို့သော နည်းစနစ်များကို အတွေ့အကြုံရှိသူများမှ ချက်ပြုတ်သင့်သည်။

ခရမ်းသီးနှပ်နှင့်ဆင်တူစွာပင် ပဲခရမ်းသီးနှပ်သည် ပြုလုပ်ရန် ရိုးရှင်းပြီး အသက်အရွယ်မရွေး စားသုံးနိုင်သည်။ အရသာကောင်းမွန်သော အိမ်တွင်း ဟင်းတစ်ခွက်လည်း ဖြစ်သည်။

ကြက်သွန်ဖြူသခွားသီးအချဉ်ကို ပြောမနေတော့ပေ။ ကြွပ်ရွကာ အရသာရှိပြီး လျန်မုန့်ချီအပါအဝင် သူတို့ နေ့လည်က စားခဲ့ဖူးသည်။

ကျန်းဟန်သည် ချက်ပြုတ်ရန် အဆင်သင့်ဖြစ်နေချေပြီ။ ကြက်ဥထမင်းကြော်ကို အရင်ဆုံးပြီးအောင် လုပ်လိုက်ပြီး ကောင်တာပေါ်တွင် တင်လိုက်ကာ ခေါက်ဆွဲပြုတ်ကို စတင်ပြုတ်လိုက်သည်။

“ကြည့်ကြ သူဌေးက မုန့်စိမ်းကို ကောက်ကိုင်နေပြီ။ ရှိုးပွဲက စတော့မယ်” လျန်မုန့်ချီသည် မျှော်လင့်တကြီးဖြင့် ပြောသည်။

ထိုအချိန်တွင် စားသောက်ဆိုင်ထဲရှိ လူများအားလုံးသည် ကျန်းဟန်အား အာရုံစိုက်နေကြပြီး နေ့ခင်းက ကြည့်လိုက်ရသည့် လူနှစ်ယောက်မှာ ထူးခြားသည့် စကေးပြမှုကို မှတ်တမ်းတင်ရန် သူတို့၏လက်ကိုင်ဖုန်းများကို ထုတ်ကာ ဟန်ပြင်နေကြသည်။

အကြာခင်တွင် လူအုပ်ကြီး၏အကြည့်များအောက်၌ ကျန်းဟန်သည် လက်ထဲတွင် မုန့်စိမ်းကို ကိုင်ထားသည်။

စတင်ချိန်ရောက်ချေပြီ။

လူတိုင်းသည် အသက်ရှူများပင် အောင့်ထားမိကြသည်။

သို့သော်....

ကျန်းဟန်သည် မုန့်စိမ်းကို တည်တည်ငြိမ်ငြိမ်နှင့် သာမန်ပင် လုပ်လိုက်သည်။

“ဘာလဲ?”

"သူဌေး ရှင်ဘာလို့ နေ့ခင်းကလို မလုပ်တာလဲ" လျန်မုန့်ချီ မေးလိုက်သည်။

"အချိန်တွေအများကြီး ရှိပါတယ်" ကျန်းဟန် တည်ငြိမ်စွာပင် ပြန်ပြောသည်။

"အွန်း" လျန်မုန့်ချီ ခေါင်းညိတ်လိုက်သည်။

တကယ်တမ်းတွင် သူမသည် ကျန်းဟန်ချက်ပြုတ်သည့်အချိန်တွင် သူ၏ ချောမောသည့်အသွင်အပြင်ကို ကြည့်ချင်သေးသော်လည်း ကိစ္စမရှိပေ။ အရသာ ကောင်းမွန်နေရုံနှင့်ပင် လုံလောက်သည်။

ကျန်းဟန်သည် မုန့်စိမ်းကို ဓားဖြင့် အမွှာမွှာများ ဖြတ်ကာ ကြိုးမျှင်များဖြစ်အောင် ဂရုတစိုက်ဖြင့် ဆွဲလိုက်ပြီး အိုးထဲသို့ ထည့်လိုက်သည်။

မကြာခင်တွင် ခေါက်ဆွဲပြုတ်တစ်အိုးသည်လည်း အဆင်သင့်ဖြစ်သွားသည်။ အဖွဲ့ဝင်မဟုတ်သူများအတွက် ညစာ ပြင်ဆင်ပြီးပေပြီ။

လျန်မုန့်ချီကဲ့သို့သော် အဖွဲ့ဝင်များသည်လည်း သူတို့၏ပန်းကန်များကို ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ် ထည့်လိုက်ကြသည်။ ပန်းကန်များကို စားပွဲပေါ်တင်လိုက်သည့်အချိန်တွင် ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်တို့၏ မွှေးရနံ့က သူတို့အား ဗိုက်ဆာလာစေသော်လည်း တစ်ယောက်မှ မစားကြသေးပေ။

သူတို့ အသားဟင်းကို ပို၍ စားချင်ကြသောကြောင့် တောင့်ခံနိုင်ကြသည်။

-အပိုင်း(၁၀၅) ပြီး

wunzinnosp

# အပိုင်း(၁၀၆)

ထမင်းကျက်ခါနီးအချိန်တွင် အနံ့အရသာနှင့်ပြည့်စုံသော ကြက်သားဟင်းမှာ ပြီးစီးသွားသည်။

ကြက်နှစ်ကောင်မှာ အတန်သင့်များပြားသော်လည်း အလယ်တည်ပန်းကန်လုံးကြီးကို အသုံးပြုရန်တော့ မလိုအပ်ချေ။ ထိုအစား ဇလုံအကြီးတစ်ခုဖြင့် ထည့်လိုက်သည်။

အညှော်စက်စက်မပါရှိသဖြင့် ကြက်သားဟင်း၏မွှေးကြိုင်သော အနံ့မှာ လျှင်မြန်စွာပင် လေထုထဲ၌ ပျံ့လွင့်နေသည်။

"ဒီအနံ့က...."

မွှေးရနံ့မှာ တဖြည်းဖြည်းနှင့် ၎င်းတို့အား စားသောက်နေသည်များကို ရပ်တန့်သွားစေသည်။

အားလုံးသည် အနံ့အရသာနှင့်ပြည့်စုံနေသည့် ကြက်သားဟင်းကိုသာ စိုက်ကြည့်နေကြသည်။

ဆီတဝင်းဝင်းနှင့် အသားတုံးများ၊ မွှေးကြိုင်သော ရနံ့တို့သည် ၎င်းတို့အား သွားရည်ကျစေသည်။

ခေါက်ဆွဲပြုတ်စားနေသည့် သူများအနက်မှ တစ်ယောက်သည် ခေါက်ဆွဲဆီမှတဆင့် အာသာငန်းငန်းအကြည့်ဖြင့် ခေါင်းငိုင်စိုက်ကြည့်နေသည်။

“ဘုရားရေ အနံ့က မွှေးလိုက်တာ။ ငါလုံးဝ ခံနိုင်ရည်မရှိတော့ဘူး” ယူချင်းချင်းသည် စိုက်ကြည့်နေရင်း မနေနိုင်မထိုင်နိုင်ဖြစ်လာသည်။

သူမ ဘာကြောင့် မနေနိုင်မထိုင်နိုင်ဖြစ်လာရသနည်း။

အကြောင်းမှာ ကြက်သားဟင်းကို စားချင်လွန်းသောကြောင့်ပင်။ သူမသည်

စိတ်အားထက်သန်စွာဖြင့် ချက်ချင်းပြေးသွားကာ သူ့ငွေးအား စားလို့ရပြီလားမေးရန် ပြင်လိုက်သည်။

အခြေခံအားဖြင့် ပြောရလျှင် လျန်မုန့်ချီသည် ပထမဆုံးအဖွဲ့ဝင်ဖြစ်သည်။ သို့သော် ယခုတော့ ယူချင်းချင်းသည် ကြက်သားဟင်းကြောင့် အရာအားလုံးကို မေ့လျော့သွားခဲ့သည်။

သူမသည် အလွန် အံ့သြကြောင်အနေသည့် အခြေအနေတွင် ရှိနေခဲ့ပြီး သူမကိုယ် သူမပင် မည်သူဖြစ်သည်ကို မသိနိုင်တော့လောက်အောင်ပင်။

သို့သော် အခြားသူများသည်လည်း သူမထက် ထူးချွံကောင်းမွန်နေကြသည်မဟုတ်။ သူတို့၏မျက်လုံးများမှာ ဆာလောင်မွတ်သိပ်နေသည့် သားရိုင်းကောင်များကဲ့သို့ ကြက်သားဟင်းကို စိုက်ကြည့်နေကြသည်။ အားလုံးသည် သူတို့မြည်းစမ်းအရသာခံနိုင်မည့်အချိန်ကို စောင့်မျှော်နေကြသည်။

ကျန်ဟင်းနှစ်ပွဲမှာလည်း မကြာမီပင် အဆင်သင့်ဖြစ်သွားသည်။

နောက်ဆုံးတွင်တော့ ကျန်းဟန်သည် တည်ငြိမ်စွာဖြင့်ပင် တူတစ်စုံကို ကောင်ကိုင်လိုက်ပြီး လူအုပ်ကြီး၏မြင်ကွင်း၌တွင် ကြက်သားကို ဆတ်ကနဲ လှန်လိုက်သည်။

"ဟမ်? သူဌေးက ဘာတွေလုပ်နေတာလဲ?"

လူအားလုံးသည် ပဟေဠိဖြစ်သွားကြသည်လည်း နောက်အခိုက်အတန့်တွင်တော့ သူတို့ နားလည်သွားကြသည်။

ကျန်းဟန်သည် အေးအေးဆေးဆေးပင် ကြက်တောင်ပံတစ်ခုကို ကောင်ကိုင်လိုက်ပြီး ပန်းကန်သေးသေးလေးထဲတွင် ထည့်လိုက်သည်။

အာ...!

တစ်ခဏလောက် အားလုံးသည် ရှူးသွပ်သွားကြသည်။

လူအများစုသည် ကြက်ပေါင်နှင့် ကြက်တောင်ပံကို ကြိုက်နှစ်သက်ကြသည်။

ဤအပိုင်းနှစ်ခုသည် ကြက်၏အကောင်းဆုံးအစိတ်အပိုင်းဖြစ်သည်။ ထိုနှစ်ပိုင်းသည် ပုံမှန်အားဖြင့် လှုပ်ရှားလေ့ရှိပြီး ပို၍ နူးညံ့သည်။ ထို့ပြင် ကြက်တောင်ပင်တွင် ပို၍ အရသာရှိသည့် ကြွက်သားအမျိုးအစားတစ်ခုလည်း ရှိသေးသည်။

ဥပမာအားဖြင့် ကိုလာကြက်တောင်ပံသည် တစ်ခဏအတွင်း၌ လူသိများလာပြီး လူကြိုက်များခဲ့သည်။

ခဏအကြာတွင် လူအုပ်ကြီး၏မျက်စိအောက်၌ပင်။

တောင်ပံတစ်ခု၊ တောင်ပံနှစ်ခု၊ ကြက်ပေါင်တစ်ချောင်း၊ ကြက်ပေါင်နှစ်ချောင်း၊ ကြက်ပေါင်သုံးချောင်း.....

“အာ! သူ့ငွေး!”

ယူချင်းချင်းသည် ကျန်းဟန် နောက်ဆုံးကြက်ပေါင်ကို ကောက်ကိုင်လိုက်သည်အား တွေ့လိုက်ပြီး ရုတ်တရက် အော်လိုက်သည်။

ကျန်းဟန် ဘာလဲဆိုသည့်အကြည့်ဖြင့် သူမအား လှမ်းကြည့်လိုက်သည်။ အခြားသူများသည်လည်း သူမအား အနည်းနှင့်အများနားလည်ကြသော်လည်း သူမ ဘာပြန်ပြောမလဲဆိုသည်အား မသိကြပေ။

"သူဌေး၊ အစ်ကိုကြီး...အမ်....ကျွန်မ.... ကြက်ပေါင်တစ်ချောင်းလောက်စားချင်တယ်..." ယူချင်းချင်းသည် မျက်နှာမှာ နီမြန်းကာဖြင့် ရှက်ရွံ့စွာပြောသည်။ ကြက်ပေါင်စားဖို့ အခွင့်အရေးမရှိတော့ဘူးဆိုသည့် အသိက သူမအား မသက်မသာခံစားရစေသည်။

"အိုး"

ကျန်းဟန်ခေါင်းညိတ်လိုက်သည်။ လူပေါင်းများစွာ၏အကြည့်များအောက်တွင် သူသည် နောက်ဆုံးကြက်ပေါင်ကို တည်ငြိမ်စွာဖြင့်ပင် ပန်းကန်လေးထဲသို့ ထည့်လိုက်သည်။

သူဘယ်လောက်တောင် ထူးမခြားနားနိုင်လိုက်သလဲ။ သေလိုက်ပါတော့! သူက လုံးဝကို အာဏာရှင်ကြီး နတ်ဆိုးကြီးပဲ!

ယူချင်းချင်း အနည်းငယ် စိတ်ပျက်သွားသည်။

ကျန်းဟန်သည် အဖွဲ့ဝင်များအတွက် ပိုကောင်းသည့်ဝန်ဆောင်မှုများ ပေးရန် လိုအပ်သည်ဟု စဉ်းစားလိုက်ပြီး ယူချင်းချင်းဘက်သို့ လှည့်ကာ ပြုံး၍ ပြောလိုက်သည်။

“နောက်တစ်ခါကျရင် ငါ့မင်းအတွက် ကြက်တစ်ကောင်လုံးချက်ပေးမယ်”

ထိုစကားကို ကြားလိုက်ရသည့်အခါ ယူချင်းချင်း ချက်ချင်းပင် ကြည်နူးသွားမိသည်။

"သူဌေး ကြက်ပေါင်မရဘူးဆိုရင်လေ ဟို....အတောင်ပံလေးတစ်ခုလောက် ထားခဲ့လို့ရမလား...ကျွန်မစားချင်လို့ပါ"

ကျန်းဟန်သည် နောက်ဆုံးကြက်တောင်ပံကို ကောက်ကိုင်လိုက်သည်နှင့် လျှန်မုန့်ချီ အလောတကြီးဝင်ပြောလိုက်သည်။

သူဌေးနှင့်သူမသည် ပျော်ရွှင်မှု ဝမ်းနည်းမှုတို့ကို အေးအတူ ပူအမျှ ဘော်ဒါတွေဖြစ်ပြီး ပြောရလျှင် သူမသည် မုန့်မုန့်နှင့်အတူကစားရန် လခြမ်းတောင်သို့ ကျန်းဟန်နှင့်လိုက်သွားခဲ့ဖူးသည်။

ကျန်းဟန်နှင့်သူမ၏ဆက်ဆံရေးသည် အတန်သင့်ကောင်းမွန်သည်ဟုပြောနိုင်ပြီး သူမသည် ပထမဆုံးအဖွဲ့ဝင်လည်း ဖြစ်နေသည်မဟုတ်ပါလား။ ထို့ပြင်

သူမသည် သူ့အား ကြွေနေမိသည်။ ထိုအချက်များအရ သူမအတွက် ကြက်တောင်ပံတစ်ခုချန်ထားခဲ့သင့်သည်။

သို့သော် လက်တွေ့အဖြစ်က ရက်စက်လွန်းပေသည်။

ဤတစ်ကြိမ်တွင် ကျန်းဟန်သည် ခေါင်းပင် မော့မကြည့်ဘဲ "မရဘူး" ဟု ပြောလိုက်သည်။

"ကြက်တောင်ပံတွေ အကုန်လုံးက မုန့်မုန့်အတွက်ပဲ"

"ဟားဟား...." ယူချင်းချင်းသည် ဒေါသထွက်ကာ အံသြနေသော လျှန်မုန့်ချီကို ကြည့်ပြီး ရယ်လိုက်သည်။

"ဟွန့်! သူဌေးစုတ်! ကျွန်မရှင့်ကို မကြိုက်တော့ဘူး" လျှန်မုန့်ချီသည် နှုတ်ခမ်းကို ကိုက်ကာ ဟွန့်ကနဲလုပ်လိုက်၏။

သို့သော် သူမသည် ထိုအတွက် စိတ်ထဲထားမနေတော့ချေ။ မုန့်မုန့် ကြိုက်နှစ်သက်သည််ဆိုပါက သူမအတွက် မြည်းစမ်းဖို့အခွင့်အရေး မရှိတော့ဘူးဆိုသည်ကို

သူမသိပေသည်။ သို့သော် ကြက်တောင်ပံများကိုတော့ သူမအမှန်တကယ် စားချင်နေ၏။

သူတို့၏ အာသာငမ်းငမ်းအကြည့်များအောက်တွင်ပင် ကျန်းဟန်သည် အကောင်းဆုံးသော ကြက်သားအပိုင်းများကို ပန်းကန်ထဲသို့ထည့်လိုက်သည်။ ထို့နောက် ခရမ်းသီးနှပ်၊ သခွားသီး အစရှိသည်တို့ကို ပန်းကန်နှင့်ထည့်လိုက်ပြီး ထမင်းငါးပန်းကန်နှင့်အတူ သယ်ဆောင်ကာ အပေါ်ထပ်သို့ တက်သွားသည်။

ဝှစ်!

ကျန်းဟန်၏ခြေလှမ်းများက မီတာ ၁၀၀ အပြေးပြိုင်ပွဲ၏ အချက်ပေးသေနတ်သံအလားပင်။

ကျန်းဟန် ထွက်သွားသည်နှင့်တစ်ပြိုင်နက် စားပွဲတွင် ထိုင်နေကြသော အဖွဲ့ဝင်များအားလုံးသည် အစားအသောက်များရှိရာသို့ လုစ်ကနဲ ပြေးထွက်သွားကြသည်။

တကယ်တမ်းတွင်တော့ အစားအသောက်များမှာ သူတို့အားလုံးအတွက် လောက်ငပေသည်။ ယူချင်းချင်းသည် လျန်မုန့်ချီ၏ထိုင်ခုံကို ဆွဲယူလိုက်သည်မှလွဲ၍ ကျန်အဖွဲ့များအားလုံးမှာ မိမိတို့၏ အဖွဲ့ဝင် နံပါတ်စဉ်များအတိုင်း တန်းစီနေကြသည်။

"ယူချင်းချင်း…နင်တော်တော် ကျေးဇူးကန်းတာပဲနော်၊ ညစာစားဖို့ နင့်ကိုခေါ်လာခဲ့တာက ငါပါဟ" လျန်မုန့်ချီသည် ကြက်သားဟင်းပေါ်သို့ အကြည့်ရောက်ရင်း ယူချင်းချင်း၏နောက်မှ ညည်းညူ၏။

လျန်မုန့်ချီသည် မျက်လုံးကို မှိတ်ကာ အနံ့ကို ညင်သာစွာ ရှူလိုက်သည်။

"ဝိုး…အနံ့က အရမ်းမွှေးနေတာပဲ"

ကြက်သားဟင်း၏ မွှေးရနံ့က လူများအား သွားရည်ယိုစေသည်။

ရှေ့မှ ယူချင်းချင်းသည် တံ့ဆိုင်းမနေဘဲ ပန်းကန်ပြားကိုယူကာ ကြက်သားဟင်း သုံးပုံတစ်ပုံကို ထည့်လေသည်။ သူမကိုယ်တိုင်က ရပ်တန့်လိုစိတ်မရှိသလို သူမ၏
လက်များကလည်း ထိန်းချုပ်၍ မရနိုင်တော့။

ကြက်သားဟင်း တစ်ဝက်နီးပါကို ယူပြီးသွားသည့်အခါ ဝမ်ချမ်းနှင့် စွန်းမင်တို့သည် မနေနိုင်တော့ဘဲ ချောင်းဟမ့်ကြတော့သည်။

သူတို့၏အသက်အရွယ်အရ အလွန်ရင့်ကျက်ကြပေသည်။ အထူးသဖြင့် အပြင်းအထန်နာမကျန်းဖြစ်ပြီး အရာရာတိုင်းနှင့် တသီးတခြားဖြစ်နေသည့် စွန်းမင်မှာ သူမယူနေသည့်ပုံအတိုင်းသာဆိုလျှင် သူတို့အတွက် ကြက်သားစားရရန်မှာ မဖြစ်နိုင်တော့ကြောင်း သိလိုက်သဖြင့် သူမအား သတိပေးရသည်။

လျှန်မုန့်ချီပင် ယူချင်းချင်း၏လုပ်ပုံကြောင့် အလွန်ရှက်သွားပြီး သူမ၏နောက်ကျောက်ကိုပုတ်ကာ "တော်လောက်ပြီ နင်ယူသွားတာ တစ်ဝက်တောင် ကျော်တော့မယ်"

"အာ?"

ယူချင်းချင်း ရုတ်တရက် အေးစက်သွားပြီး သူမနောက်မှ လူများကိုလှည့်ကြည့်ကာ မျက်နှာမှာ နီရဲသွားသည်။

လျှင်မြန်စွာပင် ပန်းကန်ထဲမှ ကြက်သားများကို ပြန်ထည့်ပေးလိုက်ပြီး "အို့ တောင်းပန်ပါတယ်။ ကျွန်မ သတိလက်လွတ်ဖြစ်ပြီး မထိန်းနိုင်ဘူးဖြစ်သွားတယ်"

လူများမှာ ပြုံးကာ ခေါင်းယမ်းလိုက်ကြသည်။ ပထမဆုံးသူ့အတွက် စိတ်လှုပ်ရှားပြီး သတိလက်လွတ်ဖြစ်သွားနိုင်သည်ကြောင့် သူမ၏အပြုအမူအား နားလည်ပေးနိုင်ကြသည်။

နောက်ဆုံးတွင် ယူချင်းချင်းသည် ဆယ်ပုံတစ်ပုံ ပမာဏဖြစ်သော ကြက်သားလေးတုံးသာ ယူလိုက်သည်။

“ဒါလေးနဲ့ မလောက်ဘူးဆိုတာ အသိသာကြီး”

ယူချင်းချင်း အနည်းငယ် စိတ်ပျက်သွားသည်။ သူမသည် အခြားဟင်းနှစ်မျိုးကို ယူပြီး စားပွဲဆီသို့ ပြန်သွားသည်။

“ငါ့အလှည့် ငါ့အလှည့်” လျန်မုန့်ချီမှာ ဝမ်းသာအားရအော်လိုက်ပြီး စိတ်အားထက်သန်စွာဖြင့် ကြက်သားလေးတုံးနှင့် အခြားဟင်းနှစ်မျိုးကိုယူကာ ပြန်သွားသည်။

အဖွဲ့ဝင် ကိုးယောက်လုံးမှာ ကြက်သားဟင်းရရှိကြပြီး နောက်ဆုံးမှယူသည့် ဝမ်ချမ်းမှာ အပိုနှစ်တုံးပင် ရခဲ့သည်။

လူတိုင်းသည် ဟင်းပွဲကိုယ်စီဖြင့် မိမိတို့၏နေရာသို့ ပြန်သွားကြသည်။

"စားကြည့်စမ်း"

ယူချင်းချင်းသည် ကြက်သားတစ်တုံးကို အမြန်ကောက်ကိုင်လိုက်သည်။ ၎င်းမှာ ပဲငံပြာရည်ကဲ့သို့သော အနီရင့်ရောင်ဟင်းခတ်များနှင့် နူးညံ့အိစက်သော အသားက ဆွဲဆောင်မှုရှိနေကာ စားချင်စဖွယ်ဖြစ်နေသည်။

ယူချင်ချင်သည် တစ်ကိုက် ကိုက်လိုက်ပြီးနောက် မျက်လုံးမှိတ်ကာ ကြက်သား၏သန့်ရှင်းလတ်ဆတ်သည့် အရသာကို ဖြည်းဖြည်းချင်း အရသာခံသည်။

"ဘုရားရေ...အနံ့က အရမ်းမွှေးတာပဲ။ ဘယ်လိုကြက်သားမျိုးက ဒီလောက်အနံ့မွှေးရတာလဲ?"

ယူချင်းချင်းမှာ စိတ်လှုပ်ရှားစွာဖြင့် အကြိမ်ကြိမ် ပွစိပွစိပြောနေသည်။

"အမှန်ပဲ။ ငါစားဖူးသမျှ ကြက်သားတွေထဲမှာ အရသာအရှိဆုံးကြက်သားပဲ။ သူ့ဌေးချက်ထားတဲ့ ဟင်းတွေက

တကယ်ကို အံ့ဩဖို့ကောင်းတာပဲ” ကျောက်ဒါဟူမှာ အော်ဟစ်မတတ်ပင်။

စားပွဲရှိ အဖွဲ့ဝင်များမှာလည်း အံ့ဩတကြီးဖြင့် ခေါင်းတယမ်းယမ်းဖြစ်နေကြသည်။ တစ်ဖက်တွင်တော့ စားပွဲအဖြူများမှ လူများစွာမှာ မျက်လုံးများ ကျွတ်ထွက်မတတ် ပြူးကျယ်နေကြပြီဖြစ်သည်။ ထိုအခိုက်အတန့်တွင် ကျောက်ရုပ်များကဲ့သို့ဖြစ်ကာ ပန်းကန်ထဲရှိကြက်သားများကို စိုက်ကြည့်ရင်း ထိန်းမနိုင်သိမ်းမရ မျိုချနေကြသည်။

“တော်တော် အရသာရှိမဲ့ပုံပဲ” အမျိုးသားတစ်ယောက်သည် သူ၏အဖော်ကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

“ဘာလဲ? မင်းအနံ့မရဘူးလား? သေချာပေါက် အရမ်းအရသာရှိမှာ”

"မန်နေဂျာ။ ဘယ်လိုလုပ်ရမလဲဟင်? ကျွန်မစားချင်တယ်"

ရှောင်မေ့၏မျက်လုံးများမှာ ကြက်သားတုံးများကို စိုက်ကြည့်နေပြီး ထိမိသော လေသံဖြင့် ပြောလိုက်သည်။

မျက်နှာချင်းဆိုင်ရှိ မန်နေဂျာလည်း ထိုနေရာသို့ လှမ်းကြည့်သည်။ သူသည် စကားပြောမလိုပြင်ပြီးမှ စကားလုံးများကို ပြန်မျိုချလိုက်ပြီး ရေတစ်ငုံသောက်ကာ လည်ချောင်းရှင်းလိုက်သည်။

နောက်ဆုံးတွင်တော့ သူသည် ရှောင်မေ့ကို ပြန်ကြည့်ကာ "ငါတို့က အဖွဲ့ဝင်မဟုတ်ဘူးလေ…"

"အင်း…ကျွန်မတို့က အဖွဲ့ဝင်မဟုတ်ကြဘူး" ရှောင်မေ့သည် စိတ်ပျက်မှုများဖြင့် ပြည့်နေသည်။

ကမ္ဘာပေါ်တွင် စိတ်ပျက်အားငယ်စရာအကောင်းဆုံးအရာမှာ အရသာအရှိဆုံးအစားအသောက်များ

မိမိရှေ့တွင်ရှိနေသော်လည်း မစားနိုင်ခြင်းဖြစ်ကြောင်း သူမခံစားလိုက်ရသည်။ မြင်သာမြင်ရ မကြင်ရသည့်အခြေအနေပင်။

သူမ သာမက… ဤနေရာရှိ ယောက်ျားသားများပင် ကိုယ်လုံးတီးမိန်းမလှလေးနှင့် ကျန်းဟန်၏ကြက်သားဟင်းကို ယှဉ်တွဲပြထားပြီး ရွေးခိုင်းလျှင် သူတို့အားလုံးသည် အတွန့်မဆုတ်ပင် ကြက်သားဟင်းကို ရွေးကြမည်ဖြစ်သည်။

သို့သော် ၎င်းမှာ မဖြစ်နိုင်။ ဤနေရာရှိ ကြက်သားဟင်းကို သူတို့ မစားနိုင်ကြ။

ဝမ်းနည်းစရာပင်။ ရုတ်တရက် မန်နေဂျာ၏မျက်လုံးများမှာ တောက်ပလာသည်။

သူသည် ရှောင်မေ့ကို ကြည့်ကာ "သွား…ငါတို့စားသောက်ဆိုင်ကိုသွားပြီး ကြက်သားဟင်း သွားယူခဲ့"

“အမ်? ကောင်းပြီ”

ရှောင်မေ့သည် လျှင်မြန်စွာထထွက်သွားပြီး ကြက်သားဟင်းတစ်ပန်းကန်ကိုယူကာ ပြန်ရောက်လာသည်။

ကြက်သားဟင်းပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီးနောက် ကြက်ပေါင်တစ်ချောင်းစီကိုင်ကာ အဖွဲ့ဝင်စားပွဲပေါ်ရှိ ကြက်သားတုံးများကို လှမ်းကြည့်လိုက်ကြသည်။ နှစ်ယောက်သား သူဌေးချက်ထားသော ကြက်သားဟင်းဟု စိတ်ထဲမှန်းဆလိုက်ကြသည်။

ရေငတ်ပြေရန် ဇီးသီးကိုကြည့်ခြင်းပင်။

သို့သော် ၎င်းမှာ တကယ်တမ်းတွင် အတုအယောင်သာဖြစ်သည်။

မန်နေဂျာသည် ဤစားသောက်ဆိုင်သို့ မလာခင်အချိန်တုန်းက သူ၏ဆိုင်မှ ကြက်သားဟင်းမှာ အရသာရှိပေသည်။

“ဟင်း....”

မန်နေဂျာသည် သက်ပြင်းချပြီး ကြက်ပေါင်ကို ပြန်ချကာ ကြက်ဥထမင်းကြော်ကိုသာ တိတ်တိတ်လေးစားတော့သည်။

သူ့ထက် အနည်းငယ် ပိုသာသော ရှောင်မေ့မှာ မျက်လုံးများကို တင်းတင်းကျပ်ကျပ် မှိတ်ပြီး ကြက်သားကို တစ်ကိုက် ကိုက်ကာ စိတ်ကူးယဉ်အရသာခံစားရင်း အနည်းငယ် ဝါးပြီးနောက် ခက်ခက်ခဲခဲ မျိုချလိုက်သည်။

“မန်နေဂျာ။ ဒီကြက်သားဟင်းက အလကားဖြစ်သွားပြီထင်တယ်”

ရှောင်မေ့သည် ကြက်ပေါင်ကို ပြန်ချပြီး ခပ်တိုးတိုးလေး သက်ပြင်းချလိုက်သည်။

“စကားမပြောနဲ့။ စားတော့”

မန်နေဂျာသည် ကြက်သားဟင်းကို မကြည့်တော့ဘဲ ခေါက်ဆွဲပြုတ်ကို စတင်စားလိုက်သည်။

ထိုအချိန်တွင် သူသည် အဖွဲ့ဝင်မဟုတ်သည့်အတွက် အနည်းငယ် စိတ်မကောင်းဖြစ်မိသည်။

သူတို့ဘာလုပ်ရမလဲ?

-အပိုင်း(၁၀၆) ပြီး

wunzinnosp

## အပိုင်း(၁၀၇)

လျန်မုန့်ချီနှင့် အခြားသူများ ညစာစားနေစဥ်တွင်။ နောက်ဆုံးတွင် ဆံပင်ရွှေရောင်လူ၏အလှည့်သို့ ရောက်ရှိလာသည်။ စားသောက်ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် သူ အံ့ဩသွားသည်။

"ကြက်သားဟင်းလား? မွှေးလိုက်တဲ့ အနံ့။ ဒါက ဘယ်လိုကြက်မျိုးလဲ?"

ရွှေရောင်ဆံပင်နှင့်လူ၏အမည်မှာ ပီရာဆန် ဖြစ်သည်။ သူသည် အစားအသောက်ဌာနတွင် သာရှိနေခဲ့သည်။ တက္ကသိုလ်တက်စဉ်တွင် အစားအသောက်၊ အစားအသောက်စီမံခန့်ခွဲမှု၊ ချက်ပြုတ်နည်း၊ အာဟာရဓာတ်၊ မုန့်လုပ်နည်း နှင့် အစားအသောက်သုံးသပ်ခြင်းတို့ကို လေ့လာရင်း ကုန်ဆုံးခဲ့သည်။

ဘွဲ့ရရှိပြီးနောက်တွင် တက္ကသိုလ်၏ တိုက်ရိုက်ထောက်ခံချက်ဖြင့် မီရှယ်လင်တွင် အလုပ်လုပ်ခဲ့သည်မှာ ငါးနှစ်ရှိချေပြီ။ သူသည် ကမ္ဘာပေါ်ရှိ နာမည်ကြီး ကျော်ကြားသော နေရာတိုင်းနှင့် အစားအသောက်အရောင်းကိုယ်စားလှယ်များကြားတွင် အလွန်ပုံရိပ်ကြီးမားကာ ဩဇာညောင်းသည်။

သူသည် ဩဇာညောင်းလေလေ စည်းကမ်းတင်းကျပ်လေလေဖြစ်သည်။ သူသည် ကောင်းမွန်စွာ ချက်ပြုတ်ထားသော ဟင်းလျာနှင့် ညံ့ဖျင်းသည့် ဟင်းလျာတို့ကို စနစ်တကျ ဝေဖန်ပိုင်းခြားကာ အကဲဖြတ်သည်။ ထို့ပြင် ၎င်းမှာ ဘာကြောင့် အရသာရှိသည် မရှိသည်ကို အသေးစိတ် ရှင်းပြနိုင်သူဖြစ်သည်။

လွန်ခဲ့သည့် ငါးနှစ်အတွင်း သူသည် မီရှယ်လင် ကြယ်ပွင့်စားသောက်ဆိုင် ဒါဇင်ပေါင်းများစွာ အကဲဖြတ်ခဲ့ပြီး ဆိုင်ပေါင်း တစ်ဒါဇင်ကျော်မှာ အရည်အသွေးမပြည့်ဝသည့်ဆိုင်များအဖြစ် သတ်မှတ်ခဲ့သည်။

လူအများက သူ့အား အမှန်တကယ် ချစ်ခင်လေးစားသလို မုန်းလည်းမုန်းကြသည်။

သို့သော် ကျန်းဟန်၏ စားသောက်ဆိုင်တွင်တော့ သူ့အား အမှန်တကယ် အံ့အားသင့်စေပြီး

အစားအသောက်နှင့်ပက်သတ်၍ မိမိမှာ အလုံးစုံမသိကြောင်း ခံစားလိုက်ရသည်။

ကြက်ဥထမင်းကြော်မှာ အလွန်အရသာရှိပြီး ခေါက်ဆွဲပြုတ်မှာလည်း ခေါက်ဆွဲမျှင်များက ဆံသားကဲ့သို့ပင် ကောင်းမွန်ပြီး အရသာမှာ အံ့အားသင့်စရာကောင်းသည်။ ထို့ပြင် မွှေးပျံ့သည့် ရနံ့ကြောင့် နေ့လည်က နွားနို့သုံးခွက်ပင် သောက်ခဲ့သည်။

ဤသည်မှာ သူ့အတွက် ပထမဆုံးအကြိမ်ပင်။

ယခုတော့ လေထဲရှိ ကြက်သားဟင်း ရနံ့ကို ရှူလိုက်မိသောအခိုက်တွင် သူ၏ဗိုက်က မနေနိုင်ဘဲ တဂွီဂွီမြည်လာတော့သည်။

အနံ့က အရမ်းမွှေးလွန်းတယ်။ လွန်လွန်ကြူးကြူးကို ဖြစ်လွန်းတယ်။

"ဘယ်လို ကြက်အမျိုးအစားများလဲ?" ပီရာဆန်မှာ ပါးစပ်က လွှတ်ကနဲပင် ပြောလိုက်မိသည်။

"ဘယ်လိုတောင် မွေးရတာလဲ?"

"အဲ့ဒါ ဩစထရယ်လု ကြက်လား?"

"ဒါမှမဟုတ် ဘရက်စ်ချစ်ကန်းလား?"

ဩစထရယ်လု ကြက်မှာ အီတလီနိုင်ငံမှ စတင်မိတ်ဆက်ခဲ့သည်။ ၎င်းတွင် အနက်ရောင်တောက်တောက် အမွေးများ၊ အနက်ရောက် နှုတ်သီး တို့ရှိ၏။ ခြေဖဝါးများက ဖြူဖွေးပြီး အတောင်ပံများက ပျံသန်းနိုင်လောက်သည်အထိ သန်မာသည်။ အသား၏အရည်အသွေးမှာ ကောင်းမွန်ပြီး အရသာလည်းရှိသည်။

ဘရက်စ်ချစ်ကန်းမှာ ပြင်သစ်နိုင်ငံအရှေ့ပိုင်း ဘရက်စ် ဒေသတွက် မွေးမြူသည့် ကြက်အမျိုးအစားဖြစ်သည်။ ၎င်းတွင်

အနီရောင်တောက်တောက် အမောက်၊ အဖြူရောင်အမွေးနှင့် ပြာလဲ့လဲ့ခြေထောက်များပါရှိပြီး အရောင်မှာ ပြင်သစ်အလံနှင့် ဆင်တူသည်။ ထို့ကြောင့် ၎င်းကို ပြင်သစ်ကြက်ဟု ခေါ်ကြသည်။ ၎င်း၏ထင်ရှားသည့် လက္ခဏာမှာ အရည်ပျော်လုလု နူးညံ့ပြီး အရည်ရွှမ်းသော အသားပင်ဖြစ်သည်။

အနံ့မွှေးခြင်းကြောင့် နာမည်ကြီးသော ကြက်အချို့ရှိသော်လည်း အနည်းငယ်သာ ကောင်းမွန်သည်။ သို့သော် ဩစထရယ်လု နှင့် ဘရက်စ်ချစ်ကန်းသည် စားသောက်ဆိုင်များရှိ ပုံမှန်ကြက်များနှင့် အနံ့မတူဟု ထင်ရသည်။

ထိုအချိန်တွင် ကျောက်ဖုန်းမှာ နောက်ဆုံးကြက်သားတုံးကို နှမြောတွန့်တိုစွာ စားလိုက်သည်။ ထိုလူ၏စကားကို ကြားပြီးနောက် လှည့်ကြည့်ကာ "ဒါက သာမန် ပြည်တွင်းက ကြက်ပါပဲ"

“မဖြစ်နိုင်တာ”

ပီရာဆန် မှာ မျက်ခုံးပင့်သွားသည်။ သူ၏ကျွမ်းကျင်မှုဖြစ်သော အသိပညာများအရ လုံးဝသေချာစွာဖြင့် ခွန်းတုံ့ပြန်သည်။ “ပြည်တွင်းကြက်တွေရဲ့ အရသာကို ငါ ကောင်းကောင်းသိပါတယ်။ ဒီကြက်လိုမျိုး အနံ့အရသာ အရမ်းမကောင်းပါဘူး။ သူ့ရဲ့ အနံ့အရသာက ကောင်းတယ်ဆိုပေမဲ့ လေထဲမှာတောင် မွှေးပျံ့နေဖို့အတွက် နည်းလမ်းသုံးခု ရှိတယ်။ မွှေးရနံ့ပျံ့ဖို့ဆိုရင် အမိုင်နိုအက်ဆစ်နဲ့ သကြားလျှော့နှုန်းတို့ကြားက မေးလ်လဒ် ဓာတ်ပြုမှု၊ အဆီပြိုကွဲမှု.........”

ပီရာဆန်မှာ မတိုင်မီက ကြက်သား၏အနံ့အရသာအကြောင်း လေ့လာခဲ့ဖူးသဖြင့် ၁၀ မိနစ်ကြာအောင် အသေးစိတ်ပြောပြနေသည်။

သို့သော် အခြားသူများမှာ သူ၏ ရှင်းပြချက်ရှည်ကြီးကို နားထောင်ရမှာ ပျင်းလွန်းလှသည်။

"ညီအစ်ကို မင်းဘာတွေလုပ်နေတာလဲ?"

နေ့လည်ခင်းက ပီရာဆန်၏မျက်နှာချင်းဆိုင်တွင် ထိုင်ခဲ့သောသူက သူ့အား သတိပေးပြန်သည်။ "ငါ့သူငယ်ချင်းက စားချင်လို့ မင်းနောက်မှာ တန်းစီနေတုန်းပဲ။ မင်းစားမှာလား မစားဘူးလား? မစားရင်လည်း ငါ့သူငယ်ချင်းကို ဒီမှာ အရင်ထိုင်းခိုင်းလိုက်"

ထိုလူက သူ၏မျက်နှာချင်းဆိုင်ရှိ လွတ်နေသောခုံကို လက်ညှိုးထိုးကာ ကြမ်းတမ်းစွာ ပြောလိုက်သည်။

"ငါ..."

ပီရာဆန်၏မျက်နှာမှာ အေးခဲသွားသည်။

သူသည် စားသောက်ဆိုင်ပိုင်ရှင် သူဌေးထံမှသာမက စားသုံးသူများထံမှပင် အမြင်မကြည်မှုကို ခံရသည်။

ဘာလို့လဲ?

ဘာလို့လဲ?

အဖွဲ့ဝင်မဟုတ်တဲ့သူတွေအတွက် ဤနေရာတွင် လူ့အခွင့်အရေးဆိုတာ မရှိတော့ဘူးလား?

စားသုံးသူတွေက ထမင်းစားဖို့အတွက် ကိုယ့်ကိုယ်ကို နှိမ့်နှိမ့်ချချနေရတယယ်။ ဘယ်လိုဖြစ်တာလဲ? စားသုံးသူတွေက နတ်ဘုရားတွေလို့ ပြောကြတယ်မဟုတ်ဘူးလား?

စားသောက်ဆိုင်၏ဝန်ဆောင်မှုက အလွန်ဆိုးရွားသော်လည်း လူတိုင်းက အပြည့်အဝလက်ခံသဘောတူကြောင်း မြင်ရသည့်အခါ ပီရာဆန်မှာ မသက်မသာခံစားလိုက်ရသည်။

ပီရာဆန် ပခုံးတွန့်ပြလိုက်ပြီး နှုတ်ခမ်းမဲ့ကာ ပြောလိုက်သည်။

"ကောင်းပါပြီ။ ငါစားချင်ပါတယ်"

ပီရာဆန်မှာ ပြောပြီးသည်နှင့် မီးဖိုချောင်ကောင်တာရှိရာသို့ တန်းတန်းမတ်မတ်သွားသည်။

"ကြက်ဥထမင်းကြော်နဲ့ ခေါက်ဆွဲပြုတ် နှစ်မျိုးလုံးကို သေချာပြန်ပြီး စားကြည့်ရမယ်"

ပီရာဆန်သည် ပန်းကန်ထဲသို့ ကြက်ဥထမင်းကြော်နှင့် ခေါက်ဆွဲပြုတ်ထည့်ပြီး သူ၏ထိုင်ခုံဆီသို့ ပြန်သွား၏။ ပထမဆုံး ကြက်ဥထမင်းကြော်တစ်လုတ်ကို စားလိုက်သည်။

"အမ်....."

"အမှန်ပဲ...."

ပီရာဆန်သည် ထမင်းတစ်လုတ်ကို စားရင်း မျက်လုံးများကို မှိတ်ထားသည်။ ထို့နောက် ကြည်လင်နေသည့် ဟင်းရည်တစ်ဇွန်းသောက်လိုက်သည်။

သောက်လိုက်သည့်အချိန်တွင်တော့ "အိုး...အရသာရှိလိုက်တ" ဟုပင် အော်လိုက်မိ၏။

"ခေါက်ဆွဲက တကယ်ကို နူးညံ့ပြီး ဝါးလိုက်ရင်...ဟိုး.."

ပီရာဆန်သည် သူ၏ညစာကို စားနေရင်း စတင်ပျော်ရွှင်လည်သည်။ သို့သော် စားနေရင်းဖြင့် သူ၏အကြည့်က လျန်မုန့်ချီ၏ဘေးသို့ ရောက်ရှိသွားသည်။ ထိုအချိန်တွင် သူတို့သည် ပန်းကန်ထဲမှ ကြက်သားကို စားကုန်ခါနီးနေပြီဖြစ်သည်။ ခပ်ဖြေးဖြေးစားနေသော ကျောက်ဒါဟူပင် ယူချင်းချင်းနှင့် လျန်မုန့်ချီတို့၏ တစ်တုံးစီ လုယူခံလိုက်ရသည်။

'ကြက်သားဟင်းက ဘယ်လိုအရသာရှိမလဲမသိဘူး....တစ်တုံးလောက်စားလိုက်ရရင်တော့....'

စိတ်ကူးတစ်ခုက ရုတ်တရက် ပီရာဆန်ဆီသို့ ရောက်ရှိလာသည်။

နောက်ဆုံးတွင်တော့ ပီရာဆန်မှာ မနေနိုင်တော့ဘဲ ထရပ်ကာ အဖွဲ့ဝင်စားပွဲဆီသို့ လျှောက်သွား၏။

"တစ်ဆိတ်လောက်...ဟို...ကျွန်တော်...ဒီကြက်သားနဲ့ တခြားဟင်းပွဲတွေက အဖွဲ့ဝင်တွေအတွက်ပဲလား?" ပီရာဆန်မှာ အနည်းငယ်ဗလုံးဗထွေးဖြစ်နေပြီး ဘယ်ကဘယ်လို စမေးရမှန်းမသိဖြစ်နေသည်။

"တံခါးမှာ စည်းကမ်းချက်တွေရေးထားတယ်မဟုတ်လား?" ကျောက်ဖုန်းက အနည်းငယ်မျက်မှောင်ကြုတ်ကာ မော့ကြည့်ရင်း ပြောလိုက်သည်။

ဒီလူက ဆိုင်ထဲမှာ တော်တော်အလုပ်များနေပုံပဲ။ ကျောက်ဖုန်း၏နှလုံးသားထဲတွင် မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်က ဒုတိယအဆင့်တွင် နေရာယူထားသည်။ သူ၏တာဝန်ဖြစ်သည့် ထန်ကျန့်ကို အနိုင်ယူရန်မှာ ပထမနေရာတွင်ရှိသည်။

အကယ်၍ တစ်စုံတစ်ယောက်က စားသောက်ဆိုင်အား ပြဿနာရှာပါက သူ၏ နာမည်ပြောင် "အရူး" ဆိုသည်မှာ

မည်သို့မည်ပုံ ဖြစ်ပေါ်လာသလဲဆိုသည်ကို ပြလိုက်ရန် ဝန်မလေးပေ။

သူ၏ခပ်တင်းတင်း သဘောထားကြောင့် ပီရာဆန်မှာ အနည်းငယ် ကို့ယို့ကားယားဖြစ်သွားသည်။

ခဏလောက် စဉ်းစားပြီးနောက် သူက “အမ်…ဟိုလေ…ဟို…အဖွဲ့ဝင်တွေရဲ့အစားအသောက်ကို အမှုန့်အနေနဲ့ယူလို့ရနိုင်မဲ့ တခြားနည်းရှိမလားလို့ပါ။ ပိုက်ဆံပိုပေးရတာမျိုးတို့ ဘာတို့ပေါ့”

“အဖွဲ့ဝင်တွေရဲ့အစားအသောက်က အဖွဲ့ဝင်တွေအတွက်ပဲ။ စားချင်ရင် အဖွဲ့ဝင်ကတ်ဝယ်လို့ရတယ်” ကျောက်ဖုန်းက အေးစက်စွာပြောသည်။

၎င်းကို ကြားသည့်အခါ လျန်မုန့်ချီ၏မျက်လုံးများမှာ တောက်ပလာသည်။

"ဟုတ်ပြီ…အဖွဲ့ဝင်ကတ်တစ်ကတ်ဝယ်လိုက်။ ဒါဆို ကျွန်မ သူဌေးကိုခေါ်ဖို့ အပေါ်ထပ်ကို တက်လို့ရပြီ"

လျန်မုန့်ချီမှာ မုန့်မုန့်၏ အမေအကြောင်းကို အမြဲသိချင်နေခဲ့သည်။ စပ်စုလိုစိတ်အပြင် သူမနှင့်လည်း နှိုင်းယှဉ်ကြည့်ချင်သည်။ သူမသည် မိမိ၏အလှကို ယုံကြည်မှုအပြည့်ရှိသည်။

ထို့ပြင် သူမသည် ကျန်းဟန်နှင့် မုန့်မုန့်၏အမေကြားမှာ ဆက်ဆံရေးကိုလည်း သိချင်နေခဲ့သည်။ ကွာရှင်းထားသလား? မကွာရှင်းထားဘူးလား?

ကျန်းဟန်၏စိတ်နေစိတ်ထားအရ သူ မလိမ်ကြောင်းကိုတော့ သူမ သေချာသိသည်။ သူဌေးမှာ ယခင်က သူသည် လက်မထပ်ရသေးကြောင်း ပြောခဲ့သည်။ ထို့ကြောင့် လျှို့ဝှက်ချက်အချို့ ရှိကိုရှိရမည်။

သူဌေးနှင့် သူဌေးကတော်၏ ဆက်ဆံရေးမှာ ကောင်းမွန်ပြီး သာယာသောမိသားစုလေးရှိလျှင်

လျန်မုန့်ချီသည် နောက်ထပ် ဘာမှပြောတော့မည်မဟုတ်။ ဆန့်ကျင်ဘက်အနေဖြင့် သူတို့နှစ်ဦးမှာ ကွာရှင်းထားပြီးဖြစ်လျှင် လျန်မုန့်ချီသည် ကျန်းဟန်အား ကလေးတစ်ယောက်ရှိနေလျှင်ပင် လက်ထပ်ရန်အတွက် ဝန်မလေးပေ။

အကြောင်းအရာအများအပြားကို တွေးတောပြီးမှ ဤအတွေးကို သူမရရှိခဲ့ခြင်းဖြစ်သည်။ သူမ နှစ်သက်သည့်အရာအတွက် သူမလိုက်၍ ရနိုင်သည်။ ဘာကို ကြောက်ရွံ့နေရမလဲ?

လက်ရှိတွင် သူမသည် ပီရာဆန်၏မေးခွန်းကို ကြားယောင်နေသည်။ သူသာ အဖွဲ့ဝင်ကတ်ဝယ်လျှင် သူမ အပေါ်ထပ်သို့ တက်ရန် အခွင့်အရေးယူနိုင်၏။

"အဖွဲ့ဝင်ကတ်လား....ငါမတတ်နိုင်ဘူး" ပီရာဆန်မှာ ခေါင်းကုတ်ကာ ပြန်ပြောသည်။

"အင်း...ဒါဆိုရင် စားလို့မရနိုင်ဘူး။ စည်းကမ်းက စည်းကမ်းပဲ"

လျှန်မုန့်ချီမှာ နှုတ်ခမ်းကိုစူကာ ပြောသည်။

သူတို့သည် စားစရာရှိသည်ကိုသာ စားနေကြပြီး တစ်ယောက်မှ ပီရာဆန်အား အဖက်မလုပ်ကြတော့ရာ ပီရာဆန်မှာ ရှက်သွားသည်။

"အင်း..."

ပီရာဆန်မှာ ခဏလောက်တုံ့ဆိုင်းနေပြီး နောက်ဆုံးတွင် အံကိုကြိတ်ကာ

"ငါ....ငါ..က.... လျှာကဝေတစ်ယောက်ပါ။ ငါ သူဌေးရဲ့ ဟင်းပွဲတွေကို မြည်းစမ်းပေးချင်လို့။ ငါ့ရဲ့ အကဲဖြတ်ပေးလိုက်ရင် သူ့အတွက် ကျော်ကြားမှုနဲ့ အမြတ်အစွန်းတွေ ရလိမ့်မယ်"

သို့သော်လည်း ကျောက်ဖုန်းနှင့် အခြားသူများမှာ သူ၏စကားအား နားမထောင်တော့ပေ။ နောက်ဘက်

စားပွဲဝိုင်းအဖြူများမှ လူများမှာလည်း သူ့အားကြည့်ကာ လှောင်ပြောင် ရယ်မောနေကြသည်။

“ငါလည်း လျှာကဝေတစ်ယောက်ပဲ။ ငါလည်း မြည်းစမ်းကြည့်ချင်တယ်”

“ငါက သိပ္ပံပညာရှင်လေ။ ငါလည်း သူဌေးရဲ့ အစားအသောက်တွေကို မြည်းစမ်းကြည့်ပြီး ဒီလိုမျိုးအရသာရှိတဲ့ အစားအသောက်တွေရဲ့ ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာကြည့်ချင်တယ်”

“ဟားဟားဟား…။ မင်းက သူဌေးအတွက် ကျော်ကြားမှုတွေ စည်းစိမ်ဥစ္စာတွေကိုတောင် ယူလာပေးနိုင်တာလား။ သူဌေးက အဲ့ဒါတွေကို လိုအပ်တယ် ထင်လို့လား။ ဆိုင်ကို တစ်ရက်မှ သုံးနာရီပဲဖွင့်တာ မမြင်ဘူးလား။ တစ်နေ့လုံးသာဖွင့်ရင် အရောင်းရဆုံးဆိုင်တောင် ဖြစ်သွားဦးမယ်”

“…”

စကားလုံးအနည်းငယ်က ပီရာဆန်အား ပြောစရာစကားမရှိအောင် ဖြစ်သွားစေသည်။

ပီရာဆန်မှာ ခံစားချက်များ ရှုပ်ထွေးနေသည်။

သူသည် ရှက်ရွံ့နေကာ အသက်ခပ်ပြင်းပြင်းရှူသွင်းလိုက်ပြီး “ငါ ပီရာဆန်က မီရှယ်လင် ကြယ်ပွင့်စားသောက်ဆိုင်တွေရဲ့ အစားအသောက်ကိုယ်စားလှယ်တစ်ယောက်ပါ” ဟု ခပ်တင်းတင်းပြောလိုက်သည်။

သူ၏အလုပ်မှာ လျှို့ဝှက်ထားရသော်လည်း ဤနေရာရှိ ဟင်းလျာများကို မြည်းစမ်းနိုင်ရန် သူ့ကိုယ်သူ ဖော်ထုတ်လိုက်ရပါကလည်း အရေးမကြီးတော့ဟု ယူဆလိုက်သည်။

တရားမျှတမှုအတွက်လား? သူသည် ဤစားသောက်ဆိုင်အတွက် အကဲဖြတ် အဆင့်သတ်မှတ်မပေးတော့ရန် ဆုံးဖြတ်လိုက်သည်။

အခြားကိုယ်စားလှယ်များ အဆင့်သတ်မှတ်ပေးပါကလည်း ကောင်းမွန်သည့် မှတ်ချက်များ ရရှိလိမ့်မည်ဟု သူယုံကြည်သည်။

ထိုသို့ပြောလိုက်ပြီးနောက်တွင် ပီရာဆန်မှာ လူများ၏ အံ့သြထိတ်လန့်နေမှုကို စောင့်မျှော်နေခဲ့သည်။

သို့သော် ခဏတာ တိတ်ဆိတ်သွားပြီးနောက်တွင် ရယ်မောသံများ ထွက်ပေါ်လာသည်။

“မီရှယ်လင် ဆိုတာ ဘာကြီးလဲ? စားလို့ရလို့လား?” အဖြူရောင်စားပွဲဝိုင်းမှ လူတစ်ယောက်က သူ့အား ဟာသလုပ်လေသည်။

“မင်းက အစားအသောက်ကိုယ်စားလှယ်ဆိုတော့ရော ဘာဖြစ်လဲ?”

“ဒီစားသောက်ဆိုင်က မီရှယ်လင်ရဲ့ လက်မှတ်ကို လိုအပ်တယ်လို့ မင်းထင်လား?”

စကားလုံးအနည်းငယ်က သူ့အား ချက်ချင်း ထိတ်လန့်အံ့သြသွားစေသည်။

သည်လူများမှာ မီရှယ်လင်လက်မှတ်ကို အထင်မကြီးဖြစ်ကြလိမ့်မည်ဟု သူ မျှော်လင့်မထားပေ။

ကံကောင်းထောက်မစွာဖြင့် လျန်မုန့်ချီနှင့် အခြား အဖွဲ့ဝင်များက ဘာမှမပြောကြပေ။ မဟုတ်ပါက ပီရာဆန်မှာ သူ့ဘဝကိုသူ သံသယဖြစ်လာပေလိမ့်မည်။

မီရှယ်လင်နှင့် ရင်းနှီးသော အဖွဲ့ဝင်များဖြစ်သည့် စွန်းမင်နှင့် ဝမ်ချမ်းတို့မှာ ထိုလူအား ထူးဆန်းစွာ ကြည့်နေကြသည်။

မီရှယ်လင် ကြယ်ပွင့်သတ်မှတ်ခြင်းခံရသည့် စားသောက်ဆိုင်မှာ ဂုဏ်သတင်းကျော်ဇောနိုင်ရုံသာမက အကျိုးအမြတ်များပါ ရရှိစေနိုင်ကြောင်း သူတို့ သိကြသည်။ သို့သော် သူတို့သည်လည်း များများစားစား ဝင်မပြောခဲ့ကြချေ။ ဤစားသောက်ဆိုင်၏ ပိုင်ရှင်မှာ

သာမန်လူတစ်ဦးမဟုတ်ကြောင်း အားလုံးသိရှိထားပြီးဖြစ်၍ မီရှယ်လင်သည် သူ့အား ဆွဲဆောင်နိုင်မည်မဟုတ်ပေ။

လျန်မုန့်ချီ၏မျက်လုံးများသည် သူ၏စကားကို ကြားပြီးနောက် တောက်ပလာသည်။

သူမသည် လျင်မြန်စွာထလိုက်ပြီး "ရှင်က အစားအသောက်ကိုယ်စားလှယ်လား? ဘာလို့စောစောက မပြောတာလဲ? ကျွန်မ သူ့ငွေးကို ခေါ်လိုက်မယ်"

လျန်မုန့်ချီ၏စကားများက ပီရာဆန်အား ပို၍ သက်သောင့်သက်သာဖြစ်သွားစေပြီး ဤစားသောက်ဆိုင်တွင် သူ၏တည်ရှိမှုကို ပထမဆုံးအကြိမ် ခံစားမိစေသည်။

လျစ်လျူရှုမခံရခြင်းက အမြဲပို၍ ကောင်းမွန်ပေသည်။

လျင်မြန်စွာပင် လျန်မုန့်ချီမှာ ဒုတိယထပ်သို့ လျှောက်သွားသည်။ လေ့ခါးထစ်ပေါ်သို့

တက်လိုက်သည့်အချိန်တွင် ဆံကို ဖြီးသင်လိုက်ရင်း အနည်းငယ် စိတ်လှုပ်ရှားနေသည်။

-အပိုင်း(၁၀၇) ပြီး

wunzinnosp

## အပိုင်း(၁၀၈) ဒီမှာနေရမှာလား?

ယောက္ခမဖြစ်သူနှင့် သွားတွေ့တော့မည့် ချွေးမလောင်းလိုလို၊ ဒုတိယထပ်တွင် မကောင်းဆိုးရွားသားရဲကြီးရှိနေသလိုလိုပင်။

လျန်မုန့်ချီ၏နှလုံးခုန်သံများမှာ မသိလိုက်စွာပင် မြန်လာသည်။ အပေါ်ထပ်တွင် ရယ်မောသံများ၊ ကျိုးဖေးနှင့် ကျန်းလီ၏အသံအပြင် ပြတ်တောင်းပြတ်တောင်းနှင့် အမျိုးသမီးအသံကိုလည်း သူမကြားလိုက်ရသည်။

မုန့်မုန့်၏အမေကို သူမ တွေ့ရမည့်အချိန်ပင်။

လျန်မုန့်ချီ ရေရွတ်လိုက်သည်။

သို့သော် လမ်းတစ်ဝက်မှာပင် ဒုတိယထပ်မှ ဆင်းလာသော ပုံရိပ်တစ်ခုကို ရုတ်တရက်မြင်လိုက်ရ၏။

လျန်မုန့်ချီ တည်ငြိမ်သွားပြီး ထိုလူအား တစ်ချက်ကြည့်လိုက်သည်။

ရုတ်တရက် ပါးစပ်မှ လွှတ်ခနဲအလိုလို ထွက်သွားမိသည်။ "သူဌေး ရှင် ဒီမှာ ဘာလုပ်နေတာလဲ?"

"ဟမ်?"

ကျန်းဟန် ကြောင်သွားသည်။ သူ ဒီမှာဘာလုပ်နေတာလဲ ဆိုတာ သူမ ဘာကို ပြောချင်တာလဲ?

"ငါ နွားနို့ခွက်ယူမလို့ အောက်ထပ်ဆင်းလာတာ" ကျန်းဟန် ရယ်ကာ ပြန်ပြောသည်။

“အွန်း”

လျန်မုန့်ချီ ခေါင်းညိတ်ကာ “ဟုတ်ပါပြီ။ အောက်မှာ မီရှယ်လင် အစားအသောက်ကိုယ်စားလှယ်ဆိုတဲ့ နိုင်ငံခြားသားတစ်ယောက်ယောက်နေတယ်။ သူက ဟင်းလျာတွေကို မြည်းစမ်းချင်လို့တဲ့။ သူက နေ့လည်စာစားဖို့ ရောက်လာပြီး စားသောက်နေတာ မျက်နှာမှာလည်း ထမင်းလုံးတွေကပ်လို့ ဟားဟား”

လျန်မုန့်ချီမှာ သူမ ဝသီသအတိုင်း ရယ်မောကာ ပြောသည်။

သို့သော် ကျန်းဟန်မှာ အံ့သြဟန်မပြဘဲ ဘာသိဘာသာပင် အောက်ထပ်သို့ ဆင်းလာသည်။

သူလည်း ပထမထပ်မှ ဆံဖြူယောက်ျားကို မြင်ပေသည်။

ပီရာဆန်သည် ကျန်းဟန်ကို တွေ့လိုက်တွင် အထက်စီးဆန်စွာပင်

"ဟယ်လို သူဌေး. ငါ့ကိုယ်ငါ မိတ်ဆက်ပေးပါရစေ။ ငါ့နာမည် ပီရာဆန်။ မီရှယ်လင်ရဲ့ အစားအသောက်ကိုယ်စားလှယ်ပါ"

ပြောနေရင်းဖြင့် ပီရာဆန်သည် ကျန်းဟန်၏ အံ့သြထိတ်လန့်မှုနှင့် ရှိသေလေးစားမှုတို့ကို တွေ့မြင်လိုသည့်အတွက် ကျန်းဟန်အား တိတ်တဆိတ် အကဲခတ်နေသည်။

ထိုအတွေးဖြင့် ပီရာဆန်းမှာ လန်းဆန်းသွားသလို ခံစားလိုက်ရ၏။ ဤစားသောက်ဆိုင်တွင် ဆက်ဆံရသည်က သူ့အား စိတ်မသက်မသက်ဖြစ်စေသည်။ ဟမ့် သူဌေးက သူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိပြီးပါက ဖားယားသည့်အနေဖြင့် သူ့အား သီးသန့် ဝန်ဆောင်မှုပေးသင့်သည်။

သို့သော်ငြား...

ကျန်းဟန်မှာ "အင်း" ဟုသာ မထူးမခြားနားဖြင့် အေးတိအေးစက် ပြန်ပြောလေသည်။ ထို့နောက် ကောင်တာရှေ့သို့လျှောက်သွားကာ

နွားနို့တစ်ခွက်ထည့်ပြီးနောက် ဒုတိယထပ်သို့ ပြန်တက်သွားလေတော့သည်။

သူ၏လှုပ်ရှားမှုများအားလုံးမှ တစ်ခဏသာကြာလေသည်။ ပီရာဆန် သူ့ကိုယ်သူ မိတ်ဆက်စဉ်တွင် အစပိုင်း တစ်ချက်သာကြည့်လိုက်သည်။ နောက်ဆက်တွဲ ဘာမျှ တုံ့ပြန်မှုမရှိချေ။

"ငါ...မင်း...?"

ထိုအခိုက်အတန့်တွင် ပီရာဆန်မှာ လုံး၀ ရှုံးနိမ့်သွားသည်။ သူသည် လက်ဆန့်ထုတ်ကာ ကျန်းဟန်အား တားလိုက်သော်လည်း မအောင်မြင်လိုက်ပေ။

"ဒါ...."

ကျန်းဟန် ပျောက်ကွယ်သွားပြီးနောက် ပီရာဆန်၏ထိတ်လန့်အံ့သြမှု၊ မယုံကြည်နိုင်မှုတို့က နောက်ဆုံးတွင် စိတ်ဓာတ်ကျမှုသို့ ပြောင်းလဲသွားလေ၏။

လျှန်မုန့်ချီမှာ သူ၏ ဖြစ်ပုံကို ကြည့်ကာ မရယ်ပဲ မနေနိုင်တော့။

"ရှင် ရိုးရိုးသားးသားနဲ့ ပြန်သွားစားတာ ပိုကောင်းမယ်။ ရှင်မပြောနဲ့ မီရှယ်လင်ရဲ့ ထိပ်တန်း စီမံခန့်ခွဲရေးမှူးလာရင်တောင် သူ့ငွေးက အဖက်လုပ်မှာမဟုတ်ဘူး"

"အိုး..နိုး... ဘယ်လိုဖြစ်နိုင်မှာလဲ?" ပီရာဆန်မှာ စိတ်ဓာတ်ကျစွာပင် သူ၏ထိုင်ခုံသို့ ပြန်လျှောက်သွားသည်။

ထိုအချိန်တွင် တိတ်ဆိတ်စွာ စားနေသော စွန်းမင်မှာ အနည်းငယ် ချောင်းဟမ့်လိုက်သည်။

"မစ္စတာပီရာဆန် ငါ့မှာ ကြက်သား နှစ်တုံးကျန်သေးတယ်။ ဒါတွေပဲ ယူသွားလိုက်ပါ"

ကျန်းဟန်မှာ ပီရာဆန်အား လစ်လျူရှုထားသော်လည်း စွန်းမင်သည် စီးပွားရေးသမားဖြစ်၍ အဆက်အသွယ်ကို နားလည်ပေသည်။ မည်သို့ပင်ဆိုစေကာမူ မီရှယ်လင် အစားအသောက်အေးဂျင့်၏ ကောင်းမွန်ကြောင်း မှတ်ချက်များမှာ စားသောက်ဆိုင်အတွက် ကောင်းမွန်သောကြောင့် စားချင်သည့် အာသီသကို ချိုးနှိမ်ကာ ကြက်သားနှစ်တုံးကို စွန့်လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အနည်းငယ် ရယ်စရာကောင်းသည်ဟု သူခံစားရသည်။ ပုံမှန်ဆိုလျှင် သူသည် ကြက်သားစားလေ့မရှိသော်လည်း ဤစားသောက်ဆိုင်တွင်တော့ တစ်ယောက်မျှ တောင့်မခံနိုင်ကြပေ။

“အမ်?” ပီရာဆန်မှာ အံ့အားသင့်သွားပြီး ဝမ်းသာအားရဖြင့် ခေါင်းညိတ်ကာ “ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မစ္စတာ”

ပြောပြောဆိုဆိုပင် ပီရာဆန်မှာ စက္ကူပြန်းကန်တစ်ချပ်နှင့် တူတစ်စုံကိုကိုင်ကာ ကြက်သားနှစ်တုံးကို ကောက်ယူလိုက်သည်။

လျန်မုန့်ချီနှင့် အခြားသူများမှာ သူ့အား စိုက်ကြည့်နေကြသည်။

"ဟင်း...ကြည့်စမ်းပါဦး သူ့မျက်လုံးတွေတောင် ကျွတ်ထွက်တော့မယ်"
ကျောက်ဒါဟူမှာ ခေါင်းတယမ်းယမ်းဖြင့် လှမ်းပြောလိုက်သည်။
"ဟော့ လျှာကဝေကြီး၊ စားကြည့်ပါဦး"

"အိုး"
ပီရာဆန်မှာ သတိပြန်ဝင်လာပြီး ခေါင်းညိတ်ကာ ပြုံးလိုက်သည်။

သူ၏မျက်နှာတွင် တိကျသေချာသည့်အမူအရာဖြင့် "ဟင်းတစ်ပွဲက ပြည့်စုံတဲ့ အရောင်အသွေး၊ အနံ့နဲ့ အရသာတို့

ပေါင်းစပ်မှုရှိဖို့လိုတယ်။ ပထမဆုံး အရောင်အကြောင်းပြောရအောင်။ ပဲငံပြာရည်နဲ့လုပ်ထားတဲ့အတွက် နီညိုရောင်ရှိတာက အရည်အသွေးပြည့်တယ်။ အရောင်က မှောင်လွန်းတာ လင်းလွန်းတာ မရှိဘူး၊ အနေတော်ပဲ။ သူ့ရဲ့အသွင်အပြင်ကြောင့် စားဖိုမှူးက ဟင်းခတ်အမွှေးအကြိုင်ပမာဏကို ကောင်းကောင်းထိန်းချုပ်နိုင်တယ်ဆိုတာ သိနိုင်တယ်”

“အနံ့ကတော့ အခုပြောသလိုပဲ။ လုံး၀ စွဲမက်ဖွယ်အပြည့်ပဲ။ အမှတ်ပြည့်က ၁၀၀ ဆိုရင် သူ့ရဲ့အရောင်အတွက် ၁၀၀ နဲ့ အနံ့အတွက် ၁၁၀ စီပေးမယ်။ ဘာလို့လဲဆိုတော့ အနံ့က အရမ်းမွှေးတယ်”

“အရသာနဲ့ပက်သတ်ပြီးပြောရရင်....”

ပီရာဆန်မှာ စကားပြောနေရင်းဖြင့် ကြက်သားကို ပါးစပ်ထဲထည့်ကာ မျက်လုံးကို မှိတ်ပြီး အရသာခံကြည့်လိုက်သည်။

ဒါပေမဲ့ သူက ဘာလို့ မြန်မြန်ဝါးနေရတာလဲ?

နှစ်ကိုက် သုံးကိုက် စားပြီးနောက် ပထမကြက်သားတုံးမှာ ကုန်သွားလေသည်။ ပြီးနောက် ဒုတိယ တစ်တုံးကို ကောက်ယူလိုက်သည်။ သူ၏ အစားနှုန်းမှာ ယုန်တစ်ကောင်အလားပင်။

ဆယ်စက္ကန့်အကြာတွင် ဒုတိယတစ်တုံးမှာလည်း ကုန်သွားလေ၏။

"အိုး..."

ပီရာဆန်မှာ အလွန်သာယာပျော်ရွှင်စွာဖြင့် အသက်ကို ရှည်လျားစွာ ရှူထုတ်လိုက်သည်။

"ဘယ်လိုနေလဲ အစ်ကိုကြီး?" ယူချင်းချင်း ပြုံးကာ မေးလိုက်၏။

"အရမ်း အရမ်းကောင်းတယ်"

ပီရာဆန်သည် လှမ်းကြည့်လေသည်။ သူ၏မျက်လုံးများတွင် အံ့ဩမှုများဖြင့် ပြည့်နေသည်။ "ဒီကြက်က ကျွန်တော်စားဖူးသမျှ ကြက်တွေထဲမှာ အရသာအရှိဆုံးပဲ။ ဩစထရယ်လု၊ ဘရက်စ်ချစ်ကန်း၊ ရီဒီ အိုက်စလန်းကြက်နီနဲ့ တခြား ကြက်အမျိုးအစားတွေထက်ကို ပိုပြီး အရသာရှိတယ်။ မယုံနိုင်စရာပဲ။ သုံးဝါကြက်ဘယ်လိုဖြစ်နိုင်မှာလဲ? ဘာလို့လဲ?"

"ဘာလို့လဲ မမေးနဲ့" ကျောက်ဖုန်းမှာ ခေါင်းကို အသာယမ်းကာ ပြောလိုက်သည်။ "သူမွေးမြူထားတဲ့ ကြက်တွေကို ငါတို့အားလုံးမြင်ဖူးတယ်။ အဲ့ဒါ တကယ် သုံးဝါကြက်တွေပဲ။ ဘာလို့ အရသာက

အရမ်းကောင်းနေသလဲတော့ ငါတို့လည်း မသိဘူး။ သူဒွေးက အချက်အပြုတ် အရမ်းကျွမ်းလို့ပဲ ဖြစ်ရမယ်”

“နိုး နိုး နိုး” ပီရာဆန်မှာ ခေါင်းကို ထပ်ခါထပ်ခါယမ်းကာ ပြောလေသည်။ “သူက သေချာပေါက် အခက်အပြုတ်ကျွမ်းတာတော့ ဟုတ်တယ်။ ဒါပေမဲ့ အချက်အပြုတ်တစ်မျိုးတည်းနဲ့တော့ ဒီဟင်းကို အရသာပိုကောင်းအောင် လုပ်ဖို့မဖြစ်နိုင်ဘူး”

“ဒါဆိုရင် အရသာအတွက် မင်းဘယ်လို အမှတ်ပေးမလဲ?” လျှန်မုန့်ချီသည် မျက်လုံးဝိုင်းကြီးများကို မိတ်တုတ်မိတ်တုတ်လုပ်ရင်း ဝင်မေးသည်။

“အရသာအတွက်က....”

ပီရာဆန်သည် ခေါင်းငုံ့ကာ ခဏလောက် စဉ်းစားလိုက်သည်။ ပြီးနောက် ခေါင်းမော့ကာ “ အမှတ်ပြည့် ၁၀၀ ဆိုရင် ဒီကြက်သားဟင်းအတွက် ရမှတ်က ၁၀၀၀ ပေးမယ်”

လျှန်မုန့်ချီအပါအဝင် လူတိုင်းမှာ ပြုံးကာ ခေါင်းယမ်းလိုက်ကြသည်။

ပီရာဆန်ထံမှ ဤသို့သော ရမှတ်ကို ရရှိခြင်းမှာ မည်မျှ အံ့သြဖွယ်ကောင်းကြောင်း သူတို့မသိကြပေ။

ပီရာဆန်သည် နောက်ထပ် မှတ်ချက်ပေးရန် အစီအစဉ်ရှိသည်။ သူကိုယ်သူ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကို ဖော်ထုတ်လိုက်ပြီဖြစ်၍ အနည်းငယ်တော့ ပိုပြောရပေမည်။ သို့သော်...

"ညီအစ်ကို၊ ငါ့သူငယ်ချင်းက နေ့တစ်ဝက်လောက် တန်းစီစောင့်နေရတာ။ မင်း စားမှာလား မစားဘူးလား?"

"အာ..ကောင်းပါပြီ..."

ပီရာဆန်၏မှတ်ချက်မှာ စားသောက်ဆိုင်အတွက် တစ်ခန်းရပ်ပြဇာတ်မျှသာ ဖြစ်သည်။ ကျန်းဟန်သည် မီရှယ်လင်ကြယ်ပွင့်များ၏ အကဲဖြတ်မှုကို ဂရုမစိုက်ပေ။

မုန့်မုန့်သာ မရှိပါက စားသောက်ဆိုင်လည်း တည်ရှိနေမည် မဟုတ်သလို လူများမှာလည်း ဤကဲ့သို့ အရသာရှိသော အစားအသောက်များကို အရသာခံ မြည်းစမ်းရန် အခွင့်အရေးရှိမည်မဟုတ်ချေ။

စားသောက်ဆိုင်မှာ ည ၈ နာရီအထိ ဖွင့်ထားပေသည်။ လူများလွန်းသောကြောင့် နောက်ထပ် တစ်နာရီ ထပ်တိုးခြင်းပင်။

ဆိုင်ထဲဝင်ရန် တန်းစီစောင့်နေသည့်သူများမှာ ကြက်ဥထင်းကြော်နှင့် ခေါက်ဆွဲပြုတ် အလုံအလောက်မရှိတော့သည်ကို တွေ့သည့်အခါ သူတို့၏ စိတ်ဆန္ဒများကို ချိုးနှိမ်ပြီး နောက်လူအတွက် ချန်ကာ လျှော့စားလိုက်ကြသည်။ အစားသောက်ကြိုက်သူများ အချင်းချင်း နားလည်ပေးနိုင်၍ပင်။ တစ်နာရီကြာ တန်းစီစောင့်နေရပြီးမှ အရသာရှိသည့် အစားသောက်ကို မစားလိုက်ရပါက သူတို့တွေ စိတ်ခါတ်ကျသွားပေမည်။

ထို့ကြောင့် ညစာစားပွဲလေး၏အဆုံးသတ်မှာ ပြီးပြည့်စုံသွားခဲ့သည်။ စားသောက်ဆိုင်တွင် အသစ်ရောက်ရှိလာသော မီနူးဖြစ်သည့် ခေါက်ဆွဲပြုတ်ကို လူတိုင်းနီးပါး မြည်းစမ်းနိုင်ခဲ့သည်။

ကျောက်ဖုန်းသည် ၈ နာရီ ၃၀ အထိ ပထမထပ်ကို သန့်ရှင်းရေးလုပ်နေခဲ့၏။ ပထမထပ်တွင် တီဗီကြည့်နေကြသည့် ကျန်းလီနှင့် ကျိုးဖေးတို့ကို နှုတ်ဆက်ပြီးနောက် ပြန်သွားခဲ့သည်။

“ကျန်းလီ”

ကျိုးဖေးသည် ကောင်တာ စားပွဲပေါ်ရှိ ငွေတစ်ထပ်လိုက်ကြီး မော့ကြည့်လိုက်သည်။ သူမသည် အလွန်သိလိုစိတ်ပြင်းပျစွာဖြင့် “ညနေခင်း ဆိုင်ဖွင့်ချိန်အတွက် ပိုက်ဆံဘယ်လောက်ရလဲ သွားကြည့်ရအောင်”

"ကောင်းတယ်။ သွားကြည့်ကြစို့" ကျန်းလီ၏ မျက်လုံးများမှာလည်း တောက်ပလာသည်။

နှစ်ယောက်သား အညီအမျှခွဲလိုက်ပြီး စစ်ကြည့်ကြသည်။

"အမ်? အန်တီဖေးဖေး၊ အန်တီလီလီ ဘာလုပ်နေကြတာလဲ? ဟမ့် ဖေဖေရေ ဖေဖေရေ မြန်မြန် မြန်မြန် ဒီမှာ သူခိုးတွေရှိတယ်"

မုန့်မုန့်သည် ခြေလှမ်းသေးသေးလေးများဖြင့် ဆင်းလာရင်း ငွေစစ်နေကြသည့် နှစ်ယောက်ကို မြင်သည့်အခါ လက်သေးသေးလေးများကို ယမ်းကာ အော်ပြောတော့သည်။

ဇီယန်နှင့် ကျန်းဟန်မှာ မုန့်မုန့်၏နောက်မှ ဆင်းလာကြရင်း မုန့်မုန့်၏ ကာကွယ်ပေးလိုသည့် အမူအရာကိုမြင်သည့်အခါ ရယ်မောလိုက်ကြသည်။

"မုန့်မုန့် ငါတို့က ညည်းရဲ့ ဖေဖေအတွက် အခမဲ့ စာရင်းစစ်လုပ်ပေးနေတာနော်"

ကျိုးဖေးမှာ မနေနိုင်ဘဲ ပြန်ပြောတော့သည်။ သို့သော် ထိုသို့ပြောလိုက်သည့်အတွက် ပိုက်ဆံရေထားသည်ကို ရုတ်တရက် မေ့သွား၏။ နဖူးကို လက်ဖြင့်ပုတ်ရင်း “အိုး…ငါ့ရဲ့ဘွားဘွားလေးရေ…နင်လုပ်တာ ငါမေ့သွားပြီ”

ကျိုးဖေးမှာ အစမှ ပြန်၍ ရေတွက်ရတော့သည်။

မိနစ်အနည်းငယ်ကြာပြီး နောက်ဆုံးတွင်တော့

ကျိုးဖေး “ပြီးပြီး ၂၁၂၀၀ ယွမ်၊ လီလီ နင့်ဆီမှာ ဘယ်လောက်လဲ?”

“၂၃၁၀၀ ယွမ်” ကျန်းလီသည် လက်ထဲရှိ ပိုက်ဆံအုပ်ကို မြှောက်ပြကာ ပြောလိုက်သည်။

“ဝိုး…၂၁၂၀၀ နဲ့ ၂၃၁၀၀ ၊ စုစုပေါင်း ၄၄၃၀၀ ။ ဘုရားရေ…ခဲအို နင်က တစ်ညတည်းနဲ့ ယွမ် ၄၄၀၀၀ ကျော် ရခဲ့တာပဲ။ အရမ်းတော်တယ်။ တစ်လကို ယွမ် ၁ သန်း ရဖို့က

လွယ်လိုက်တာ”

ကျိုးဖေးမှာ အိုဗာဖြစ်လွန်းသည့် အမူအရာဖြင့် ပြော၏။

“ကဲ အပိုတွေလုပ်နေတာ တော်လိုက်တော့” ဇီယန်သည် သူမအအာ မျက်စောင်းထိုးလိုက်သည်။

“ဟီးဟီး အစ်မယန်။ ငါက အရမ်းတော်တဲ့ ခဲအိုရှိလို့ ပျော်နေတာပါ”

ကျိုးဖေး ပိုက်ဆံကို ကောင်တာပေါ်တင်ပြီး ပြုံးကာ သူမဆီလျှောက်သွားလိုက်သည်။

“ညည်းပါးစပ်ကို အပ်နဲ့ချုပ်ထားမှ ရတော့မယ်ထင်တယ်” ဇီယန် မှာ မကျေမနပ်ပြောသည်။

သူမသည် ကျန်းဟန်အား ခဲအို ဟု ခေါ်လေ့ရှိသည်။ အမှန်တကယ်တွင်တော့ သူမနှင့် ကျန်းဟန်မှာ စုံတွဲများမဟုတ်သေးချေ။

ကောင်တာတွင်ရှိနေသည့် ကျန်းလီသည် ပိုက်ဆံကို အံဆွဲတစ်ခုထဲထည့်ကာ ဆိုဖာဆီလျှောက်လာရင်း "အစ်ကို ၈ နာရီ ခွဲတော့မှာ။ ငါ မလုပ်သွားတော့မယ်"

"အင်း။ ဒါဆိုသွားတော့လေ။ ကားကို ဖြေးဖြေးမောင်းနော်"

ကျန်းဟန် ခေါင်းညိတ်၏။

"အင်းပါ အင်းပါ။ ငါသွားတော့မယ်။ ဖေးဖေး၊ ယောင်းမ၊ မုန့်မုန့် ငါသွားတော့မယ်နော်"

ကျန်းလီသည် အားလုံးအား နှုတ်ဆက်လိုက်သည်။

"နေဦး ငါလည်းပြန်တော့မယ်။ ငါ့ကိုပါ ခေါ်သွားပေး" ၎င်းကို ကြားသည်နှင့် ကျိုးဖေးက ကမန်းကတမ်းဝင်ပြောသည်။

"အစ်မယန် နင့်ဟာနင် ဒီမှာနေလို့ရတယ်။ နင့်ဘေးမှာ အိပ်ရတာ ငါတော်တော်ပင်ပန်းလွန်းလို့"

ကျိုးဖေးသည် တစ်ယောက်တည်း အိပ်လေ့ရှိသည်။ သူမသည် အအိပ်ကြမ်းသူဖြစ်သည်။ အခြားသူများနှင့် အိပ်ရာတစ်ခုတည်း အိပ်ရသည်မှာ အဆင်မပြေ။

“ဒီမှာ ကိုယ့်ဟာကိုယ် နေရမှာလား?”

ဇီယန်မှာ ခဏလောက် ကြောင်အ သွားပြီး မကြာမီတွင် စိတ်လှုပ်ရှားလာကာ ရှက်ရွံ့သွားသည်။

ဒီမှာ ငါ့ဟာငါ အိပ်ရမှာလား? အလုပ်က ဘယ်လိုလုပ်မှာလဲ?

အကြောင်းပြချက် ရေရေရာရာ မရှိဘဲ ငါက ဒီမှာ ဘယ်လိုလုပ်နေရမှာလဲ?

မရဘူး မရဘူး ဘယ်လိုမှ မဖြစ်ဘူး။ ကျန်းဟန်ကိုယ်တိုင်က ငါ့ကို မလိုက်သေးဘူး

ဇီယန်သည် ခဏလောက် တွေးတောနေရင်း ကျန်းဟန်အား တိတ်တိတ်လေး အကဲခတ်နေသည်။ ထို့နောက် တွန့်ဆုတ်စွာဖြင့်

“မနက်ဖြန် မနက်ကျရင် အလုပ်သွားရဦးမှာဆိုတော့...ကျွန်မ...ကျွန်မလည်း ပြန်လိုက်မယ်”

-အပိုင်း(၁၀၈) ပြီး

wunzinnosp

## အပိုင်း(၁၀၉) နှိုင်းယှဉ်မှုဆိုတာ မခံချိမခံသာဖြစ်စရာပဲ

ပုံမှန်ဆိုလျှင် ဘာလုပ်မယ်၊ ဘယ်သွားမယ်၊ ဘယ်မှာစားမယ် အစရှိသည်တို့ကို ဆုံးဖြတ်ချက်ချရမည့်သူမှာ ဇီယန်ဖြစ်သည်။

ယခုမူ ဇီယန်မှာ သူမစိတ်ကို သူမ မပိုင်တော့သလို၊ ပါးပြင်ပေါ်တွင်လည်း နေရခက်သောအမူအရာတို့ ဖြစ်ပေါ်လာသည်။ သူမ ဘာလုပ်မလဲ မသိတော့။ နေသင့်သလား? ပြန်သင့်သလား?

"ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး။ မေမေ မေမေ့ကို ပြန်ခွင့်မပြုဘူး။ မေမေ သမီးနဲ့ အတူတူနေရမယ်"

မုန့်မုန့်သည် ချက်ချင်းပင် နှုးညံ့ကာ ချစ်စဖွယ်ကောင်းသည့် အမူအရာလေးဖြင့် ပြောသည်။ သူမလေး၏ မျက်လုံးရွဲကြီးများမှာ မပြန်စေလိုခြင်းများ ပြည့်နေ၏။ မင်းသမီးလေးမှာ သူမ၏မေမေအား ပြန်မသွားစေချင်။

"ကောင်းပါပြီ။ ညည်းမေမေက ညည်းနဲ့ ဒီမှာပဲ နေလိမ့်မယ်"

ကျိုးဖေးသည် တခစ်ခစ်ရယ်မောကာ

"အစ်မယန် ငြင်းမနေနဲ့တော့။ ဒီမှာနေရတာက ကိစ္စကြီးကြီးမားမားကြီးလည်း မဟုတ်ပါဘူး"

ယခုတွင် ကျိုးဖေးသည် ဇီယန်အား ဤနေရာတွင် နေထိုင်ခြင်းက ကောင်းမွန်သည်ဟု ယူဆထားသည်။ အကြောင်းမှာ သူမသည် ယခင်နှင့် မတူတော့ဘဲ ဇီယန်နှင့် ကျန်းဟန်အား အတူတူရှိနိုင်ရန် မျှော်လင့်ထားသောကြောင့်ပင်။ တစ်ချိန်က ကျိုးဖေးသည် ဇီယန်၏ရှေ့တွင် ကျန်းဟန်အား မကောင်းပြောခဲ့ပေသည်။

"ငါ..."

ဇီယန်မှာ အနည်းငယ် ရှက်သွားသည်။ သူမ၏ ပါးပြင်မှာ နူးညံ့ကာ ရှက်သွေးဖြာ နီရဲနေသဖြင့် တစ်မျိုးလေး ဆွဲဆောင်မှုရှိနေသည်။

ကျိုးဖေးသည် သူမ၏အမူအရာကို မြင်သည်နှင့် ဇီယန် ရှက်နေမှန်း သိလိုက်သည်။ ထို့ကြောင့် ခဏလောက်စဉ်းစားကာ

"အိုက်ယား အစ်မယန်၊ အိပ်ခန်းအကြီးထဲမှာ အစ်မနဲ့ မုန့်မုန့် အတူတူအိပ်လို့ရတယ်။ ခဲအိုက ဒုတိယ အိပ်ခန်းမှာ လာအိမ်လို့ရတာပဲ။ ဘာမှ အဆင်မပြေစရာမရှိပါဘူး"

"မဖြစ်နိုင်ဘူး"

ဇီယန်မှာ ခေါင်းခါနေဆဲပင်။

"ဒီနေ့ ယွမ်ရင်ဥယျာဉ်ကို ပြန်တာ ပိုကောင်းမယ်။ ဒီမှာ မုန့်မုန့်အတွက် အဝတ်အစားမလောက်တော့ဘူး။ အဝတ်အစားနည်းနည်းလောက် ပြန်ယူရမယ်။ မုန့်မုန့်ကလည်း ဒီမှာ အချိန်တစ်ခုလောက် နေရဦးမယ်လို့ ငါထင်တယ်"

ကျန်းဟန်သည် မုန့်မုန့်အား အစားအသောက်ကောင်းများ ချက်ပြုတ်ကျွေးရန် ဆန္ဒရှိရုံသာမက မုန့်မုန့်အား ဂရုတစိုက် ပြုစုပေးသည်ကို သူမ အံ့အားသင့်မိသည်။ ထို့ပြင် မုန့်မုန့်အား ကလေးထိန်းနှင့် ထားသည်ထက် သူမ၏ဖခင်ကိုယ်တိုင် ပြုစုစောင့်ရှောက်သည်က သူမကို ပို၍ စိတ်ချစေသည်။

သူမကိုယ်တိုင်အတွက်တော့ ကျန်းဟန်နှင့် သူမ၏ ဆက်ဆံရေးမှာ မရေရာသေး။ ထို့ကြောင့် ဤနေရာတွင် နေထိုင်ရန်မှာ သူမအတွက် မဖြစ်နိုင်။

ကျန်းဟန်သည် သူမ၏စကားကိုကြားသည်နှင့် ခေါင်းညိတ်လိုက်သည်။

"အဲ့ဒါလည်း အဆင်ပြေပါတယ်"

ဇီယန်က မုန့်မုန့်အား သူနှင့်အတူတူနေခွင့်ပေးရန် ကတိပြုနေသ၍ သူ့အတွက် အားလုံးအဆင်ပြေပေသည်။ အခြားမည်သည့်အတွေးမျှ သူ့တွင်မရှိချေ။

ထို့ကြောင့် သူတို့အားလုံးမှာ စားသောက်ဆိုင်မှ ထွက်လာကြသည်။ ကျန်းဟန်သည် ဇီယန်၊ မုန့်မုန့်နှင့် ကျိုးဖေးတို့နှင့်အတူတူ ကားမောင်းခဲ့ပြီး၊ ကျန်းလီက ရှေ့ဆုံးမှ မာစီရာတီ ကို မောင်းနှင်သည်။

တစ်စီး၏ဦးတည်ရာမှာ ကော့စ်ဝေးပင်လယ်ကွေ့ဖြစ်ပြီး နောက်တစ်စီးမှာ အရှေ့ပိုင်းခရိုင်ဖြစ်သည်။ ထို့ကြောင့်

လခြမ်းပင်လယ်ကွေ့မှ မောင်းထွက်သည်နှင့် ကားနှစ်စီးမှာ လမ်းခွဲကာ သီးခြားစီ မောင်းနှင်သွားကြသည်။

ကျန်းလီသည် ကားပေါ်တွင် လက်ရှိ ရေပန်းစားနေသော EDM သီချင်းကို ဖွင့်ထားသည်။ မြူးကြွသည့် စီးချက်အတိုင်း သူမ၏ခေါင်းကို လိုက်၍ ညိမ့်နေ၏။ အစ်ကိုဖြစ်သူဝယ်ပေးထားသည့်ကားကို မောင်းနှင်ရင်း အင်ဂျင်သံကို နားထောင်ရသည်မှာ သူမအား ပျော်ရွှင်စေသည်။

သူမနေထိုင်ရာ တိုက်ခန်းသို့ ပြန်ရောက်သည့်အခါ သစ်သီးအိန်ကို ကိုင်လာသော လီအန်းနာနှင့် တွေ့ဆုံ၏။

အောက်ရှိ အသစ်စက်စက် Maserati GT ရုတ်တရက် တွေ့လိုက်ရသည့်အခါ လီအန်းနာမှာ အနည်းငယ် စပ်စုချင်သွားသည်။

ဧည့်ခံကားများမှာ မည်သည့်နေရာရောက်ရောက် အာရုံစိုက်မှုကို ရရှိသည်က ပုံမှန်ပင်။ သို့သော် ကျန်းလီမှာ အေးဆေးစွာပင် ဆင်းလာပြီး တိုက်ခန်းတံခါးဆီသို့

အိမ်ခြေရှရှလျှောက်လာသည်ကို တွေ့သည်အခါ သူမ အနည်းငယ် အံ့သြသွားသည်။

“လီလီ”

လီအန်းနာ ကျန်းလီကို ချက်ချင်း လှမ်းခေါ်လိုက်သည်။

“အမ်?”

လီအန်းနာကိုမြင်သည်နှင့် ကျန်းလီပြုံးကာ “အန်နာ၊ အသီးတွေ သွားဝယ်လာတာလား?”

“အင်း”

လီအန်းနာ သူမဆီအမြန်လျှောက်သွားပြီး “လီလီ နင့်ရဲ့ကားက…”

“အစ်ကို ငါ့ကို ဝယ်ပေးတာ” ကျန်းလီမှာ အလွန်ဂုဏ်ယူစွာပြောသည်။

တစ်ချိန်က သူမတွင် သန်းပေါင်းများစွာတန်သည့် ဇိမ်ခံကားများရှိခဲ့သော်လည်း ထိုကားများမှာ သူမအား

ဤမျှမပျော်ရွှင်စေခဲ့။ ဤကားမှာ သူမ၏ အစ်ကိုဖြစ်သူ ဝယ်ပေးသည့်အတွက် သူမအား ပြုံးပျော်နေစေခဲ့သည်။

"အစ်ကိုကျန်းဟန်လား?"

လီအန်းနာသည် လျှာကိုထုတ်ကာ "အစ်ကိုကျန်းဟန်က အရမ်းချမ်းသာတာပဲ"

"ဟေး ငါ့အစ်ကိုက ပိုက်ဆံရှာတဲ့နေရာမှာ အရမ်းတော်တယ်။ ဒီကားကို ရက်ပိုင်းအတွင်းရတဲ့ ဝင်ငွေနဲ့ သူဝယ်ပေးတာ"

ကျန်းလီမှာ ပြုံးကာ ပြန်ပြောသည်။

"ဟမ်?"

လီအမ်နာ အံ့သြသွားသည်။

ဒေါ်လာသန်းချီတန်သည့်ကားတစ်စီးကို ရက်ပိုင်းအတွင်း ရတဲ့ ဝင်ငွေနဲ့ ဝယ်ခဲ့တာလား?

ဤသည်က ထူးချွန်ကျောင်းသူတစ်ယောက်ဖြစ်သည့် သူမအား အံ့သြပြီးရင်း အံ့သြသွားစေသည်။ ဘွဲ့ရပြီးနောက် သူမအတွက် တစ်လကို ယွမ် ၅ သောင်းကျော်ရပြီး တစ်နှစ်လျှင် ယွမ် ၆ သိန်းကျော်ရရှိသည်။ သူမအတွက် ထိုကား ဝယ်ရန် ငါးနှစ်ခန့် အချိန်ယူရပေမည်။ ထို့ပြင် ၎င်းက နေရေးထိုင်ရေး စားသောက်ရေး စားရိတ်မပါသေးပေ။ ဟောင်ကောင်တွင် နေထိုင်စားသောက်ရေးအတွက် ကုန်ကျစရိတ် မနည်းလှကြောင်း သူမသိသည်။

“နင့်အစ်ကိုက ဘာလုပ်တာလဲ။ နှစ်ရက်လောက်နဲ့ ဝင်ငွေဘယ်လောက်ရလဲ?”
လီအန်းနှာ စိတ်ဝင်တစားဖြင့် မေးသည်။

“သူက စားသောက်ဆိုင်ပိုင်ရှင်လေ”

ကျန်းလီသည် ထိုအကြောင်းကို ပြောသည်နှင့် စိတ်ခါတ်တက်ကြွလာပြီး သူမ၏မျက်လုံးများက တောက်ပလာသည်။

"အန်နာ။ ငါ့အစ်ကိုချက်ပြုတ်ထားတဲ့ ဟင်းတွေက ဘယ်လောက်တောင် အရသာရှိလဲဆိုတာလေ စိတ်ကူးယဉ်ကြည့်လို့တောင် မရဘူး။ ဘယ်လိုပြောရမလဲ... အဲ.....ပြောမပြတတ်လောက်အောင်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နာမည်ကြီး စားဖိုမှူးတွေ ချက်ထားတဲ့ ဟင်းထက်တောင် ပိုကောင်းတယ်"

"ဒါပေမဲ့ စားသောက်ဆိုင်တစ်ဆိုင်က ရက်နည်းနည်းလေးနဲ့ ဒေါ်လာသန်းချီပြီး ရှာဖို့မဖြစ်နိုင်ပါဘူး" လီအန်းနာ ဝင်ပြောသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ? ထိပ်ဆုံး အဖွဲ့ဝင်ကတ် ၁၀ ကတ်က တစ်ကတ်ကို ယွမ် ၁ သန်းနဲ့ ရက်ပိုင်းအတွင်း ရောင်းထွက်သွားတာ။ အဲ့ ၁၀ ကတ်နဲ့တင် သူ ၁၀ သန်းရခဲ့ပြီးပြီ။ နောက်ကတ်တွေက တစ်ခုကို ယွမ် ၁၀ သန်းနဲ့မှ ရတော့မယ်။ ပြီးတော့ ငါ့အစ်ကိုရဲ့ စားသောက်ဆိုင်မှာ ထမင်း တစ်နပ်စာရောင်းတာနဲ့တင် ယွမ် ၃ သောင်း ကနေ ၄

သောင်းထိရတယ်။ အသားတင်အမြတ်နဲ့တင် တစ်လကို အနည်းဆုံး တစ်သန်းထိ ရှိတယ်” ကျန်းလီမှာ ဂုဏ်ယူစွာဖြင့် ပြောလေသည်။

သူမသည် သူ၏ညီမလေးဖြစ်နေသောကြောင့် အစ်ကိုဖြစ်သူအတွက် အလွန်ဂုဏ်ယူနေသည်။

“ဟမ်? ဘယ်လိုတောင် ဈေးကြီးတာ...”

ထိုအကြောင်းက သူမအား အနည်းငယ် ထိတ်လန့်သွားစေသည်။ လီအန်းနာသည် ဖျစ်ညှစ်ပြုံးလိုက်ပြီး “နင့်အစ်ကိုရဲ့ စားသောက်ဆိုင်က ဘယ်လိုစားသောက်ဆိုင်မျိုးလဲ? အဲ့မှာ ဘာတွေရလဲ?”

“အမ်....ကြက်ဥထမင်းကြော်နဲ့ ခေါက်ဆွဲပြုတ်ပဲ အခုလောလောဆည် ရတယ်။ ဒါနဲ့ ငါတို့သောက်နေတဲ့ နွားနို့က အရသာမရှိဘူးလား? ငါ့အစ်ကိုရဲ့ဆိုင်မှာဆိုရင် တစ်ခွက်ကို ယွမ် ၁၀၀ ကျတယ်” “ဘာပဲဖြစ်ဖြစ် အစားအသောက်တွေက

အရမ်းအရသာရှိတယ်။ နောက်တစ်ခေါက်ကျရင် နင့်ကို စားကြည့်ရအောင် ခေါ်သွားပေးမယ်”

“ကောင်းပြီ ကျေးဇူးပါ လီလီ” လီအန်းနာ ပြုံးကာ ပြန်ပြောသည်။ “အစ်ကိုကျန်းဟန်က တကယ်တော်တာပဲ။ နင့်မှာ ဒီလိုမျိုး အရမ်းကောင်းတဲ့ အစ်ကိုရှိတာ ငါအရမ်း အားကျတယ်။ ဒါနဲ့ နင် မုန့်မုန့်ရဲ့ အမေကို တွေ့ခဲ့သေးလား”

“အင်း”

ကျန်းလီသည် လီအန်းနာနှင့်အတူ ခုတ်လှေကားထဲသို့ လျှောက်သွားပြီး ခလုတ်ကိုနှိပ်ရင်း ပြန်ဖြေသည်။

လီအန်းနာ - “သူမက အရမ်းလှတဲ့သူပဲဖြစ်ရမယ်။ မုန့်မုန့်က အစ်ကိုကျန်းဟန်နဲ့ မတူဘူး။ သူက အမေတူတာပဲ ဖြစ်မယ်”

“သူမက လှရုံတင်မဟုတ်ဘူး။ ငါ့အစ်ကိုက အရမ်းအမြင်ရှိတာ။ ငါ့ရဲ့ ယောင်းမနဲ့ ပတ်သက်ပြီး ပြောရရင်

နင်သူမကို သိလောက်ပါတယ်” ကျန်းလီ မျက်နှာပေါ်တွင် လျှို့ဝှက်ဆန်းကြယ်သည့် အပြုံးဖြင့် ပြောလိုက်သည်။

“ငါသိတယ်လား? ဘယ်သူများလဲ?” လီအန်းနာ ပို၍ သိချင်လာသည်။

“သူမက...” ကျန်းလီမှာ စကားကို တစ်ဝက်တစ်ပျက်ဖြင့် အချိန်ဆွဲနေလိုက်သည်။

“အိုး အချစ်လေးရယ်။ ငါ့ကို ခန့်မှန်းခိုင်းမနေပါနဲ့တော့... မြန်မြန်ပြောပြပါ မြန်မြန်” လီအန်းနာ မှာ စိတ်မရှည်တော့။

“ဟင့်အင်း ငါမပြောပြဘူး” ကျန်းလီသည် မျက်စောင်းလေးထိုးကာ ခုတ်လေးကားထဲမှ ပြေးထွက်သွားသည်။ ထို့နောက် အခန်းတံခါးဖွင့်ကာ အဝတ်အစားလဲရန် အိပ်ခန်းထဲသို့ ဝင်သွားသည်။

လီအန်းနာမှာ သစ်သီးများကို စားပွဲပေါ်တင်ထားခဲ့ပြီး ကျန်းလီ၏အိပ်ခန်းထဲသို့ အမြန်ပြေးလိုက်သွားကာ ကျန်းလီအား ကုတင်ပေါ် ဆွဲပွေ့ကာ လုံချလိုက်သည်။ “နင်မပြောရင် ငါနင့်ကို သွားခွင့်မပေးဘူး”

“အို့..ငါ အလုပ်နောက်ကျလိမ့်မယ်။ ကောင်းပြီ ငါပြောပြပါ့မယ်”

“သူမက ဘယ်သူလဲ?” လီအန်းနာသည် ကျန်းလီအား စိုက်ကြည့်သည်။

“သူမက...” ကျန်းလီသည် ဤတစ်ကြိမ်တွင်တော့ သူမအား စနောက်မနေတော့ဘဲ ခန စကားစဖြတ်ကာ “ဇီယန်” ဟု ပြောလိုက်သည်။

“ဘယ်သူကြီးလဲ? ဇီယန်?”

လီအန်းနာသည် ရုတ်တရက် အံ့သြသွားသည်။ သူမသည် ထိုနာမည်နှင့် ရင်းနှီးသလိုရှိသော်လည်း ခဏလောက် အစဖော်မရဖြစ်နေသည်။

သူမ၏မျက်နှာကိုကြည့်ကာ ကျန်းလီက ပြန်၍ အစဖော်ပေးလိုက်သည်။

“လွန်ခဲ့တဲ့ နှစ်အနည်းငယ်က...”

လီအန်းနာမှာ ရုတ်တရက် သူမ၏စိတ်ထဲတွင် အတွေးတစ်ခု ဝင်ရောက်လာသည်။

“အာ! ဘုရားရေ! အစ်ကိုကျန်းဟန်ရဲ့ ဇနီးက ဇီယန်လား? မယုံနိုင်စရာပဲ။ ဖြစ်နိုင်ပါ့မလား?”

“ဘာလို့လဲ?”

ကျန်းလီသည် သူမအား စိုက်ကြည့်ကာ “ငါ့အစ်ကိုရဲ့ ရည်းစားဟောင်းတွေအကုန်လုံးက မိန်းမလှလေးတွေချည်းပဲ။ သူက ဇီယန်နဲ့ တွဲနေတော့ ဘာဖြစ်လဲ။ ငါ့အစ်ကိုက အရမ်းတော်ပြီးသားနော်....”

“အာ မဟုတ်ပါဘူး။ ငါ အဲ့လိုပြောချင်တာမဟုတ်ဘူး။ အစ်ကိုကျန်းဟန်က သေချာပေါက် အရမ်းတော်ပါတယ်” လီအန်းနာသည် လျှာလေးထုတ်ကာ “ငါ နည်းနည်း အံ့သြသွားရုံပါ။ ဇီယန်ဖြစ်လိမ့်မယ်လို့ မထင်ထားဘူးလေ။ သူမက အစ်ကိုကျန်းဟန်နဲ့ ကလေးတောင် ရနေပြီ”

“အာ…ရေးကြီးခွင်ကျယ်လုပ်မနေနဲ့တော့”

ကျန်းလီသည် နှုတ်ခမ်းလေးစူကာဖြင့် အဝတ်အစားဝတ်လိုက်သည်။ ပြီးနောက် မတ်တပ်ထရပ်ကာ “ငါ အလုပ်သွားတော့မယ်။ နင့်ဟာနင့်ပဲ ဒီမှာ အံ့သြနေတော့”

“အိုး အိုကေပါ” လီအန်းနာသည် စဉ်းစားနေဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ဇီယန်နှင့် ပတ်သက်သည့်အကြောင်းများမှာ သူမစိတ်ထဲတွင် ဝဲနေခဲ့သည်။ လွန်ခဲ့သည့် ငါးနှစ်ခြောက်နှစ်ခန့်က ဇီယန်သည် သူမ၏ အနုပညာအလုပ်တွင်

ထိပ်ဆုံးသို့ ရောက်ခါနီးအချိန်၌ ဖျော်ဖြေရေးလောကမှ ရုတ်တရက် အနားယူသွားသည်ကို သူမ ပြန်သတိရသည်။ ၎င်းမှာ လူတိုင်း နားမလည်နိုင်ခဲ့ကြချေ။ နောက်ပိုင်းတွင် ဇီယန်နှင့် ပတ်သက်သည့် သတင်း မကြားရတော့ဘဲ လူတိုင်းမှာ အခြားအနုပညာရှင်များကို တဖြည်းဖြည်း အာရုံစိုက်လာကြသည်။

ဖျော်ဖြေရေးနယ်ပယ်မှာ ငါးနှစ်အတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး မျိုးဆက်သစ် အနုပညာရှင်များ ထွက်ပေါ်လာရန် လုံလောက်ပေသည်။ ဇီယန်သည် ဖျော်ဖြေရေးလောကတွင် ရုပ်ရှင်ဘုရင်မ ဆုကို ရရှိခါနီး တစ်နှစ်ခွဲခန့်တွင် ပျောက်ကွယ်သွားခဲ့သည်။ အချို့လူများ၏အမြင်၌ အမှန်တကယ်ကို စိတ်မကောင်းစရာပင်။

နောက်တစ်နေ့မနက်တွင် ကျန်းဟန်သည် သူ၏ပန်ဒါကားလေးကို တစ်ယောက်တည်းမောင်းနှင်လာပြီး

ကျိုးဖေးသည် ဇီယန်၊ မုန့်မုန့်တို့နှင့် အတူ မာစီးဒီးကားကို မောင်းနှင်ခဲ့သည်။

စားသောက်ဆိုင်သို့ ရောက်ရှိချိန်တွင် မနက် ၇ နာရီ ၂၀ မိနစ် ရှိနေချေပြီ။

ထိုအချိန်တွင် လူအများအပြားမှာ တန်းစီနေကြပြီဖြစ်ပြီး လျှန်မုန့်ချီနှင့် ကျောက်ဖုန်းတို့မှာ တံခါးရှေ့တွင် တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြသည်။

နောက်ဆုံးတွင် လူတိုင်း၏မြင်ကွင်းအောက်၌ ကျန်းဟန်၏ကားကို မြင်လိုက်ရသည်။

"ဟမ်? မာစီးဒီးက ဘာလို့ သူ့နောက်လိုက်လာတာလဲ?" ယူချင်းချင်းသည် စိတ်ဝင်တစားပြောသည်။

"မနေ့က သူဌေး အပြင်ထွက်သွားတာလား?" ကျောက်ဒါပဲ့မှာ အတင်းတုတ်လေသည်။

"အဲ..နောက်က ကားက သူဌေးကတော် ရဲ့ကားလား? သူမ ဒီနေ့ ဒီကိုလာတာလား?"

"ဖြစ်နိုင်တယ်"

ကျောက်ဖုန်း ခေါင်းညိတ်သည်။

"အင်း...ဒါဆိုရင် ငါရဲ့မျက်လုံးနဲ့ သူဌေးကတော်ကို မြင်နိုင်ပြီပေါ့"

လျန်မုန့်ချီမှာ မာစီးဒီး၏ဦးတည်ရာဆီသို့ တည့်တည့်စိုက်ကြည့်နေသည်။

ကျန်းဟန်သည် ပထမဆုံးဆင်းလာပြီး ခဏစောင့်လိုက်သည်။ ခဏအကြာတွင် မာစီးဒီး တံခါးပွင့်လာသည်။

လူတိုင်းမြင်ဖူးပြီးသားဖြစ်သည့် ကျိုးဖေးသည် ကားပေါ်မှဆင်းလာသည်။ သို့သော် ကားနောက်ခန်းတွင်တော့။

ဖြူဖွေးသွယ်လျသော ခြေတံလေးတစ်ချောင်းက အရင်ဆုံး ထွက်ပေါ်လာသည်။ ထိုအမျိုးသမီးသည် အလွန်လှပသည့် ကောက်ကြောင်းရှိရမည်ဟု သူမ၏ခြေတံလေးများကိုကြည့်ကာ ကောက်ချက်ချနိုင်သည်။ မကြာမီတွင် မြင်ကွင်း၌ ထွက်ပေါ်လာပြီး အပြာနုရောက်ဂျင်းဘောင်းဘီအတိုနှင့် ရိုးရှင်းကာ လှပသည့် အဖြူရောင်တီရှပ်ကို ဝတ်ဆင်ထားသည့် ခန္ဓာကိုယ် ကောက်ကြောင်းလှလှလေးကို လူတိုင်း မြင်လိုက်ရသည်။

ထိုအလိုက်တွင် လူအုပ်ကြီးမှာ အာမေဋိတ်သံများ ထွက်ပေါ်လာသည်။

"လှလိုက်တာ"

"အရမ်း ကျက်သရေရှိတာပဲ"

မကြာမီပင် သူဌေးကတော်မှာ ကားပေါ်မှ ဆင်းလာသည်။ လူတိုင်း လှမ်းကြည့်လိုက်သည့်အခါ နူးညံ့သိမ်မွေ့သော လည်တိုင်လေးကို တွေ့လိုက်ရသည်။ သူမ၏ပါးလျကာ

ဆွဲဆောင်မှုရှိသော အနီရောင်နှုတ်ခမ်းလေးများ၊ အပြစ်ကင်းစင်လှသည့် ပါးလေးနှစ်ဖက်၊ သေးငယ်သော်လည်း လက်ရာမြောက်လှသည့် နှာတံနှင့် နားရွက်လေးများအားလုံးသည် "အလှတရား" ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်ကို ဖော်ကျူးနေသည်။

နည်းနည်းလောက် ထပ်ကြည့်လိုက်သော်လည်း သူတို့ ဘာမှ မမြင်ရတော့ပေ။ သူမ၏မျက်လုံးများအား ခပ်နိမ့်နိမ့် ဦးထုပ်ဖြင့် ဖုံးကွယ်လိုက်သဖြင့် လူတိုင်းမှာ စိတ်ဓာတ်ကျသွားကြသည်။

"သူမက အရမ်းလှတာပဲ" ယူချင်းချင်းမှာ ငေးမောနေရင်း ပြောသည်။

"အမှန်ပဲ" ကျောက်ဖုန်းသည်လည်း ရိုးရှင်းစွာ တုံ့ပြန်သည်။

သူငွေးကတော်မှ မလှရင် ဘယ်သူကများ လှဦးမှာလဲ?

မကြာမီပင် မုန့်မုန့်အား ချီထားသော သူဌေးကတော်သည် နာခံကျိုးနွံသည့် ဇနီးလိမ္မာလေးကဲ့သို့ ကျန်းဟန်နောက်မှလိုက်ကာ စားသောက်ဆိုင်တံခါးဆီလျှောက်ကြသည်။

"မောနင်းပါ သူဌေး၊ မောနင်း မုန့်မုန့်" လျန်မုန့်ချီသည် လျင်မြန်စွာဖြင့် ပထမနှစ်ယောက်အား နှုတ်ဆက်လိုက်သည်။ ထို့နောက် ဇီယန်ထံသို့ စိုက်ကြည့်ကာ "မောနင်းပါ သူဌေးကတော်"

မျက်လုံးများသည် စိတ်၏ပြတင်းပေါက်ဟုဆိုကြသည်။ ထို့ကြောင့် မျက်လုံး၏လှပမှုသည် အလွန်အရေးပါပေသည်။ သူမသည် နှုတ်ဆက်စကားပြောသည်မှာ ဇီယန်၏ မျက်နှာကို အပြည့်အဝ တွေ့ချင်မိ၍ဖြစ်သည်။

ဇီယန်သည် ခေါင်းကို မော့လိုက်သည်။ လျန်မုန့်ချီကို စူးစိုက်ကြည့်ရင်း သူမ၏မျက်လုံးမှားမှာ တလက်လက် တောက်ပနေသည်။ သူမသည် မိန်းမတို့၏ဆဋ္ဌမအာရုံအရ

ထိုမိန်းကလေးမှာ မုန့်မုန့်ပြောသည့် အစ်မကြီး ဖြစ်ကြောင်း သိလိုက်သည်။ ကျန်းဟန်ကို ချစ်နေသည့် ကောင်မလေးပင်။

ဇီယန်က လျန်မုန့်ချီအား တောက်ပသည့်မျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူမသည် ရှားရှားပါးပါး ပြုံးပြလိုက်ပြီး “ဟဲလို” ဟု ပြန်နှုတ်ဆက်၏။

ရိုးရှင်းသည့် စကားလေးတစ်ခွန်းက သူမ၏ သာယာချိုမြန်သော အသံကို ထုတ်ဖော်လိုက်သည်။

လျန်မုန့်ချီသည် ဇီယန်၏မျက်လုံးများကို တွေ့လိုက်ရသည်နှင့် စိတ်အခြေအနေမှ လုံး၀ ထိုးကျသွားသည်။

သူမ၏မျက်လုံးများမှာ ကြည်လင်တောက်ပနေ၏။

ထိုအခိုက်အတန့်တွင် လျန်မုန့်ချီသည် သူမ ရှုံးနိမ့်သွားကြောင်း ခံစားလိုက်ရသည်။ သူမသည် ရုပ်ရည်သွင်ပြင်၌ သူဌေးကတော်နှင့် အမုန်တကယ်

မယှဉ်နိုင်ပေ။ ထိုအတွေးကြောင့် အနည်းငယ် စိတ်ပျက်သွားမိသည်။

ကံကောင်းစွာဖြင့်ပင် ဇီယန်သည် နှုတ်ဆက်ပြီးသည်နှင့် ကျန်းဟန်နှင့်အတူ ဆိုင်ထဲသို့ လိုက်သွားခဲ့သည်။

"ငါတို့လည်း အထဲဝင်ကြရအောင်" ကျောက်ဒါပဟူသည် လျန်မုန့်ချီအား နားလည်ပေးနိုင်သောကြောင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအချိန်တွင်ပင် ဘေးတွင်ရက်နေသည့် ယူချင်းချင်းကာ စိတ်ခတ်ကျသည့်လေသံဖြင့်
"နင်တို့ကြားလိုက်ကြလား? သူ့ဌေးကတော်ရဲ့ အသံက ကြည်လင်ပြီး ချိုနေလိုက်တာ။ ဟင်း....ငါတို့နှစ်ယောက်လုံးက မိန်းကလေးတွေပဲလေ။ ဘာလို့ သူမအသံကျ နတ်သမီးလေးရဲ့ အနမ်းလို ချိုမြနေပြီး ငါ့အသံကျ

ခွေးကိုက်ခံရတဲ့အသံပေါက်နေရတာလဲ။ နှိုင်းယှဉ်မှုဆိုတာ မခံချိမခံသာဖြစ်စရာပဲ”

-အပိုင်း(၁၀၉) ပြီး

wunzinnosp

## အပိုင်း(၁၁၀) လီဖန်းရောက်လာပြီ

“ဘာမှ အားမငယ်ပါနဲ့ ချင်းချင်းရယ်၊ ကိုယ်က မင်းရဲ့ အသံဆိုးလေးကို သဘောကျပါတယ်” ကျောက်ဒါပဲဟူသည် ယူချင်းချင်း၏ပုခုံးအား ညင်သာစွာတင်ရင်း ပြောလိုက်သည်။

“သွားစမ်းပါ!”

ယူချင်းချင်းမှာ ပုခုံးပေါ်မှ ကျောက်ဒါဟူ၏လက်အား ရိုက်ချလိုက်သည်။ သူမ အားကုန်မသုံးလိုက်သော်လည်း ကျောက်ဒါဟူမှာ နောက်သို့ ယိုင်သွား၏။

"အား....ဘာလို့ ငါ့ကို ရိုက်တာလဲ" ကျောက်ဒါဟူမှာ သနားစဖွယ် ပြောသည်။

"အရူးကောင် နင်က အရိုက်ခံသင့်တယ်လေ" ယူချင်းချင်းသည် လက်သီးကို ဖေ့ယမ်းကာ စားသောက်ဆိုင်ထဲသို့ ဝင်သွားသည်။

လူအုပ်ကြီးသည် စားသောက်ဆိုင်ထဲသိုဝင်ကာ ထိုင်လိုက်ကြသည်။ လျန်မုန့်ချီသည်တော့ အနည်းငယ် စိတ်နှင့်ကိုယ်နှင့် မကပ်ဖြစ်နေ၏။ သူမ ရုပ်ရည်အရ ရှုံးနိမ့်သွားသည်ကို ဝန်မခံချင်သော်လည်းပဲ မုန့်မုန့်၏အမေမှာ သူမထက် ပို၍ လှပကြောင်း ရှင်းရှင်းလင်းလင်းသိလိုက်သည်။

"ဟင်း..."

လျန်မုန့်ချီမှာ ဇီယန်၏ မျက်လုံးလှလှလေးများကို စိတ်ထဲတွင် မြင်ယောင်ရင်း သက်ပြင်းချလိုက်သည်။

“သူမက အရမ်းလှတာပဲ....” လျန်မုန့်ချီမှာ နှုတ်ခမ်းစူလိုက်၏။

“မင် ဘယ်သူ့အကြောင်းပြောနေတာလဲ” ယူချင်းချင်းမှာ ကြောင်သွားသည်။

“သူ့ဌေးကတော်လေ။ သူမက ငါ့ထက် အများကြီး ပိုလှတယ်”

လျန်မုန့်ချီ အနည်းငယ် စိတ်ဓာတ်ကျသည့် လေသံဖြင့် ဖြေသည်။

“အင်း ငါ ခုဏက သေချာမမြင်လိုက်ရဘူး။ သူမက အရမ်းလှတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပုံပဲ” ယူချင်းချင်း ထောက်ခံလိုက်သည်။

"နင်လည်း သူမက ငါ့ထက်ပိုလှတယ်လို့ ထင်တယ်မလား?"

လျန်မုန့်ချီ နှုတ်ခမ်းကို စူလိုက်သည်။

"အာ..." ယူချင်းချင်း ပြုံးကာ "တကယ်တော့ မဟုတ်ပါဘူး"

သူမ ရှင်းပြတော့မည်အချိန်တွင် တစ်ဖက်ရှိ ကျောက်ဖုန်းက ခပ်တိုးတိုး ချောင်းဟမ့်လာသည်။ လျန်မုန့်ချီ၏ စိတ်ခံစားချက်ကျနေမှုကို သူ မမြင်လိုသော်လည်း တစ်ချိန်တည်းမှာပင် သူ ပျော်ရွှင်မိသည်။ အကြောင်းအရင်းကား.....သိသာပေသည်။

ထို့ကြောင့် သူ ဝင်ဖြေလိုက်သည်။ "မုန့်ချီ မင်းလည်း အံ့သြလောက်အောင် လှပါတယ်။ သူ့ဒွေးကတော်က လှတယ်ဆိုပေမဲ့ သူမက လူတိုင်းကို ဆွဲဆောင်နိုင်တယ်လို့ မဆိုလိုဘူးလေ။ တစ်ချို့လူတွေရဲ့

အမြင်မှာ မင်းက သူမထက်ပိုပြီး လှတယ်လို့ ထင်ကောင်းထင်နိုင်တာပဲ”

“တကယ်လား?”

လျန်မုန့်ချီ၏ စိတ်အခြေအနေမှာ အတိုင်းအတာတစ်ခုအထိ သက်သာရာရသွားသည်။

“တကယ်ပေါ့။ ကိုယ့်အမြင်မှာ မင်းက သူ့ထက်ပိုပြီး ပိုလှတယ်” ကျောက်ဖုန်း ခေါင်းညိမ့်လိုက်သည်။

“အဲ့ဒါ ရှင့်ကိစ္စမဟုတ်ဘူး။ ရှင်က စိတ်ရှုပ်စရာကောင်းလိုက်တာ” လျန်မုန့်ချီမှာ သူ့အား မျက်စောင်းထိုးလိုက်၏။

ကျောက်ဖုန်း ရှက်ရွံ့သွားပြီး ပြုံးကာ ခေါင်းယမ်းလိုက်သည်။

သို့သော် သူ နှစ်သိမ့်ပေးလိုက်ပြီးနောက် လျန်မုန့်ချီမှာ ပို၍ သက်တောင့်သက်သာရှိသွားသည်။ ရုတ်တရက် သူမသည် စိတ်လှုပ်ရှားသွားပြီး
"အမ်? ဘာလို့ ငါ သူဌေးကတော်ကို ရင်းနှီးနေရတာလဲ? သူမကို တစ်နေရာရာမှာ တွေ့ဖူးသလို ခံစားရတယ်။ ချင်းချင်း နင်ရော မထင်ဘူးလား?"

"ဟင့်အင်း"
ယူချင်းချင်းက တုံးတိပင် ဖြေသည်။

"အရမ်း စိတ်လှုပ်ရှားမနေပါနဲ့ မုန့်ချီရယ်။ သူဌေးကတော်နဲ့ ဆင်တဲ့ မိန်းမလှလေးတစ်ယောက်ကို နင်တွေ့ဖူးလို့ ဖြစ်မှာပါ"
ကျောက်ဒါပာ ဝင်ပြော၏။

"အင်း...ဟုတ်လောက်တယ်..."
လျန်မုန့်ချီ တိုးတိုးလေး ပြောသည်။

သူမ သူဌေးကတော်၏မျက်နှာကို သေချာမမြင်လိုက်ရသော်လည်း တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်းဆုံလိုက်မိချိန်၌ သူမ၏တောက်ပသည့် မျက်လုံးဝိုင်းကြီးများကို မှတ်မိနေခဲ့သည်။

ကျောက်ဖုန်းမှာ ခေါင်းယမ်းကာ ပြုံးနေသည်။

လျှန်မုန့်ချီသည် သေချာပေါက် သူဌေးကတော်နှင့် ရင်းနှီးပေသည်။ နောက်ဆုံးတွင်တော့ သူဌေးကတော်မှာ ထိုနှစ်များက နာမည်ကြီးခဲ့သော ဇီယန်ပင် မဟုတ်ပါလား။ လျှန်မုန့်ချီ သူမနှင့် မရင်းနှီးမှသာ ထူးဆန်းနေပေမည်။

စားသောက်ဆိုင်ရှိ မနက်စာမှာ ပုံမှန်အတိုင်းပင်။

လူများက တစ်ယောက်ပြီးတစ်ယောက် တန်းစီနေကြပြီး ကျန်းဟန်သည်ကား မီးဖိုချောင်ထဲတွင် မနက်စာ ချက်ပြုတ်နေသည်။

ထို့ပြင် စွန်းမင်သည် မုန့်မုန့်အတွက် လက်ဆောင်များ နေ့စဉ်ယူလာပေးသောကြောင့် မုန့်မုန့်သည် ဤခြင်ဖို့ကောင်းသည့် ဦးလေးကြီးအား ချစ်ခင်ရင်းနှီးလာသည်။

ဝမ်ချမ်းနှင့် ဂူလီယင်တို့သည်လည်း ထမင်းစားချိန်တိုင်း လာကြ၏။ ထိုနေ့က သူတို့၏မြေးကို ခေါ်လာသည်မှလွဲ၍ အခြား မည်သူ့ကိုမျှ ခေါ်မလာခဲ့ပေ။

အများဆုံး ပြောင်းလဲသွားခဲ့သူမှာ စွန်းဒုန်ဟမ်ပင်။ လက်ရှိတွင် သူသည် ကုမ္ပဏီ၌ အလုပ်ကြီးစားနေပြီး အားလပ်သည့်အချိန်တိုင်း စွန်းမင်နှင့် ပါလာတတ်သည်။ သူ့ဘဝ နောက်ဆုံးအချိန်ကာလတွင် သားဖြစ်သူ၏ အပြောင်းအလဲကို မြင်တွေ့လိုက်ရ၍ စွန်းမင်မှာ အလွန် ဝမ်းသာနေ၏။

သို့သော် ယနေ့တွင် စွန်းမင်ထက် ပို၍ ပျော်ရွှင်ဝမ်းသာနေသော အခြားလူနှစ်ယောက် ရှိနေသေးသည်။

သူတို့သည်ကား ကျန်းဟန်၏ စားသောက်ဆိုင်သို့ သွားနေကြသည့် လီဖန်းနှင့် ရွှယ်ချမ် တို့ပင်။

“ဒီဝတ်စုံဝတ်သင့်လား? ဒါက သာမန်ဆန်နေမလား?” ရွှယ်ချင်မှာ ပေါ့ပေါ့ပါးပါး အနက်ရောင် ဝတ်စုံကို ဝတ်ထားရင်း မေးလိုက်သည်။

“ရပါပြီ။ ဒါက တော်တော်ကောင်းပါတယ်” လီဖန်မှာ ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေကာ “ငါ့ရဲ့ အသစ်ဝယ်လာတဲ့ ဝတ်စုံကရော အဆင်ပြေရဲ့လား? ဒီလည်စည်းအပြာနဲ့ လိုက်တယ်လို့ ထင်လား?”

“အဆင်ပြေပါတယ်။ ကိုးနာရီတောင်ထိုးတော့မယ်။ အခု သွားကြရတော့မလား”

“သွားကြမယ်”

သူတို့နှစ်ယောက်မှာ ဘလိုင်းဒိတ် သွားတွေ့တော့မလို သေသေချာချာ အလေးအနက်ထားကာ

ဝတ်ဆင်ထားကြသည်။ ထို့နောက်တွင်တော့ အနက်ရောင် လန်းရိုဗာ ကားလေးကို မောင်းကာ ကျန်းဟန်၏ စားသောက်ဆိုင်ဆီသို့ ဦးတည်လိုက်ကြ၏။

"ငါတို့ ရောက်ခါနီးပြီ။ စားသောက်ဆိုင်က အရှေ့ ညာဘက်မှာ။ ကြည့်လိုက်ဦး အဲ့မှာ စားသောက်ဆိုင်ရှိတယ်။ မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင်။ အဲ့ဟာပဲ"

လီဖန်းသည် ကားကို စားသောက်ဆိုင်ရှေ့ရှိ ကားပါကင်နေရာသို့ မောင်းသွားသည်။

"သေစမ်း!"

ကားပေါ်မှ ဆင်းခါနီးတွင် ရှယ်ချမ်မှာ ကိုယ့်နဖူးကိုယ် ခပ်ပြင်းပြင်း ရိုက်လိုက်သည်။

"ဘာဖြစ်တာလဲ?"

လီဖန်းမှာ ခဏလောက် ကြောင်သွားသည်။

“ငါတို့ ဒီကို ပထမဆုံးလာတာ လက်ဆောင်ဝယ်လာသင့်တယ်မလား?”

“အာ?ဟုတ်သားပဲ...ဒါပေမဲ့....မစ္စတာကျန်းက ဘာကြိုက်တတ်လဲ သူ့ဆီဘာယ်လိုပို့ရမလဲ ငါတို့ မသိဘူး” လီဖန်း ခဏတာ တုံ့ဆိုင်းနေပြီး “ဘာလို့ သစ်သီးမဝယ်ရတာလဲ? မစ္စတာကျန်းက ပိုက်ဆံရှားလိမ့်မယ်လို့တော့ မထင်ဘူး။ တခြားလက်ဆောင်တွေပေးတာက သူ့ကို စိတ်လှုပ်ရှားစေမှာမဟုတ်ဘူး။ ဒါကြောင့် ငါတို့ရဲ့ စေတနာကို ပြတဲ့အနေနဲ့ သစ်သီးတစ်ချို့လောက် ဝယ်လိုက်လို့ရတာပဲ”

“ငါလည်း အဲ့လိုတွေးမိတယ်။ ဟိုကိုသွားပြီး သစ်သီးဝယ်ကြရအောင်”

နှစ်ယောက်သား ခဏလောက် ရေရွတ်နေပြီး မောင်းထွက်သွားကြသည်။ လီဖန်းသည် လမ်းမရှေ့ဘက်ရှိ စူပါမားကတ်တွင် သစ်သီး နှစ်အိတ်ဝယ်လိုက်သည်။ မည်သို့

ရွေးရမှန်းမသိသဖြင့် အရောင်းဝန်ထမ်း မိတ်ဆက်ပေးသည့် ပြည်ပမှ တင်သွင်းသည့် ငှက်ပျောသီးနှင့် ပန်းသီးကဲ့သို့သော ဈေးကြီးသည့် အသီးများကို ယူလာခဲ့သည်။

ကားပေါ်ပြန်တက်ပြီးနောက် လီဖန်းသည် စားသောက်ဆိုင်ဆီသို့ ပြန်၍ မောင်းနှင်လာခဲ့သည်။ ကားကို ရပ်လိုက်ပြီးနောက် နှစ်ယောက်သား စားသောက်ဆိုင်ဆီသို့ ဦးတည်လျှောက်သွားကြ၏။ ဆိုင်ထဲသို့ ဝင်ခါနီးတွင် အနည်းငယ် စိတ်လှုပ်ရှားနေကြသည်။

၈ နာရီ မိနစ် ၃၀ တွင် ဆိုင်ထဲမှ စားသုံးသူများမှာ ပြန်သွားကြပြီဖြစ်သည်။ ဇီယန်နှင့် ကျိုးဖေးတို့မှာ စားသောက်ပြီးနောက် မနက် ၈ နာရီကတည်းက လူတိုင်း၏မျက်စိအောက်မှ ပြန်ထွက်သွားကြပြီဖြစ်သည်။ ထိုအချိန်အတောတွင်း ညစာ လာစားရန် ချိန်းဆိုထားသည်။ အယ်လ်ဘမ် ထွက်တော့မည်ဖြစ်၍ နေ့လည်ပိုင်းတွင် လာရန်

အချိန်မရှိပေ။ ဤရက်ပိုင်းအတွင်း သူတို့မှာ အလွန်အလုပ်များနေလိမ့်မည်။

မနက်ပိုင်းတွင် အားလပ်နေသည့် ကျောက်ဖုန်းမှာ စားသောက်ဆိုင်၌ပင် ဆက်နေပြီး ထိုင်ခုံတွင်ထိုင်ကာ ဖုန်းကစားနေခဲ့သည်။ အမှန်တကယ်တွင် ထန်ကျန့်အား မည်သို့ ကိုင်တွယ်ရမည်ကို စဉ်းစားနေခြင်းပင်။

ထန်ကျန့် ဖမ်းဆီးခံလိုက်ရသော မိန်းကလေးထံမှ ထန်ကျန့်၏ လခြမ်းပင်လယ်ကွေ့ရှိ အမှတ်(၇၈) စံအိမ်ကြီး၌ လျှို့ဝှက်ခန်းတစ်ခုရှိကြောင်း သူသိခဲ့ရသည်။ ထိုလျှို့ဝှက်ခန်းအတွင်း၌ အလွန်အရေးပါသည့် အရာများရှိသည်။

ထိုအချက်အလက်ကို ရှာဖွေတွေ့ရှိရန် သူမ၏ အသက်ကို စွန့်လွှတ်လိုက်ရသည့်အတွက် အလွန်တန်းဖိုးကြီးမားလှသည်။ သို့သော် ထန်ကျန့်၏ စံအိမ်မှာ

အစောင့်အကြပ်များစွာဖြင့် ကာကွယ်ထားသောကြောင့် အိမ်ထဲသို့ ဝင်ရောက်ရန် ခက်ခဲလှသည်။

ထို့ပြင် ထန်ကျန့်သည် သူ၏စံအိမ်သို့ မည်သူ့ကိုမှ ခေါ်လေ့မရှိပေ။ အရေးကြီးသည့်ကိစ္စတစ်စုံတစ်ရာရှိခဲ့လျှင်ပင် ရုံးချုပ်၌သာ ကိုင်တွယ်ဖြေရှင်းသည်။

မကြာသေးမီက အချက်များအရ ထန်ကျန့်သည် သူ့အား စတင် သံသယဝင်နေခဲ့သည်။ ထို့ကြောင့် ကျောက်ဖုန်းသည် လခြမ်းပင်လယ်ကွေ့ တွင်သာ အချိန်တစ်ခုအထိ ငြိမ်နေခဲ့ရသည်။

သူစဉ်းစားခန်းဝင်နေစဉ်တွင် လီဖန်းနှင့် ရွှယ်ချမ် မှာ တံခါးကို တွန်းဖွင့်ကာ ဝင်လာကြ၏။

“အခုက ဆိုင်ဖွင့်ချိန်မဟုတ်ဘူး” ကျောက်ဖုန်း ဝင်လာသည့်လူနှစ်ယောက်ကို မော့ကြည့်ကာ အေးတိအေးစက်ပြောလိုက်သည်။

ဆိုင်တံခါးဝတွင် ဆိုင်းဘုတ်ရှိနေပြီး ပုံမှန်ဆိုလျှင် အတွင်းသို့ မဝင်မီ မြင်တွေ့ပေလိမ့်မည်။ ထို့ကြောင့် ဆိုင်ထဲသို့ အချိန်မှားကာ ဝင်လာသည့် စားသုံးသူများမှာ အနည်းငယ်သာရှိတော့သည်။

“မင်္ဂလာပါ…ကျွန်တော်က လီဖန်းပါ”

လီဖန်းသည် ကျောက်ဖုန်းအား တွေ့လိုက်ပြီး ကျန်းဟန်ဟု ထင်မှတ်လိုက်သည်။ ထို့ကြောင့် သူ၏မျက်နှာပေါ်တွင် အပြုံးကြီးဖြင့် လျှောက်လာကာ ကျောက်ဖုန်းအား လက်ဆွဲနှုတ်ဆက်ရန် လက်ဆန့်တန့်လိုက်သည်။

“ငါ မင်းကို မသိဘူး” ကျောက်ဖုန်းက ပြတ်သားစွာပင် ပြန်ပြောလိုက်ပြီး သူ့ငွေးအား ရှာနေသလား ဟု မေးရန် ပြင်လိုက်သည်။

ကျောက်ဖုန်း မမေးခင်တွင် လီဖန်းက ရယ်မောကာ “မစ္စတာကျန်း မေ့သွားပြီလား။ ကျွန်တော် တမြန်သနေ့က

ခင်ဗျားကို ဖုန်းဆက်ပြီးပြောထားတယ်လေ။ သီချင်းအကြောင်းပြောဖို့ လာတာပါ”

“ကျွန်တော်က သူဌေးမဟုတ်ဘူး။ သူ့ကိုရှာနေတာလား?” ကျောက်ဖုန်းက လီဖန်းအား စိုက်ကြည့်ကာ မတ်တပ်ရပ်၍ မေးလိုက်သည်။ ထိုနှစ်ဦးမှာ သူဌေးအား လာရှာသည်ကို သိပြီးနောက် ကျောက်ဖုန်းမှာ ပို၍ ဖော်ရွေလာသည်။

“သူဌေးလား? ကျွန်တော်တို့က မစ္စတာကျန်းဟန်ကို ရှာနေတာပါ”

လီဖန်းမှာ အံ့အားသင့်သွားကာ ပြောလိုက်၏။

“ဒါဆို သူ့ကို ခေါ်ပေးပါ့မယ်။ ခဏစောင့်ပေးပါဦး” ကျောက်ဖုန်း ခေါင်းညိတ်ပြကာ လှေကားဆီသို့ တန်း၍ တက်သွားသည်။

ကျန်းဟန်သည် မုန့်မုန့်အား ရေချိုးပေးကာ အဝတ်အစားလဲပေးပြီးနောက် သူမလေး၏ ဆံပင်ကို ပြင်ဆင်ပေးရင်း အလုပ်ရှုပ်နေခဲ့သည်။

“အိုက်ယား…ဖေဖေ က အရမ်းတုံးတာပဲ။ သမီးထိုင်နေတာ ကြာလှပြီ။ အရမ်းပင်ပန်းနေပြီ” မုန့်မုန့်သည် နှုတ်ခမ်းလေးစူကာ ပြော၏။

ကလေးမလေးသည် မေမေသာ ဆံပင်ကို ပြင်ဆင်ပေးပါက ယခုအချိန်ဆို ပြီးနေမည်အား သိသည်။

“ခဏနေရင် အဆင်ပြေသွားမှာပါ ပူတူးတူးလေးရယ်။ မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေနော်” ကျန်းဟန်မှာ ရယ်မောကာ ပြောလိုက်သည်။

သူသည် မုန့်မုန့်အတွက် ခေါင်းစည်းကြိုး ချည်နည်းကို သင်ထားပြီးဖြစ်သော်လည်း လေ့ကျင့်ရန် အချိန်ယူရသည်။ ကျန်းဟန်သည် ပထမဆုံးအကြိမ်တွင် ပို၍ လှလှပပလေး စည်းပေးချင်သောကြောင့် အချိန်အနည်းငယ် ပို၍ ကြာနေခဲ့သည်။

“ဟွန့်…သမီးတင်ပါးတွေ ထုံနေပြီ” မုန့်မုန့်မှာ ဟွန့်ကနဲ ပြောသည်။

"ကောင်းပြီ ကောင်းပြီ။ ပြီးခါနီးပြီ။ နောက်ဆုံးအဆင့်ပဲ"

ကျန်းဟန်သည် နေရာပြောင်းကာ မုန့်မုန့်၏ရှေ့တွင် ထိုင်၍ ပန်းပွင့်ပုံဆံ ဆံထိုးလေး ထိုးလိုက်သည်။

"လာ ဒီဆံပင်ပုံစံက ဘယ်လိုနေလဲ ကြည့်လိုက်ပါဦး" ကျန်းဟန်သည် မုန့်မုန့်ကို ချီကာ မှန်ဆီသို့ လျှောက်သွားသည်။

"အိုး!"

မုန့်မုန့်သည် သူမ၏ဆံပင်ပုံစံကို မြင်လိုက်သည့်အခါ လုံးဝ အံ့သြသွားသည်။

ဆံပင် နှစ်ဖက်က ပို၍ချောင်ချိကာ အဝိုင်းကြီးသည်မှလွဲ၍ မစ်ကီမောက်စ်နှင့် ဆင်တူသေးပေသည်။ သူမလေး၏ဆံပင်များမှာ ဘေးတွင် သီးခြားပိုင်းခွဲထားသောကြောင့် မုန့်မုန့်၏ ချစ်စဖွယ် အပြစ်ကင်းစင်သည့် ပါးပြင်လေးများကို အပြည့်အဝ ဖော်ကျူးထားသည်။

မုန့်မုန့်သည် မှန်ထဲမှ သူမကိုယ်သူမ မြင်လိုက်သည့်အခါ အလွန်ပျော်ရွှင်သွားကာ

“မှန်ထဲက မင်းသမီးလေးက တကယ်ပဲ မုန့်မုန့်လား?”

“ဒါပေါ့ မင်းသမီးလေးက မုန့်မုန့်ပဲ” ကျန်းဟန်မှာ ပြုံးပြုံးလေး ပြန်ပြော၏။

“ဝိုး…မုန့်မုန့်က မင်းသမီးလေးဖြစ်သွားပြီ။ ဖေဖေက အရမ်းတော်တာပဲ”

မုန့်မုန့်က ကျန်းဟန်၏လည်ပင်းအား ပွေ့ဖက်ကာ ပါးပြင်အား အကြိမ်ပေါင်းများစွာ နမ်းလိုက်သည်။

“ဟားဟားဟား….”

ကျန်းဟန်မှာ ရယ်မောမိသွားသည်။ မုန့်မုန့်က သူ၏ပါးပြင်အား ဝမ်းသာအားရ နမ်းလိုက်သည့်အခိုက်အတန့်မှာ အပျော်ရွှင်ဆုံးပင်အခိုက်အတန့်ဟု သူတွေးမိသည်။ ၎င်းမှာ

စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ကျေနပ်မှုတစ်မျိုးဖြစ်ပြီး စစ်မှန်သည့် ပျော်ရွှင်မှုပင်။

“ဖေဖေက အကောင်းဆုံးပဲ။ မုန့်မုန့်က အရမ်းလှသွားပြီ..ခစ်ခစ်..ခစ်ခစ်”

ဒုတိယထပ်တွင် ရယ်မောသံများ ပြည့်နေသည့်အချိန်၌ပင် ကျောက်ဖုန်းတက်လာပြီး ထိုမြင်ကွင်းကို မြင်လိုက်ရသည့်အခါ သူ၏နှလုံးသားထဲတွင် နွေးထွေးမှုကို ခံစားလိုက်ရသည်။

ဖခင်မေတ္တာက တောင်ကြီးတစ်တောင်နဲ့တူညီတယ်!

သူဌေးက သူ့သမီးရှေ့မှာဆိုရင် ဘာမဆိုသူ လုပ်နိုင်တယ်။ သူက တကယ်ကို တော်တာပဲ

တစ်ခါတစ်ရံတွင် အချို့သော ဖခင်များက သူတို့၏သားသမီးများကို အနာဂတ်တွင် သူတို့ထက် ပို၍ တော်လာစေရန် မျှော်လင့်ထားသောကြောင့်

စည်းကမ်းတင်းကြပ်ကာ ပညာရေးအား အလေးထားပေသည်။ ၎င်းမှာ လူ့သဘာဝပင်။

သို့သော် ကျောက်ဖုန်းသည် ကျန်းဟန်ထံမှ နောက်ထပ် ဖခင်မေတ္တာတစ်မျိုးကို မြင်တွေ့ရသည်။

နွေးထွေးကြင်နာကာ အရိပ်တကြည့်ကြည့်ဖြင့် တုန်နေအောင် ချစ်မြတ်နိုးခြင်းပင်။

ထိုသို့သော အခြေအနေတွင် အမှားအနည်းငယ်က ကလေးအား အလိုလိုက်မိသလိုဖြစ်သွားစေနိုင်သော်လည်း သူ့ငွေးမှာ ထိုကိစ္စအား ဘယ်တုန်းကမျှ စဉ်းစားခဲ့သည့်ပုံ မပေါ်ချေ။

ကျောက်ဖုန်းသည် ခေါင်းကို အနည်းငယ်ယမ်းလိုက်ပြီး အတွေးများကို ဖြတ်တောက်လိုက်သည်။ သူသည် ကျန်းဟန်အားကြည့်ကာ ရယ်မော၍ ပြောလိုက်သည်။ “သူ့ငွေး အောက်မှာ မင်းကို သီချင်းအကြောင်းပြောဖို့ လူနှစ်ယောက်လာရှာတယ်”

"အင်း"

ကျန်းဟန် ခေါင်းညိတ်လိုက်ပြီး မုန့်မုန့်အား ချီကာ အောက်ထပ်သို့ ကျောက်ဖုန်းနှင့်အတူ ဆင်းလာခဲ့သည်။

-အပိုင်း(၁၁၀) ပြီး

wunzinnosp

## အပိုင်း(၁၁၁) သီချင်းအကြောင်း အသေးစိတ်ဆွေးနွေးခြင်း

လီဖန်းသည် မုန့်မုန့်ကို ချီကာ ဆင်းလာသော ကျန်းဟန်ကို မြင်သည်နှင့် စိတ်လှုပ်ရှားစွာဖြင့် သူ့ဆီသို့ လျှောက်သွားသည်။

"ဟားဟားဟား...မစ္စတာကျန်း တွေ့ရတာ ဝမ်းသာပါတယ်"

လီဖန်းသည် လှိုက်လှိုက်လှဲလှဲဖြင့် လက်များကို ဆန့်ထုတ်လိုက်သည်။

"အင်း"

ကျန်းဟန်လည်း လက်တစ်ဖက်ထုတ်လိုက်ပြီး သူ့အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ မစ္စတာကျန်း။ ခင်ဗျား ဘာကြိုက်တတ်လဲ မသိလို့ အသီးတွေပဲ ဝယ်လာခဲ့လိုက်တယ်" ရွှယ်ချမ် လက်ထဲမှ အိတ်ကို မြှောက်လိုက်သည်။

"အဲ့မှာပဲ ထားလိုက်ပါ" ကျန်းဟန် ခေါင်းညိတ်ကာ မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည်စားပွဲကို ညွှန်ပြလိုက်သည်။

"အသီးလား မုန့်မုန့် နည်းနည်း စားချင်တယ်" မုန့်မုန့်မှာ လက်ဖဝါးလေးများကို ဝှေ့ယမ်းကာ ပြောသည်။

ဇီယန်မှာ အသီးကြိုက်သူတစ်ယောက်ဖြစ်ပြီး မြောက်အမေရိကတွင် ရှိစဉ်က နေ့တိုင်း သစ်သီးအချို့ စားလေ့ရှိသည်။ အလားတူပင် မုန့်မုန့်မှာလည်း

ငယ်စဉ်ကတည်းက အသီးအနှံများကို စားခဲ့ရသောကြောင့် မိခင်၏အမွေကို ဆက်ခံကာ အသီးအနှံကြိုက်နှစ်သက်သည်။

သို့သော် ကျန်းဟန်နှင့် အတူရှိကတည်းက အသီးအနှံများကို မကြာခဏ စားရခြင်း မရှိတော့ချေ။ ကျန်းဟန်သည် အသီးအနှံများကို ကိုယ်တိုင် စိုက်ပျိုးရန် ကြံစည်ထားပြီး အပြင်မှ အသီးအနှံများကို ဂရုစိုက်ခြင်း မပြုတော့သောကြောင့်ပင်။

ထို့ပြင် ဈေးကွက်ထဲရှိ အသီးများမှာ အမြတ်အစွန်းကို အဓိကထားပြီး ဗရမ်းဗတာပင်ဖြစ်သည်။ အသီးများအားလုံးမှာ သူတို့ ရှင်းပြထားသကဲ့သို့ အာဟာပြည့်ဝခြင်း မရှိချေ။ ဥပမာအားဖြင့် ဈေးကွက်ထဲရှိ ပန်းသီးအများစုသည် ပိုးသတ်ဆေးအကြွင်းအကျန်များ ကျန်ရှိနေသည့် ပြဿနာများကို ကြုံတွေ့ရပြီး ရေဖြင့် ဆေးကြောသည်ပင် ပြောင်စင်အောင် မသန့်ရှင်းနိုင်ပေ။

ထို့ကြောင့် အော်ဂဲနစ်အသီးများနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းမရှိဘဲ စိုက်ပျိုးထားသော အသီးအနှံများမှာ သိသိသာသာပင် ဈေးကြီးလွန်းလှသည်။ သို့သော် ၎င်းတို့သည်ပင် အလုံးစုံ အရည်အသွေးကောင်းမွန်ကြသည် မဟုတ်ချေ။

နောက်ဆုံးတွင်တော့ သင်ပေးသလောက်သာ သင်ပြန်ရပေမည်။

အနားတွင် ရပ်နေသော ကျောက်ဖုန်းသည် မင်းသမီးလေး အသီးစားချင်ကြောင်း ကြားလိုက်သည့်အခါ သစ်သီးအိတ်ကို အမြန်ယူခိုက်သည်။ ထို့နောက် မီးဖိုချောင်သို့ သွားကာ စပျစ်သီး၊ ငှက်ပျောသီးနှင့် အခြား သစ်သီးအချို့ကို ဆေးကြောကာ ဇန်းဖြင့် ထည့်လိုက်သည်။

သူသည် စားပွဲထိုးတစ်ယောက်ကဲ့သို့ ပြုမူနေသည်။ ပို၍ အရေးကြီးသည်မှာ သူ၏အပြုအမူက ကျန်းဟန်အပေါ် လေးစားမှုဟု ဆိုလိုခြင်းဖြစ်သည်။

လူတစ်ယောက်က သူ့အား လေးစားမှုရှိလျှင် သူသည်သည်း ထိုသူနှင့် တူညီစွာ ပြန်၍ ဆက်ဆံပေမည်။ ကျန်းဟန်သည် ထိုအရာများနှင့်ပတ်သက်၍ ဘယ်တုန်းကမှ ဘာမျှမပြောသော်လည်း အားလုံးကို သူ၏စိတ်ထဲတွင် မှတ်သားထားပေသည်။

ကျောက်ဖုန်း သစ်သီးများကို ဆေးကြောပြီး ဆိုဖာရှေ့ လက်ဖက်ရည်စားပွဲပေါ်တွင် တင်လိုက်သည်။

"ဖေဖေ ဖေဖေ မုန့်မုန့်ကို အောက်ချပေး။ မုန့်မုန့် အသီးစားမယ်"

မုန့်မုန့်သည် ကျန်းဟန်၏လက်မောင်းထက်တွင် လူးလွန့်နေသည်မှာ အလွန်ပင် ချစ်စရာကောင်းလှသည်။

လီဖန်းနှင့် ရွှယ်ချင်တို့မှာ မုန့်မုန့်၏အပြုအမူအား မြင်သည်နှင့် ပျော်ရွှင်သွားကြပြီး အသီးများဝယ်လာမိသည့်အတွက် စိတ်သက်သာရာရသွားကြသည်။

"မစ္စတာကျန်းရဲ့ သမီးလေးက အရမ်းလှတယ်"

"ဟုတ်တယ်။ ဒီလို ချစ်ဖို့ကောင်းပြီး လှပတဲ့ ကလေးမလေးကို ကျွန်တော် ပထမဆုံးတွေ့ဖူးတာပဲ"

ပုံမှန်ဆိုလျှင် သူတို့နှစ်ယောက် မုန့်မုန့်အား ချီးကျူးစကားပြောလျှင် မင်းသမီးလေးမှာ ပျော်ရွှင်စွာဖြင့် စကားအနည်းငယ် ပြန်ပြောမည်ဖြစ်သော်လည်း ယခုတော့ သူမလေး၏ စိတ်အာရုံမှာ အသီးများပေါ်တွင်သာ ရောက်ရှိနေ၏။ ကျန်းဟန် သူမလေးအား အောက်ချပေးလိုက်သည်နှင့် အသီးများရှိရာသို့ ပြေးသွားတော့သည်။

ကျောက်ဖုန်း ခဏလောက် စဉ်းစားလိုက်သည်။ သူ့ဧည့် အခြားသူများနှင့် စကားပြောလျှင် သူရှောင်ပေးသည်က ပိုကောင်းသည်ဟု ခံစားရသော်လည်း သိချင်စိတ်ပြင်းပြသောကြောင့် တွန့်ဆုတ်စွာဖြင့် ဆိုဖာနားတွင် တွယ်ကပ်နေလိုက်၏။

“အင်း…မစ္စတာကျန်း ငါတို့….” လီဖန်းမှာ သီချင်းအကြောင်းပြောရန် အတန်ကြာ စကားစပျိုးချင်ခဲ့သည်။

သို့သော် ရှယ်ချမ်မှာ တိုက်ရိုက်ပင် ကြားဖြတ်ကာ “ဒီလို အရည်အသွေးမြင့်မားတဲ့ သီချင်းတစ်ပုဒ်ရေးဖို့က မလွယ်ကူပါဘူး။ မစ္စတာကျန်းက ဂီတမှာ ထူးချွန်တယ်လို့ ကျွန်တော်ထင်တယ်”

“ဟုတ်ကဲ့”

ကျန်းဟန်မှာ တည်ငြိမ်စွာပင် ခေါင်းညိတ်လိုက်၏။

သို့သော် အနည်းငယ် တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

လောဂျစ်ကျကျပြောရလျှင် သူသည် သီချင်းရေးဆရာတစ်ယောက် မဟုတ်ပေ။ မထွက်ရှိသေးသည့် သီချင်းကို သူက ကြိုတင်၍ ချရေးလိုက်ခြင်းသာ။ သို့သော် သူတို့သည် သူ့ရှေ့တွင်ပင် သူ့အား ချီးကျူးနေသည်။ ၎င်းက အလွန်ထူးဆန်းသည့် ခံစားချက်ပင်။

"ဒါဆို ကျွန်တော် ခင်ဗျားနဲ့ သီချင်းအကြောင်း အသေးစိတ်ဆွေးနွေးချင်တယ်။ သီချင်းကို နားထောင်လို့ရအောင် အသံသွင်းစတူဒီယိုတစ်ခု ရှာလိုက်ရမလား?"

ရွှယ်ချင် မေးမြန်းသည့် လေသံဖြင့် ပြောလိုက်သည်။

"ဟင့်အင်း...ဒီမှာပဲ ဆိုပါ"

"အာ? ဒီမှာပဲလား?" ရွှယ်ချမ် အနည်းငယ် အံ့သြသွားပြီး မဝံ့မရဲဖြင့် "ဒီမှာ ဘယ်လိုဆိုရမလဲ?"

"သီချင်းဖွင့်ပြီး ခင်ဗျားကဆို ကျုပ်က နားထောင်မယ်" ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သည်။

"အမ်..."

ရွှယ်ချမ် ဖျစ်ညှစ်ပြုံးကာ "ကောင်းပါပြီ"

ထို့နောက် ဦးထုပ်ကို ချွတ်လိုက်သည်။

ထိုအသံနှင့် ရင်းနှီးသလိုလိုဖြစ်နေသည့် ကျောက်ဖုန်းမှာ သူ့အား ချက်ချင်း မှတ်မိသွားသည်။

ရွှယ်ချမ်လား? သူက ဘာလို့ ဒီကိုလာတာလဲ? သူက သီချင်းလေ့လာဖို့ သူဌေးကို ရှာတာပဲ ဖြစ်မယ်။ သူဌေးက ဂီတမှာလည်း ကျွမ်းကျင်သေးတယ်ပေါ့

ကျောက်ဖုန်းသည် ကျန်းဟန်နှင့် ရွှယ်ချမ်အား အံ့အားသင့်စွာဖြင့် အပြန်ပြန်အလှန်လှန် အကဲခတ်ကြည့်နေသော်လည်း ထို့နောက်တွင်တော့ စိတ်သက်သာရာရသွားသည်။ သူသည် မလိုအပ်ဘဲ အံ့သြနေမိသည့်အတွက် ကိုယ့်ကိုယ်ကို ရယ်လိုက်မိသည်။

သူဌေးက စန္ဒယားကောင်းကောင်းတီးတတ်တာပဲ။ သီချင်းနားထောင်ပေးလို့ ရရမှာပေါ့

ကျန်းဟန်သည် ရွှယ်ချမ်နှင့် လီဖန်းတို့ကို ကောင်တာဆီသို့ခေါ်သွားကာ လက်တော့ပ်ကို ဖွင့်ပြီး နောက်ခံတီးလုံးကို ဖွင့်လိုက်သည်။

"ကျွန်တော် ဒီတိုင်းပဲ ဆိုရမှာလား?" ရွှယ်ချမ်မှာ သံသယဖြင့် မေးသည်။

အသံသွင်း စတူဒီယိုတွင် အသံအရည်အသွေးကောင်းကောင်းဖြင့် နားထောင်နိုင်သည်။ အပြန်အလှန်အားဖြင့် သူသည် ဤအတိုင်း သီချင်းချင်းဆိုပါက အချို့သော အသေးစိတ်အချက်အလက်များကို ကောင်းမွန်စွာ ဖော်ထုတ်ပြသနိုင်မည် မဟုတ်သလို အနည်းငယ် အဆင်မပြေခံစားနေရ၏။

"အင်း"

ကျန်းဟန်၏ တုံ့ပြန်သံကိုကြားသည့်အခါ ရွှယ်ချမ်မှာ ကူရာမဲ့စွာဖြင့် ခေါင်းညိတ်လိုက်သည်။ သူသည် လည်ချောင်းရှင်းလိုက်ပြီး

"ဒါဆို ဒီတိုင်းဆိုလိုက်မယ်။ တစ်မိနစ်လောက်စောင့်ပေးပါ ကျွန်တော် ခဏလောက် စိတ်အခြေအနေလေး ထိန်းချင်လို့"

ကျန်းဟန် နောက်ခံသီချင်းကို ပိတ်လိုက်သည်။

"အဟမ်း...အဟမ်း....."

ရှွယ်ချမ် သီချင်း၏ခံစာချက်ကို အာရုံစိုက်နေလိုက်သည်။

ထိုအချိန်တွင် အသီးစားနေသော မုန်မုန့်အပြင် ကျော့က်ဖုန်းပါ စိတ်ဝင်တစားဖြင့် သူတို့ဘက်သို့ စိုက်ကြည့်နေကြသည်။

သူ့ဖြေး သီချင်းတစ်ပုဒ်ရေးထားသည်ကို သူသိပြီးဖြစ်၍ ထို သီခင်း၏ အဆင့်အတန်းကို သိချင်နေမိ၏။

နောက်ဆုံးတွင် တစ်မိနစ်ကြာပြီးနောက် ရှွယ်ချမ်မှာ အနည်းငယ် သြသည့် အသံဖြင့် "စလိုက်ရအောင်"

ကျန်းဟန် နောက်ခံသီချင်းကို ဖွင့်လိုက်သည်။ ကွာလတီမြင့် အသံစနစ်မှ နောက်ခံသီချင်းသံ ကျယ်လာစွာ ထွက်ပေါ်လာသည်နှင့် စန္ဒယားတီးသံမှာ တိုးလျှသွားသည်။

"ရိုးရိုးရှင်းရှင်းပဲ ပြောကြစို့ကွယ်... စိတ်ဆတ်တဲ့အခြေအနေကို လစ်လျူရှုထားပေးပါ.... မင်းက သရုပ်ဆောင်တစ်ယောက် မဟုတ်ခဲ့ဘဲ ဒီလို ဇာတ်လမ်းတွေ ထွင်မနေပါနဲ့...."

အနုပညာရှင်တစ်ယောက်သည် သီချင်းအား ဘဝနှင့် အားဖြည့်ပေးသည်။ ရွှယ်ချင်သီဆိုသော သီချင်း၏ ပထမဆုံးအကြောင်းမှာပင် ကျန်းဟန် အနည်းငယ် ခေါင်းညိတ်လိုက်၏။ သီချင်းမှာ ပြင်းပြသော စိတ်ခံစားချက်ကို ပေးစွမ်းသည်။

ရွှယ်ချမ်မှာ တဖြည်းဖြည်း သီချင်းအတွင်း နစ်မြောသွားသည်။ မျက်လုံးများကို မှေးစင်းကာ သီချင်း၏ အနှစ်သာကို သီကျူးပြသသည်။

"နောက်ဆုံးတော့လည်း ငါဟာ မင်းရဲ့ ပြက္ခက်တွေအတွက် တစ်ဦးတည်းသော ပရိတ်သတ်ပါပဲ ………"

"လမ်းခွဲတယ်ဆိုတာ အပြောကတော့လွယ်ပါတယ် ကြာကြာဆွဲထားလေလေ စွန့်လွှတ်ဖို့ ကြောက်ရွံ့လေလေကွယ် ……."

"မင်းရဲ့ တင်ဆက်မှုနဲ့ အလိုက်သင့်ဖြစ်ဖို့ ကိုယ်အကောင်းဆုံး ကြိုးစားပေးနေပါတယ်…."

ကျန်းဟန်မှလွဲ၍ အခြားသူများမှာ သီချင်းထဲတွင် စီးဝင်နစ်မြောနေခဲ့ကြသည်။

၎င်းမှာ သီချင်း၏ ဆွဲဆောင်နိုင်သည့် ညို့ဓာတ်ပင်။

ကျယ်လောင်မြူးကြွသည့် သီချင်းသည် လူတို့၏ စိတ်ရိုင်းတို့ကို ကင်းစင်စေပြီး သာယာငြိမ့်ညောင်းသော

သီချင်းမှာ လူတို့၏ ကိုယ်ရောက် စိတ်ပါ အပန်းပြေစေနိုင်သည်။ သို့သော် ယခုအချိန်တွင် 'Actor' သီချင်းသည် ပြင်းထန်သည့် စိတ်ခံစားချက်နှင့် သာယာငြိမ့်ညောင်းသော သီချင်းတစ်ပုဒ်ဖြစ်ခဲ့သည်။

လီဖန်းသည် မျက်လုံးကို မှိတ်ထားကာ အသက်ကို ဖြည်းဖြည်းချင်းရှူနေပြီး ကျောက်ဖုန်းမှာလည်း အနည်းငယ် မှိန်းမောနေလေသည်။ မင်းသမီးလေးပင်လျှင် ဤအခိုက်အတန့်၌ စပျစ်သီးကို ချထားပြီး သီချင်းဆိုနေသည့် ရွှယ်ချမ်ကို ငေးကြည့်နေသည်။

သီချင်းမှာ တဖြည်းဖြည်းချင်း အဆုံးသတ်သွားခဲ့လေ၏။

သီချင်းကို စိတ်နှစ် အရသာခံ နားဆင်ကာ မိန်းမောနေသောကြောင့် ဆယ်စက္ကန့်အတွင်း မည်သူမျှ စကားမပြောမိကြချေ။

"ဖြောင်း ဖြောင်း ဖြောင်း...."

ကျောက်ဖုန်းမှာ သတိပြန်ဝင်လာပြီး လက်ခုပ်တီးကာ ချီးကျူးလိုက်သည်။

“ကောင်းလိုက်တာ...အရမ်းကောင်းတယ်။ မစ္စတာရှယ် သီချင်းဆိုတာက အရမ်းကောင်းတယ်”

“ခင်ဗျား ကျွန်တော့ကို မြှောက်ပြောနေပါပြီ” ရှယ်ချမ် ပြုံးကာ ကျောက်ဖုန်းအား အလေးပြုသည်။

“ပထမဆုံးအကြိမ် ဒီသီချင်းကို နားထောင်ထောင်က သီချင်းရဲ့ အဓိပ္ပာယ်ကို နားမလည်ခဲ့ဘူး။ ဒါပေမဲ့ နောက်ထပ် နားထောင်တဲ့အခါကျတော့ နှလုံးသားထဲမှာ စွဲထင်ကျန်နေခဲ့တယ်။ အိပ်မက်ထဲမှာ ပျောက်ဆုံးနေတဲ့ လူတစ်ယောက်လိုပဲ။ ဒီသီချင်းရဲ့ စိတ်ကူးယဉ်ဆန်နေမှုက ဆွဲညို့နိုင်ပြီး အံ့သြလောက်ပါတယ်” လီဖန်းသည် မျက်လုံးကို ဖွင့်ကာ ကျန်းဟန်အား အံ့သြလေးစားသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

မစ္စတာကျန်းက ဒီလိုမျိုး ဂန္တဝင်သီချင်းကို ရေးနိုင်တယ်ဆိုတော့ သေချာပေါက် ဂီတပါရမီရှင်ပဲ ဖြစ်ရမယ်။

လီဖန်းမှာ ပို၍ပင် လေးစားလာသည်။ မစ္စတာကျန်းသည် သူ၏လေးစားမှုနှင့် ထိုက်တန်သည်ဟု ယူဆသည်။

"နားထောင်လို့ကောင်းလိုက်တာ။ အစ်ကိုကြီးက အရမ်းတော်တာပဲ"

မင်းသမီးလေး မုန့်မုန့်ပင် မနေနိုင်ဘဲ ချီးမွမ်းတော့သည်။

"ချီးကျူးတဲ့အတွက် ကျေးဇူးပါ"

ရွှယ်ချမ်က မုန့်မုန့်အား ကြင်နာစွာ ပြုံးပြ၏။

"အာ...ဒါပေမဲ့ အစ်ကိုကြီးက သမီးမေမေကို မယှဉ်နိုင်ဘူး။ သမီးမေမေ သီချင်းဆိုတာက ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ"

မုန့်မုန့်၏မျက်လုံးများမှာ လေးနက်မှုများဖြင့် ပြည့်နေသည်။ သူမလေးသည် ပြောပြီးသည်နှင့် စပျစ်သီးကို ဆက်၍ စားတော့သည်။

မင်းသမီးလေး၏စိတ်ထဲတွင် မေမေသည် သီချင်းဆို အကောင်းဆုံးဖြစ်ပြီး ဖေဖေသည် အချက်အပြုတ်အကောင်းဆုံးဖြစ်သည်။ ထို့ပြင် သူတို့သည် နယ်ပယ်အသီးသီးတွင် အကောင်းဆုံး အတော်ဆုံးပင်။

"ဟားဟားဟား...."

သူမလေး၏စကားက လူတိုင်းအား ရယ်မောစေသည်။

လီဖန်းနှင့် ရွှယ်ချမ်တို့သည် အများကြီး တွေးတောမနေဘဲ ၎င်းမှာ မုန့်မုန့်၏ အမေဖြစ်သူအပေါ် ချစ်ခင်လေးစားမှုဟုသာ ထင်ခဲ့သည်။ သို့သော် ဇီယန်သည် သူမ၏မိခင်ဖြစ်ကြောင်း သိလိုက်ပါက ခဏလောက်တော့ ဆွံ့အသွားပေလိမ့်မည်။

"ဘယ်လိုထင်လဲ မစ္စတာကျန်း" ရွှယ်ချမ်သည် ကျန်းဟန်အားကြည့်ကာ သူ၏မှတ်ချက်ကို စောင့်မျှော်ရင်း မေးလိုက်သည်။

"ပြဿနာမရှိပါဘူး။ အစကတည်းက ဒါက မင်းရဲ့သီချင်းပဲ"

ကျန်းဟန် ခပ်ဖျော့ဖျော့ ပြုံးလိုက်သည်။

၎င်းမှာ အစကတကည်း သူ၏ကိုယ်ပိုင် သီချင်းသာ ဖြစ်၍ မည်သည့် အမှားအယွင်းမျှ မရှိချေ။ သို့သော် ရွှယ်ချမ်သည် ဤသီချင်းကို ကျန်းဟန်က သူ့အတွက် သီးသန့်ရေးထားခြင်းဟု နားမည်မှုလွဲကာ စိတ်လှုပ်ရှားသွားသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာကျန်း" ရွှယ်ချမ်သည် အကြိမ်ကြိမ် ခေါင်းညိတ်ကာ "ကျွန်တော်ဆိုတာနဲ့ ခင်ဗျားတွေးထားတာ ခြားနားမှုတစ်ခုခုများ ရှိလား?"

"ဘာမှ ကွာခြားမှုမရှိပါဘူး။ အရမ်းကောင်းတယ်"

"ဒါဆို သီချင်းရဲ့ တန်ဖိုးကို ပြောရအောင်" ရွှယ်ချမ်သည် လီဖန်းကို ကြည့်လိုက်သည်။

လီဖန်းသည်း အကင်းပါးစွာဖြင့် “မစ္စတာကျန်း ဒီသီချင်းက ကျွန်တော်တို့အတွက် အရမ်းသင့်တော်တယ်။ ဒါကြောင့် ကျွန်တော်တို့ ထိုက်သင့်တဲ့ တန်ဖိုးကို ပေးပါမယ်....”

“ရပါတယ်။ အခုဈေးကလည်း အဆင်ပြေီးသားပဲ” ကျန်းဟန်က တစ်ခါတည်း ခေါင်းယမ်းလိုက်သည်။

သူ သီချင်းရေးရသည့် ရည်ရွယ်ချက်မှာ ထမင်းဟင်း ချက်ပြုတ်နေတုန်း နားထောင်ဖို့ပင် ဖြစ်၏။

ကျန်းဟန်သည် ၎င်းဖြင့် ပိုက်ဆံရှာရန် ဘယ်တုန်းကမှ မတွေးခဲ့ဖူးချေ။ သူ ငွေရှာချင်လျှင်ပင် ဤသို့ ဒုက္ခများလှသည့် နည်းလမ်းဖြင့် ရှာမည်မဟုတ်။

ထို့ကြောင့် သူက ယွမ် ၁ သိန်းကိုသာ ပေါ့ပေါ့ပါးပါး တောင်းလိုက်ခြင်းဖြစ်၏။

ယွမ် ၁ သိန်းသာ အသုံးပြုပြီး အကျိုးအမြတ်အများအပြားရနိုင်သော်လည်း သီချင်း၏ မြင့်မားလှသည့် အရည်အသွေးကြောင့် စိတ်မကောင်းမှုနှင့် ရှက်ရွံ့လိပ်ပြာမလုံမှုကို ခံစားရသည်။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ဒီကို မလာခင်တကည်းက ဈေးပိုပေးရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ကျန်းဟန်၏ ငြင်းဆိုမှုကို ကြားသည်နှင့် လီဖန်းမှာ ထိတ်လန့်သွားပြီး

“ဒါပေမဲ့...”

သူ စကားမဆုံးခင်မှာပင် ကျန်းဟန်က ခေါင်းယမ်းကာ “ဘာမှ ပြောဖို့မလိုတော့ပါဘူး။ ကျုပ်အတွက် ယွမ် ၁ သိန်းပဲ ပေးပါ။ ဒီသီချင်းက ခင်ဗျားတို့ အပိုင်ပဲ”

လီဖန်းနှင့် ရွှယ်ချမ်တို့မှာ သူ၏စကားကို ကြားသည့်အခါ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

မစ္စတာကျန်းမှာ ကျော်ကြားမှုနှင့် ငွေကြေးချမ်းသာမှုကို ဂရုမစိုက်ကြောင်း သူတို့သိလိုက်သည်။ တကယ်တမ်းတွင် ဤသီချင်းသာ ရေပန်းစားလာပါက မစ္စတာကျန်းလည်း ဝေစုများစွာ ရရှိပေလိမ့်မည်။

"မစ္စတာကျန်း ကျွန်တော်ပြောတာ နားထောင်ပေးပါဦး" လီဖန်းက ဖျစ်ညှစ်ပြုံးကာ "ကောင်းပြီလေ... ကျွန်တော် စာချုပ်ချုပ်ဖို့ နည်းလမ်းနှစ်ခုရှာထားတယ်။ တစ်ခုက ယွမ် ၁ သိန်းနဲ့ ရှယ်ယာစာချုပ်ပါ။ နောက်တစ်ခုက ဒီသီချင်းကို ဝယ်ဖို့ ယွမ် ၂ သိန်းသုံးပါမယ်။ ခင်ဗျားဘယ်လိုထင်လဲ?"

"ဒါဆို ယွမ် ၂ သိန်းက အဆင်ပြေပါတယ်" ကျန်းဟန်မှာ ရိုးရှင်းစွာပင် ပြန်ဖြေ၏။

"ကောင်းပြီ"

လီဖန်းမှာ ကြောင်အသွားပြီး ခေါင်းညိတ်လိုက်သည်။ ဤနေရာတွင် အရောင်းအဝယ်ကိစ္စကို အောင်မြင်စွာ

ညှိနှိုင်းဆွေးနွေးရန်မှာ လွယ်ကူသည်ဟု အဘယ်ကြောင့် သူ ခံစားနေရသနည်း။

ထို့ကြောင့် လီဖန်းသည် ငွေပေးချေရေး လုပ်ငန်းစဉ်များကို စတင်လုပ်တောင်လိုက်ပြီး လက်မှတ်များကိုမူကား ကျောက်ဖုန်းမှ လက်မှတ်ထိုးခဲ့သည်။ ကျန်းဟန်သည်တော့ မုန့်မုန့်နှင့် ဆိုဖာပေါ်တွင်သာ ကစားနေတော့သည်။ သူသည် ထိုကိစ္စများအား အမှန်တကယ် ဂရုမထားခြင်းပင်။ ၎င်းက လီဖန်းအား အလွန်မရိုးမရွခံစားရစေ၏။

စာချုပ်အကြောင်းဆွေးနွေးခြင်းမှာ အာရုံစူးစိုက်မှု သို့မဟုတ် ပျော်ရွှင်မှုတို့ ပြည့်နေ၏။ သို့သော် ကျန်းဟန်သည်တော့ ထိုအချိန်တွင် အေးအေးဆေးဆေးပင် ရှိလှသည်။

-အပိုင်း(၁၁၁) ပြီး

wunzinnosp

## အပိုင်း(၁၁၂) သူ သွေးလန့်သွားတာ

စာချုပ်ကို လီဖန်းနှင့် ကျောက်ဖုန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ကျောက်ဖုန်းသည် ဖျော်ဖြေရေးလောကအကြောင်းကို နားမလည်သော်လည်း ဤစားသောက်ဆိုင်တွင်တော့ နာခံကျိုးနွံသည့် ကလေးတစ်ယောက်ပမာ စာချုပ်မှ စာလုံးတစ်လုံးချင်းစီကို အသေးစိတ် ကြည့်ရှုလေသည်။ နားမလည်သည့်နေရာများတွင် လီဖန်းအား ချက်ချင်း မေးမြန်း၏။

ရှယ်ချမ်သည် သူတို့အား အတန်ကြာ စောင့်ကြည့်နေပြီးနောက် ဆိုဖာဆီသို့ လျှောက်သွားကာ မုန့်မုန့်၏ဘေးတွင် ထိုင်လိုက်သည်။

"မိန်းမလှလေး မင်းက ဘာလို့ အရမ်းလှပြီး ချစ်ဖို့ကောင်းနေရတာလဲဟင်"

ရွှယ်ချမ် ပြုံးကာ ပြောလိုက်သည်။

"သမီးက အရမ်းလှပြီး ချစ်ဖို့ကောင်းနေတာလား" မုန့်မုန့်မှာ သူမလေး၏မျက်လုံးကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း ရွှင်မြူးစွာ မေးသည်။

"ဒါပေါ့ သမီးက အစ်ကိုကြီး မြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ ချစ်စရာအကောင်းဆုံးနဲ့ အလှဆုံးပဲ"

"ခစ် ခစ် ခစ်.... အစ်ကိုကြီးကလည်း လှပြီး ချစ်ဖို့ကောင်းတယ်"

မုန့်မုန့်သည် တခစ်ခစ် ရယ်မောကာ ပြော၏။

"အဲ့လို မဟုတ်ဘူးလေ။ အစ်ကိုကြီးက ချောတယ် ခန့်တယ်လို့ ပြောရမှာ။ ဒါဆို သမီးဖေဖေနဲ့ အစ်ကိုကြီး ဘယ်သူက ပိုချောတယ်လို့ မုန့်မုန့်ထင်လဲ"

ရွှယ်ချမ်က မုန့်မုန့်အား စနောက်၏။

"အာ?"

မုန့်မုန့်မှာ ကြောင်သွားပြီးနောက် နှာခေါင်းရှုံ့လိုက်၏။ သူမလေး၏ ကိုယ်လုံးသေးသေးလေးအား ကျန်းဟန်၏ ရင်ခွင်ထဲသို့ တိုးဝှေ့ရင်း "ဖေဖေက ချောတာပေါ့။ သမီးဖေဖေက အချောဆုံးပဲ။ အစ်ကိုကြီးက မချောဘူး။ ဟွန့်"

"ဟားဟားဟား...."

ရွှယ်ချမ်မှာ ကျယ်လောင်စွာ ရယ်မောမိသည်။

ကျန်းဟန်လည်း ရယ်မောကာ ခေါင်းယမ်းလိုက်သည်။ သူ့အတွက် မုန့်မုန့်လေး ပျော်ရွှင်နေသ၍ အခြားမည်သည့် ပြဿနာမျှ မရှိချေ။

"အစ်ကိုကျန်း ခင်ဗျားရဲ့သမီးလေးက တော်တော် ချစ်ဖို့ကောင်းတာပဲ"

ရွှယ်ချမ်မှာ မစ္စတာကျန်းအစား အစ်ကိုကျန်းဟူ၍ တရင်းတနီး ပြောင်းခေါ်သည်။

"ဒါပေါ့"

ကျန်းဟန် ပြုံး၍ ပြန်ပြောသည်။ ချစ်စရာကောင်းပြီး ညဏ်ရည်ထက်မြက်လှသည့် သမီးလေးတစ်ယောက် ရှိနေသည့်အတွက် စိတ်ကျေနပ်နေပြီး ဂုဏ်ယူနေသည့် ခံစားချက်များက သူ၏မျက်နှာတွင် ပေါ်လွင်နေသည်။

ရွှယ်ချမ် ခဏလောက် စဉ်းစားကာ "ဒါနဲ့ အစ်ကိုကျန်း။ ကျွန်တော် တစ်ခုလောက် မေးလို့ရမလား"

"မေးပါ"

"ဒီ Actor သီချင်းကို ဘယ်လိုအခြေအနေမျိုးမှာ ရေးခဲ့တာလဲ။ ခင်ဗျားက အရမ်းတော်တဲ့ ဂီတပညာရှင်တစ်ယောက် ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်"

ဤသီချင်းက သူ၏နှလုံးသားထဲတွင် အမှန်တကယ် ဝင်ရောက်ခံစားကာ ရေးထားသလိုပင်။ ထို့ကြောင့် ကျန်းဟန်အား မြင်လိုက်သည်နှင့် ပါရမီရှင်တစ်ယောက် ဖြစ်ကြောင်း လက်ခံလိုက်သည်။

ကျန်းဟန် စကားပြန်မပြောဘဲ ပြုံးရုံသာ ပြုံးလိုက်၏။

ဘယ်လိုအခြေအနေမျိုးမှာ ရေးခဲ့သလဲ။ ၎င်းမှာ ပြန်လည်မွေးဖွားခြင်းဖြင့် ရေးသားခဲ့သည်ပင်။ သင်သာ ပြန်လည်မွေးဖွားလာပါကလည်း ဤသီချင်းကို ရေးသားနိုင်ချေ၏။

“အမ်…”

ရွှယ်ချမ် ခဏအကြာတွင် “အစ်ကိုကျန်း ငါ့ကို မင်းရဲ့နံပါတ်ပေးထားလို့ရမလား။ နောက်ကျရင် ငါတို့ သီချင်းတွေအကြောင်း ပြောလို့တာပေါ့”

“ငါ့မှာ အချိန်မရှိဘူး” ကျန်းဟန် ချက်ချင်း ငြင်းလိုက်သည်။

၎င်းက ရွှယ်ချမ်အား အနည်းငယ် ကြောင်အသွားစေသည်။ ထို့နောက် ခါးသီးစွာ ရယ်လိုက်၏။ တစ်ချိန်တည်းမှာပင် သူ၏စိတ်ထဲ၌ ကျန်းဟန်အား အနည်းငယ် နားလည်မိသလိုရှိသွားသည်။

ဉာဏ်ကြီးရှင်များမှာ တစ်ခါတစ်ရံတွင် ထူးဆန်းသည့် အမူအကျင့်များ ရှိတတ်ကြသည်မှာ ငြင်း၍ စရာမလိုသည့်အချက်ပင်။ ကျန်းဟန်သည် သူ၏ စိတ်ထဲတွင် အလွန်ထူးခြားထက်မြက်သော စူပါဉာဏ်ကြီးရှင်တစ်ယောက်ဖြစ်၏။

သို့သော် အခြေအနေများ ပို၍ ကောင်းလာလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်ထားခဲ့။ သူ၏စိတ်အားထက်သန်မှုအား အစ်ကိုကျန်းက ရေအေးအေးဖြင့် လောင်းချလိုက်သည်။ သို့သော် ကျန်းဟန်၏နောက်ထပ်စကားတစ်ခွန်းက သူ့အား စိတ်လှုပ်ရှားသွားစေသည်။

"ငါ မင်းအတွက် နောက်ထပ် သီချင်းနည်းနည်းလောက်ရေးပေးနိုင်ပါတယ်"

"ဘာ?"

စာချုပ်ချုပ်ပြီးနောက်မှ ရောက်လာသည့် လီဖန်းသည် ထိုစကားကို ကြားသည့်အခါ အလွန်ဝမ်းသာသွား၏။

“ကောင်းတာပေါ့။ မစ္စတာကျန်းက တကယ်အရည်အချင်းရှိတဲ့ သူပဲ။ သူရေးပေးတဲ့ သီချင်းတွေက သေချာပေါက် ကောင်းမှာ။ ဒါဆို မစ္စတာကျန်းဆီက သတင်းကောင်းကို စောင့်နေရမှာပေါ့”

တကယ်တမ်းတွင် လီဖန်းမှာ အမှန်အတိုင်းပြောခဲ့ခြင်းမဟုတ်။ ဂန္တဝင်လက်ရာသီချင်းများမှာ ရှားပါးပြီး ရေးသားရန် ခက်ခဲပေ၏။ ထို့ကြောင့် နာမည်ကြီး တေးရေးဆရာများ၏ ဂန္တဝင်လက်ရာ သီချင်းများပင်လျှင် အမြဲတမ်းရေးသားနိုင်ခြင်းမရှိဘဲ အလွန်နည်းပါးလှသည်။

မည်သို့ပင်ဆိုစေကာမူ လီဖန်းသည် စကားအရာလိမ္မာစွာဖြင့် သိမ်သိမ်မွေ့မွေ့ ယဉ်ကျေးစွာ ပြောသင့်ပေ၏။ အားလုံးခြုံ၍ ပြောရလျှင် ဤ ‘Actor’ သီချင်းကို သူတို့ရှေ့မှောက်သို့ အမှန်တကယ် ပြသပေးနိုင်ခဲ့သည် မဟုတ်ပါလော။

သို့သော် ကျန်းဟန်သည်က နာရီကို တစ်ချက်ကြည့်လိုက်ပြီးနောက် ပေါ့ပေါ့ပါးပါးဖြင့်ပင် “ကဲ အခုပဲ ရေးလိုက်ကြရအောင်”

“ဘာ...? အခုလား...?”

“အင်းလေ”

ကျန်းဟန်ခေါင်းညိတ်ကာ မုန့်မုန့်အား ရင်ခွင်ထဲတွင် ပွေ့ချီပြီး “မုန့်မုန့် ဖေဖေတို့ အသံသွင်းစတူဒီယိုကို သွားကြမလား”

အကယ်၍ မုန့်မုန့်သာ ငြင်းလျှင် ကျန်းဟန်လည်း သွားမည်မဟုတ်သည်မှာ သံသယရှိစရာပင်မလို။ ကံအားလျော်စွာပင် မုန့်မုန့်မှာ မေးလိုက်သည်နှင့် ခေါင်းညိတ်၍ “အိုကေ အသံသွင်းစတူဒီရိုကို သွားကစားကြမယ်။ အမ်...ပြီးတော့ မုန့်မုန့်လည်း သီချင်းဆိုချင်တယ်”

“ကောင်းပြီ ဒါဆို အရင်ဆုံး မုန့်မုန့် သီချင်းဆိုရမှာပေါ့” ကျန်းဟန် ပြုံး၍ ပြောလိုက်၏။

စကားတစ်ပြောပြောနှင့်ပင် သူသည် မုန့်မုန့်အား ရင်ခါင်ထဲချီထားရင် ရှေ့မှ ဦးဆောင်ကာ အပြင်ထွက်ခဲ့သည်။

လီဖန်းနှင့် ရွှယ်ချမ်တို့လည်း သူ၏နောက်မှ လိုက်ကြရတော့သည်။ ကျောက်ဖုန်းသည် ခဏလောက်တွေးတောလိုက်ပြီး နေ့လည်စာစားရန်ရှိသေးသဖြင့် အဆင်ပြေနေသောကြောင့် သူတို့နှင့်အတူတူလိုက်သွားရန် ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ကျောက်ဖုန်းလည်း သူ၏ကားကိုမောင်းကာ နောက်ဆုံးမှ လိုက်သွားသည်။

တစ်ချိန်တည်းမှာပင် လမ်း၏တစ်ဖက်ခြမ်းတွင် အနက်ရောင် မာစီးဒီးကားတစ်စီးအတွင်း၌ လည်ပင်းတွင် ကင်းမြီးကောင်တတ်တူးထိုးထားသည့် ကတုံးဆံပင်ပေါက်နှင့်လူတစ်ဦးသည် ထိုမြင်ကွင်းကို ကြည့်ကာ မဲ့ပြုံးပြုံးရင်း "ကျောက်ဖုန်း...ကျောက်ဖုန်း.....မင်းနဲ့မတွေ့တာ

ရက်ပိုင်းပဲရှိသေးတယ်။ မင်းက စားသောက်ဆိုင်ပိုင်ရှင်အတွက် အလုပ်လုပ်ပေးတဲ့ အခြေအနေတောင် ရောက်နေပြီလား”

အေးစက်စက်လေသံဖြင့် ခနဲ့တဲ့တဲ့ ပြောလိုက်ခြင်းပင်။ ထို့နောက်တွင် သူလည်း ကားစက်နှိုးကာ မောင်းထွက်သွားခဲ့သည်။ ထိုအချိန်အတွင်း၌ လက်ကိုင်ဖုန်းကို ကိုင်ကာ ဖုန်းခေါ်ဆိုလိုက်၏။

“ဟဲလို သခင်ကြီးထန်။ ကျောက်ဖုန်းက စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးလုပ်နေတယ်ဆိုတဲ့ အရင်က သတင်းက အမှန်ပါပဲ။ ကျွန်တော့်အမြင်အရတော့ သူ့မှာသာ ပြဿနာတစ်ခုခုရှိမယ်ဆိုရင် အဲဒီစားသောက်ဆိုင်က…”

****

ရှယ်ချမ် အသံသွင်းစတူဒီယိုသို့ နောက်တစ်ခေါက်ထပ်ရောက်လာသဖြင့် ဝန်ထမ်းများမှာ မနေနိုင်ကြဘဲ ခါတ်ပုံတွဲရိုက်ရန် တောင်းဆိုကြသည်။

“ဖေဖေ မုန့်မုန့် သီချင်းဆိုချင်နေတုန်းပဲနော်”

အသံသွင်းစတူဒီယိုသို့ ဝင်လိုက်သည်နှင့် မုန့်မုန့်က သတိပေးလေ၏။

“ဒါပေါ့ မုန့်မုန့် အရင်ဆုံးသီချင်းဆိုနိုင်တယ်” ကျန်းဟန် ပုံးကာ “မုန့်မုန့်က ဘယ်လိုသီချင်းတွေ ဆိုနိုင်လဲ”

“အမ်.....”

မုန့်မုန့်မှာ တောက်ပသည့် မျက်လုံးကြီးများမှာ ခဏလောက် ကြောင်အသွားပြီး ချက်ချင်းပင် နှုတ်ခမ်းလေးများကို စူလိုက်၏။ ထို့နောက် လက်ဖဝါးလေးများကို ဆန့်ထုတ်ကာ ဘယ်လက်ဖြန့် လက်ချိုးကာ ရေတွက်ရင်း “အင်း....မုန့်မုန့်က တစ်၊ နှစ်၊ သုံး.....ဟင်း....အင်္ဂလိပ်သီချင်းတွေအများကြီး ဆိုနိုင်တယ်”

"အိုး မုန့်မုန့်က အင်္ဂလိပ်သီချင်းတွေ ဆိုနိုင်တာလား။ အံ့သြစရာပဲ"

လီဖန်းက အံ့သြသွားဟန်ပြုကာ ပြောလိုက်၏။

မုန့်မုန့်မှာ သူ၏စကားကို ကြားသည့်အခါ လီဖန်းကို ကြည့်လိုက်ပြီး လေးနက်စွာဖြင့် "သမီးက အများကြီးဆိုနိုင်တယ်"

"တော်လိုက်တာ။ မုန့်မုန့်က အရမ်းတော်တာပဲ" ကျောက်ဖုန်းက အပြုံးလေးဖြင့် ဝင်ပြောလေ၏။

"မုန့်မုန့် ဘယ်သီချင်း ဆိုချင်လဲ" ကျန်းဟန် မေးလိုက်သည်။

"သမီး Price Tag ဆိုမယ်" မင်းသမီးလေးသည် အလွန်ပီသသည့် အင်္ဂလိပ်လေသံဖြင့် ပြောလိုက်သည်။

“အိုး..မုန့်မုန့်ရဲ့ အင်္ဂလိပ်က အရမ်းကောင်းတာပဲ” လီဖန်းမှာ အနည်းငယ် အံ့သြသွားသည်။ မုန့်မုန့်မှာ အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

ငယ်စဉ်ကတည်းက အင်္ဂလိပ်လို ပြောနိုင်သည့် ကလေးများအားလုံးမှာ ပညာတတ်မျိုးရိုးများဖြစ်ကြသည်။ ဟောင်ကောင်တွင် အင်္ဂလိပ်စကားပြောသည့် ကလေးများ များပြားသော်လည်း သူမကဲ့သို့ ကျွင်းကျင်စွာ ပြောနိုင်သည့် ကလေးများမှာ တွေ့ရခဲသည်။

မုန့်မုန့်သည် မြောက်အမေရိကတွင် မွေးဖွားခဲ့သည်ကို သူသိခဲ့ပါက သူမ၏ ကျွမ်းကျင်မှုကို အံ့သြမိမည်မဟုတ်ပေ။

“အိုကေ အဲ့သီချင်းကို အရင်ဆိုတာပေါ့” ကျန်းဟန်သည် မုန့်မုန့်အား ချီကာ မိုက်ခရိုဖုန်းရှေ့တွင် ရပ်လိုက်ပြီး မုန့်မုန့်၏နားရွက်ဘေးနားတွင် နားကြပ်ကို ကိုင်ထားပေး၏။

ခဏအကြာတွင် နောက်ခံသံစဉ်အသံကို ကြားလိုက်ရသည်။

"Okay, handsome Daddy, brother and Meng Meng You ready."

(Tl note – Jessie J ရဲ့ Price Tag သီချင်းပါ။ စာသားကို အင်္ဂလိပ်လိုပဲ ထည့်လိုက်ပါတယ်။ ကိုယ်တွေလည်း ငယ်ငယ်က အရမ်းကြိုက်ခဲ့တဲ့ သီချင်းဆိုတော့ တော်တော်များများတော့ ရင်းနှီးပြီးသားဖြစ်မှာပါ။ မသိသေးရင်လည်း YouTube မှာ Price Tag လို့ ရှာပြီး နားထောင်လို့ရပါတယ်။)

မုန့်မုန့်သည် ထိုသီချင်းနှင့် အလွန် ရင်းနှီးနေသောကြောင့် မူရင်းစာသားကိုပင် ပြောင်းလဲကာ ဆိုခဲ့သည်။

မင်းသမီးလေးမှာ သီချင်းဆိုရန် အဆင်သင့်ဖြစ်နေချိန်၌ အလွန်ပင် ချစ်စရာကောင်းသည့် အမူအရာလေးများ လုပ်ပြ၏။ သူမလေး၏ မျက်လုံးကြီးများကို မှိတ်တုတ်မှိတ်တုတ်

လုပ်ပြကာ ခေါင်းလေးကိုလည်း စည်းချက်အတိုင်း လိုက်၍ လှုပ်ယမ်းနေသေးသည်။

“Seems like everybody’s got a price… ………

It’s not about the money, money, money

We Don’t need your money, money, money ……”

မုန့်မုန့်၏ ကလေးဆန်ပြီး ကြည်ပြတ်သားသည့် အသံက သူမလေး စတင်သီဆိုလိုက်သည့်အချိန်ကတည်းက လူတိုင်းအား ယစ်မူးသွားသေခဲ့သည်။ အထူးသဖြင့် သူမ၏ ကျွမ်းကျင်ပြီး ပီပြင်သည့် အင်္ဂလိပ်စကားက လီဖန်း၊ ရှယ်ချမ်နှင့် ကျောက်ဖုန်းတို့အား အံ့အားသင့်သွားစေခဲ့၏။

လီဖန်းပင် မုန့်မုန့်က Price Tag ၏ ကလေးဗားရှင်းကို လုံးဝပြေသခဲ့သည်ဟု တွေးမိခဲ့သည်။ သူမလေး၏ အသံမှာ

ကလေးဆန်နေသည်မှ လွဲ၍ သီချင်းကို ကီးလွဲချော်ခြင်း လုံးဝ မရှိခဲ့ချေ။

“မစ္စတာကျန်းက တကယ် တကယ်ကို တော်တာပဲ။ ဒီလိုအမျိုး ဂီတအပေါ် နားလည် ကျွမ်းကျင်ပြီး ထူးချွန်တဲ့ သမီးတစ်ယောက်ကို ပြုစုပျိုးထောင်နိုင်တယ်”

လီဖန်း၏စိတ်နှလုံးထဲတွင် လေးစားခြင်းများဖြင့် ပြည့်နေချေ၏။

မုန့်မုန့်သည် အင်္ဂလိပ်သီချင်းတစ်ပုဒ်လုံးကို အထစ်အငေါ့မရှိ သီဆိုသွားခဲ့သည်။

“ဖြောင်း ဖြောင်း ဖြောင်း....”

သီချင်းပြီးသွားသည့်အခါတွင်တော့ အပြင်ဘက်ရှိ အသံသွင်းနေသည့် ဝန်ထမ်းများသည်ပင် မနေနိုင်ဘဲ လက်ခုပ်တီးလိုက်မိကြသည်။

“ဝိုး...မုန့်မုန့်က အရမ်းအံ့ဩဖို့ကောင်းတာပဲ”

“မုန့်မုန့်ရဲ့ အင်္ဂလိပ်စကားက ဘယ်လောက်တောင် ကျွမ်းကျင်လိုက်သလဲ”

“…”

သူတို့၏ ချီးကျူးစကားများက မုန့်မုန့်အား ခေါင်းမော့ ရင်ကော့စေခဲ့သည်။ တစ်ချိန်တည်းမှာပင် သူမလေးသည် ပျော်ရွှင်စွာ ပြုံးလိုက်ပြီး “အမ်…မေမေ သမီးရဲ့ မေမေ ဆိုတာက ပိုကောင်းတယ်” ဟု မနေနိုင်ဘဲ ပြောလိုက်သေး၏။

စကားအနည်းငယ်က လူတိုင်းအား ရယ်မောသွားစေသည်။ ထို့နောက် မုန့်မုန့်မှာ နောက်ထပ်သီချင်းဆိုရန် စလိုက်ပြန်၏။

ယခုအချိန်တွင် အသံသွင်းစတူဒီယိုမှာ မုန့်မုန့်၏ ကစားစရာ အရုပ်ဖြစ်လာသည့်ပုံပင်။ သူမလေးသည် တစ်ပုဒ်ပြီး တစ်ပုဒ်ဆိုနေခဲ့ပြီး ကျန်းဟန်က မုန့်မုန့်အား

တစ်ချိန်လုံး ချီထားပေးသည်။ မုန့်မုန့်မှာ နာရီဝက်နီးပါး သီချင်းဆိုနေခဲ့လေ၏။

"မုန့်မုန့် ဟိုမှာ ခဏလောက်ထိုင်ပြီး နားလိုက်ဦးနော်။ ဖေဖေ သူတို့အတွက် သီချင်းရေးလိုက်ဦးမယ်" ကျန်းဟန်သည် မုန့်မုန့်၏နဖူးမှ ချွေးများကို တစ်ရှူးတစ်ရွက်ထုတ်ကာ သုတ်ရင်း ပြုံး၍ ပြောလိုက်သည်။

"အိုကေ..အိုကေ။ ဖေဖေ မြန်မြန်လုပ်နော်။ မုန့်မုန့် ဗိုက်ဆာတယ်"

"ကောင်းပြီ။ ဖေဖေ မြန်မြန်လုပ်လိုက်မယ်" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

လီဖန်းမှာ သူ၏စကားကို ကြားသည့်အခါ နှုတ်ခမ်းတွန့်သွားသည်။

သီချင်းတစ်ပုဒ်ရေးရတာက ဘယ်လိုတောင် လွယ်နေသလဲ။ ဂီတတွင် မည်မျှ ထူးချွန်ပါစေ ရေးချင်သည့်အချိန်တိုင်း ရေး၍ မရနိုင်ပေ။

ထို့ပြင် အလျင်စလိုဖြင့် ပြီးသွားပါကလည်း သီချင်းတစ်ပုဒ်ဖြစ်လာမည်မဟုတ်ချေ။ ၎င်းကို သရဲအော်သံ သို့မဟုတ် ဝံပုလွေအူသံဟု ခေါ်ရပေမည်။

ကျန်းဟန်မှာလည်း အဆင်သင့်ပြင်ဆင်ပြီးသည့်ပုံမရပေ။ သူသည် အဲ့သြစရာကောင်းလောက်အောင် ထူးချွန်သည်ဆိုလျှင်ပင် အချိန်တိုအတွင်း သီချင်းတစ်ပုဒ်ရေးရန် မဖြစ်နိုင်ပေ။

သို့ပေသိ ကျန်းဟန်မှာ ဤအချိန်တိုအတွင်း သီချင်းတစ်ပုဒ်ကို ရေးသားနိုင်ခဲ့ခြင်းမဟုတ်ခဲ့ပေ။

အကြောင်းမှာ သူသည် နှစ်ပုဒ် ရေးခဲ့ခြင်းပင်။

ထိုအချိန်အတွင်း လီဖန်း၏အမူအရာမှာ အမျိုးမျိုး ပြောင်းလဲနေခဲ့သည်။ ပထမတွင် သူလုံး၀ မယုံကြည်ခဲ့ပေ။

သို့သော် နာရီ၀က်အတွင်း ကျန်းဟန်မှာ အလွန်ကောင်းမွန်သည့် နောက်ခံတီးလုံးကို ဖန်တီးလိုက်ပြီးနောက်တွင်တော့ လီဖန်း၏ မျက်လုံးများမှာ ထိတ်လန့်အံ့သြမှုများဖြင့် ပြည့်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျန်းဟန်သည် နှစ်မိနစ်တည်းနှင့် သီချင်းစာသားများကို ရေးလိုက်သည်အား တွေ့လိုက်ရလေ၏။

လီဖန်း၏မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာသည်။

မကြာမီပင် ပထမသီချင်းကို ရှယ်ချမ် အစမ်းသီဆိုကြည့်လိုက်၏။ အစမ်းသီဆိုမှုကို နားထောင်လိုက်ရသည့်အခါ လီဖန်း၏ပါးစပ်မှာ ကြက်ဥတစ်လုံးငုံထားသည့်အလားပင်။ ပို၍

ချဲ့ကားပြောရလျှင် လူတိုင်း သူ၏အစာအိမ်အထိပင် မြင်ရလုနီးပါးပါး ဟပြဲနေချေသည်။

ရှယ်ချမ်၏ တင်ဆက်မှုမှာ သူ့ထက် များစွာပို၍ သာလွန်ပေသည်။ အကြောင်းမှာ သူသည် သီချင်းထဲသို့ လုံးဝ နစ်မြှုပ်ခံစားနေပြီး ရုန်းမထွက် နိုင်လောက်အောင်ပင်။

ပထမသီချင်း ပြီးသွားသည့်အခါ ကျန်းဟန်မှာ ဒုတိယသီချင်း၏ နောက်ခံတီးတုံးကို စတင်ထုတ်လုပ်၏။ ရှယ်ချမ်ကတော့ သီချင်းကို အကြိမ်ပေါင်းများစွာ ဆိုနေလေသည်။

ဒုတိယ သီချင်း၏ နောက်ခံဂီတမှာလည်း မကြာမီပင် ထွက်ရှိလာပြီး ၎င်း၏ သီချင်းစာသားကိုလည်း နှစ်မိနစ်မပြည့်မီပင် ပြီးဆုံးသွားခဲ့သည်။

ဒုတိယ သီချင်း၏အဆုံးတွင်တော့ လီဖန်းမှာ လုံးဝ ကြက်သေသေသွားခဲ့လေ၏။

သူ၏မျက်လုံးများမှာ ကျွတ်ထွက်တော့မတတ်ဖြစ်နေကာ ခန္ဓာကိုယ်မှာလည်း အဘိုးအိုတစ်ယောက်ကဲ့သို့ တုန်ယင်နေပြီး ကျန်းဟန်အား လက်ညှိုးထိုးနေလေသည်။ သူ၏နှုတ်ခမ်းများက တုန်ရီနေပြီး တစ်စုံတစ်ရာ ပြောချင်နေသော်လည်း သူ၏လျှာမှာ အလုပ်မလုပ်တော့သည်ကို တွေ့လိုက်ရလေ၏။

ထို့ကြောင့် မျက်နှာမှာ နီရဲနေပြီး စကားပြောရန် ကြိုးစားနေသည်။ နောက်ဆုံးတွင်တော့ သူ၏အော်သံမှာ ထွက်ပေါ်လာလေသည်။

“ဘယ်လောက်တောင်မှ မြန်နေတာလဲ”

“မဖြစ်နိုင်ဘူး”

“ဒါက လုံး၀ ယုတ္တိမရှိဘူး”

“အမ်”

အနားတွင် ကစားနေသည့် မုန့်မုန့်မှာ လီဖန်းအား ထူးဆန်းစွာ

ကြည့်လိုက်၏။ သူမလေးသည် အနည်းငယ် ကြောက်ရွံ့သွားပြီး အသံတိုးတိုးဖြင့် “ဘာ…ဘာဖြစ်တာလဲဟင်…အဲ့ဒီအစ်ကိုက ဘာဖြစ်သွားတာလဲ”

“သူ သွေးလန့်သွားတာပါ” ကျောက်ဖုန်းက မုန့်မုန့်၏ကျောပြင်အား ညင်သာစွာ ပုတ်ပေးရင်း ပြောလိုက်သည်။

“သွေးလန့်သွားတာလား” မုန့်မုန့်၏ ကြည့်လင်သည့် မျက်လုံးကြီးများမှာ စူးစမ်းလိုစိတ်များဖြင့် ပြည့်နေပြီး “အမ်? သွေးလန့်တာက ဘာကိုပြောတာလဲဟင်”

“အာ…အဲ့ဒါက…သူ့လိုမျိုးဖြစ်သွားတာလေ။ ဟုတ်တယ်။ သူ့လိုမျိုး ရူးကြောင်ကြောင်ဖြစ်သွားတာကို သွေးလန့်တယ်လို့ပြောတာ”

ကျောက်ဖုန်းသည် နောက်တစ်ကြိမ် ကြောင်အ နေသည့် လီဖန်းအား တစ်ချက်ကြည့်ကာ ပြန်ဖြေလိုက်သည်။

-အပိုင်း(၁၁၂) ပြီး